ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ စနေနေ့၊ (10-10-2015) (၈၃၄၉)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေသုံးသိန်းကျော်နေထိုင်နိုင်သည့် မြို့ပြနေရာသစ်တစ်ခု ပေါ်ပေါက်လာတော့မည်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဝေး-ရတနာအိမ်ရာစီမံကိန်းနှင့် သီလဝါအထူးစီးပွားရေးဇုန်တို့အား ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရေဝေး-ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်းရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြို့တော်ဝန် ဦးလှမြင့်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က စီမံကိန်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က စီမံကိန်းဧရိယာအတွင်း သန့်ရှင်းသည့် သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြို့ပြဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်သစ်များပေါ်ပေါက်လာပြီး လူဦးရေလည်း တိုးပွားလာပါကြောင်း၊ မြေဧရိယာထပ်မံတိုးချဲ့ရန် အခက်အခဲရှိလာသဖြင့် နိုင်ငံတကာကဲ့သို့ အထပ်မြင့် အိမ်ရာအဆောက်အအုံများ ဆောက်လုပ်ရန် စဉ်းစားလာရကြောင်း၊ ယနေ့ ရန်ကုန်မြို့၏ လူဦးရေသည် ခုနစ်သန်းကျော် ရှစ်သန်းနီးပါးရှိလာပြီဖြစ်ရာ လူထု၏စားဝတ်နေရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် နေရာထိုင်ခင်းအတွက် အထပ်မြင့်အိမ်ရာစီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ရန် လိုအပ်လာကြောင်း၊ အဆောက်အအုံများ အချိန်မီ ဆောက်လုပ်ပြီးစီးရေးနှင့်အတူ လျှပ်စစ်မီးနှင့် သောက်သုံးရေစနစ်များ တစ်ပါတည်းပြီးစီးရန်မှာ အလွန်အရေးကြီးပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့✱



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဝေး-ရတနာ တန်ဖိုးသင့်အိမ်ရာ စီမံကိန်းအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ရေဝေး-ရတနာ တန်ဖိုးသင့်အိမ်ရာ စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

> "ဒီမိုကရေစီအစိုးရတာဝန်ယူစဉ် အိမ်ရာကဏ္ဍ၌ နှစ်(၂၀) နှစ်ရှည်ဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ အိမ်ရာယူနစ်တစ်သန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့တော်များနှင့် ဖွံ့ဖြိုးမှုအလားအလာရှိသည့်မြို့ကြီး ၈၁ မြို့၌ တည်ဆောက်ရန် ရည်မှန်းထား"

ရာပြည့်® ကြက်လည်ဆံလက်ဖက်ခြောက် အပန်ရည်
yarpyaenine@gmail.com
Super One

**ကြေးမုံစာတည်းရှုထောင့်** **၁၀-၁၀-၂၀၁၅၊ စနေနေ့**

# မုတ်သုံအထွက်သတိပြုလျက်

အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံမှ ထွက်ခွာသွားပြီဖြစ်သည်။ သာမန်အားဖြင့် မုတ်သုံလေထွက်ခွာပြီဆိုလျှင် မိုးနည်းပါးသွားပြီဟု ဆိုနိုင်သည်။ မြန်မာတို့၏ဓလေ့ထုံးစံအရ ယခုကာလမှာ မိုးလေကင်းလွတ်သည့် သီတင်းကျွတ်လဖြစ်၍ အလှူအတန်းနှင့် ပွဲလမ်းသဘင်များ ကျင်းပကြပြီး သာယာသောကာလဖြစ်သည်။ သို့သော်လည်း မျက်မှောက်ကာလအခြေအနေများမှာ ရာသီဥတုပြောင်းလဲသဖြင့် ပုံမှန်သဘာဝဖြစ်စဉ်များ ပျက်ယွင်းသွားသည်။

မိုးလေဝသထုတ်ပြန်ချက်အရ အနောက်တောင်မုတ်သုံလေသည် အောက်တိုဘာလ ၁ ရက်မှစတင်၍ မြန်မာနိုင်ငံမှထွက်ခွာပြီးနောက် မိုးလွန်ကာလသီတင်းကျွတ်တစ်လလုံးမှာ သတိပြုရမည့် မိုးတိမ်တောင်အန္တရာယ်ရှိနေသေးသည်ဟု ဆိုထားသည်။ ထို့အပြင် ယခုရက်ပိုင်းတွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ် အားယူတည်ရှိနေသည်ကို တွေ့ရပြန်သည်။

ထို့ကြောင့် မိုးတိမ်တောင်အန္တရာယ်နှင့် လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းအန္တရာယ်တို့ကို ပြည်သူပြည်သားများအနေဖြင့် သတိပြုကြရတော့မည်ဖြစ်သည်။ အဆိုပါအန္တရာယ်များမှာ မိုးကြိုကာလနှင့် မိုးလွန်ကာလတွင် သတိထားရမည့် ရာသီဥတုဖြစ်စဉ်များဟု ဆိုရမည်ဖြစ်သည်။ ရာသီဥတုပုံမှန်ကာလများတွင် မဆိုသာသော်လည်း အပြောင်းအလဲဖြစ်နေသော ယနေ့ကာလတွင် ပိုမိုသတိထားရတော့မည်ဖြစ်သည်။

လေထုမငြိမ်မသက်မှု ဖြစ်စဉ်များကြောင့် မိုးကြိုးပစ်ခြင်း၊ လေပြင်းကျခြင်း၊ အပျက်အစီးများသည့် စိုက်ဆင်းလေပြင်းအန္တရာယ်များအား သတိထားရမည်ဖြစ်သည်။ မြန်မာနိုင်ငံဒေသအနှံ့ နေရာကွက်၍သော်လည်းကောင်း၊ နေရာအနှံ့သော်လည်းကောင်း မိုးကောင်းနိုင်သေးသည်။ လေပြင်းတိုက်ခတ်မှုများနှင့်အတူ မိုးကြိုးပစ်ခြင်းများလည်းဖြစ်ပေါ်နိုင်သလို အမှန်တကယ်လည်း ဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။

မိုးကြိုကာလက မိုးကြိုးပစ်ခံရမှုကြောင့် ဒေသအနှံ့တွင် လူ ၄၀ ခန့် သေဆုံးခဲ့သည်ဟု သက်ဆိုင်ရာမှ သိရှိရသည်။ ယခုမိုးလွန်ကာလတွင်လည်း ဖြစ်ပေါ်နေဆဲဖြစ်သည်။ ယခုနှစ် သဘာဝဘေးအန္တရာယ်သည် ယခင်နှင့်မတူဘဲ မသိမသာထိခိုက်မှုရှိရာမှ သိသိသာသာထိခိုက်မှုရှိလာသည်။ ရေဘေးအန္တရာယ်ကြောင့် သေဆုံးခဲ့ရသည့်လူဦးရေနှင့်ပေါင်းလျှင် လူတစ်ရာကျော် ထိခိုက်နစ်နာဆုံးရှုံးခဲ့ရပြီဖြစ်သည်။

ယခုလေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းငယ်အရှိန်တို့ကြောင့် မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်ဖြစ်ရာ ရေပြင်နှင့်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်ဟု သတိပေးထားသည်။ ထို့ကြောင့် ထိုဒေသများ၏ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြရန် အကြံပြုထားသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်း သို့မဟုတ် မုန်တိုင်းအရှိန်ကြောင့် စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် ကချင်၊ ရှမ်း၊ ချင်းနှင့် ရခိုင်ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်ဟု သတိပေးထားသည်။ လက်ရှိတွင် မြန်မာနိုင်ငံအနှံ့အပြား၌ မိုးသက်လေပြင်းများ အားယူပြင်ဆင်နေသကဲ့သို့ အချို့ဒေသများတွင်လည်း မိုးသည်းထန်စွာရွာသွန်းနေသည်ကို တွေ့ရသည်။

ထို့ကြောင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသောပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို သတိထားကြရမည်ဖြစ်သည်။ မြစ်ချောင်းများအနီးတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့်လည်း မြစ်ရေ၊ ချောင်းရေ ရုတ်တရက်မြင့်တက်လာနိုင်ပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုဆင်ခြင်မှုဖြင့်နေထိုင်ကြရန် အကြံပြုထားသည်။

သို့ဖြစ်ရာ မိုးလွန်ကာလ မိုးနှောင်းပိုင်း၌ မြန်မာနိုင်ငံအနှံ့မှ တိုင်းရင်းသားမိဘပြည်သူများအနေဖြင့် သီတင်းကျွတ်ကာလဟူ၍ ပုံမှန်ပေါ့ပေါ့တန်တန်မနေသင့်ဘဲ အစိုးမရသည့် သဘာဝဘေးအန္တရာယ်ကို သတိပေးထုတ်ပြန်ချက်များနှင့်အညီ ဂရုပြုနေထိုင်မှုပြုကြပါရန် တိုက်တွန်းအသိပေးအပ်ပါသည်။ ။

# ခါကာဘိုရာဇီတောင်ခြေ ဗုဒ္ဓဘာသာဝင် တိဘက်ကျေးရွာများတွင် ရွှေတိဂုံပုံတူ ရွှေရောင်စေတီးစေတီသုံးဆူတည်မည်



တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ပန်နန်းဒင်မြို့နယ်ခွဲရှိ ခါကာဘိုရာဇီတောင်ခြေ ဗုဒ္ဓဘာသာဝင် တိဘက်ကျေးရွာများဖြစ်သည့် တအွန်ဒမ်း၊ ဂူဘား၊ မဒိန်းရွား သုံးရွာတွင် ရွှေတိဂုံပုံတူ ရွှေရောင်စေတီးစေတီသုံးဆူ တည်ထားမည်ဟု သိရသည်။

ထို့ကြောင့် ပုံတူစေတီတော်သုံးဆူအပြင် စေတီတော်တွင် ဂန္ဓကုဋီတိုက်များတွင် သီတင်းသုံးမည့် ကြေးဆင်းတုတော်များ၊ ဌာပနာပစ္စည်းများနှင့် တိဘက်ဗုဒ္ဓဘာသာဝင် အိမ်များအတွက် လှူဒါန်းမည့် ဗုဒ္ဓရုပ်ပွားတော်များကို အောက်တိုဘာ ၁၁ ရက် နံနက် ၆ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင်သို့ ပင့်ဆောင်၍ ရင်ငွေ့လှုံပူဇော်မည်ဖြစ်ကြောင်း တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။

ယင်းနေ့တွင် စည်တော်အဖွဲ့၊ ပတ်အဖွဲ့ စသည့် အခမ်းအနား အစီအစဉ်များဖြင့် ရွှေတိဂုံစေတီတော်ကြီးကို လက်ျာရစ်သုံးပတ်လှည့်၍ ပူဇော်ပြီး အနောက်မြောက်ဘက် အောင်မြေတွင် စေတီတော်သုံးဆူကိုလည်းကောင်း၊ ချမ်းသာကြီးတန်ဆောင်းအနီးရှိ အောင်မြေတွင် ရုပ်ပွားတော်မြတ်များအား လည်းကောင်း ခုနစ်ရက်တာ ကိန်းဝပ်၍ ရင်ငွေ့တော်လှုံမည့်အပြင် ရင်ငွေ့တော်လှုံစဉ်ရက်အတွင်း ညစဉ် ၆ နာရီ ၄၅ မိနစ်ခန့်တွင် ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော် တရားများကို ဝတ်အဖွဲ့မှ ရွတ်ဖတ်ပူဇော်မည်ဖြစ်သည်။

အဆိုပါ စေတီတော်သုံးဆူနှင့် ရုပ်ပွားဆင်းတုတော်များကို ပွင့်လင်းရာသီတွင် ပူတာအိုသို့ ပင့်ဆောင်ကာ ပူတာအိုမှ တစ်ဆင့် မိုင် ၁၇၀ခန့် ကွာဝေးသည့် မြန်မာနိုင်ငံသား တိဘက်ကျေးရွာများသို့ တောတောင်အထပ်ထပ် မြစ်ချောင်းအသွယ်သွယ်ကျော်ဖြတ်ကာ ခရီးကြမ်းနှင်လျက် ဒေသခံပြည်သူများနှင့် တောင်တက်အသင်းဝင်များက ပင့်ဆောင်ပူဇော်တည်ထားကြမည်ဖြစ်ကြောင်း သိရသည်။ **(ခင်ဇာလီ)**

# ကျေးလက်မီးလင်းရေးလုပ်ငန်းများစစ်ဆေး

**မော်လမြိုင် အောက်တိုဘာ ၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မော်လမြိုင်မြို့နယ် ကော့စိန်ကျေးရွာ၊ ကော့ပေါက်ကျေးရွာနှင့် ကော့တွန်ကျေးရွာများတွင် ဆိုလာမီးတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို အောက်တိုဘာ ၅ ရက်က မော်လမြိုင်မြို့နယ် ကျေးလက်ဦးစီးမှ မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်နှင့် အင်ဂျင်နီယာများက ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာကော်မတီများနှင့်တွေ့ဆုံကာ ဆိုလာမီးများစနစ်တကျသုံးစွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်ကျေးလက်)**


# မြစိမ်းရောင်ကျေးရွာကိုးရွာသို့ လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေကျပ် သိန်း ၂၇၀၀ ထုတ်ချေး

**ဒီပဲယင်း အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာ ကိုးရွာသို့ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်းသုံးရာနှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၂၇၀၀ ကို အောက်တိုဘာ ပထမပတ်က လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေချေးယူမည့်သူများအား မြစိမ်းရောင်ရန်ပုံငွေများကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်ရန်ပုံငွေများကို စက်တင်ဘာ ၂၄ ရက်မှ စတင်၍ ကျေးရွာများသို့ သွားရောက်ပြီး ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးကျော်မျိုးလွင်က ပြောသည်။

**ခင်ဦးစိုးဝေ**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၉**

| | | | | |
|---|---|---|---|---|
| **ရန်ကုန်** | **ရွှေဈေး** | **၇၈၁၀၀၀** | **-** | **၇၈၁၀၀၀** |
| **မန္တလေး** | **ရွှေဈေး** | **၇၈၁၀၀၀** | **-** | **၇၈၁၀၀၀** |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၂. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၂. ၅၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၉၇၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၀. ၃၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၈၁၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၇၃. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁. ၆၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၄. ၄၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၇. ၉၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(မိုးမွှား)
အထူးသတင်းထောက် - ဆုနှင်းလှိုင်၊ သီရိ

## ပြည်တွင်းရေးရာ

*** ရှေ့ဖုံးမှ**

ယခုအိမ်ရာစီမံကိန်းအတွက် လျှပ်စစ်မီးရရှိရေး အဆင်ပြေစွာဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ သန့်ရှင်းသော သောက်သုံးရေရရှိရေးကိုလည်း ကြံဆဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေစနစ်နှင့်ပတ်သက်ပြီး မြေအောက်ရေတူးဖော်ရရှိနိုင်ခြင်း၊ ရေအရင်းအမြစ်တစ်နေရာမှ ပိုက်သွယ်တန်းရယူနိုင်ခြင်းနှင့် စီမံကိန်းဧရိယာအနီးရှိ ပဲခူးမြစ်ကဲ့သို့သော ရေအရင်းအမြစ်မှ ရေရရှိနိုင်ရေးနည်းလမ်းများကိုလည်း စဉ်းစားသင့်ပါကြောင်း၊ ယင်းအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပညာရှင်များထံမှ နည်းပညာနှင့် အကြံဉာဏ်များ ရယူဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယခု အထပ်မြင့်အိမ်ရာစီမံကိန်းများ ပြီးစီးခဲ့ပါက ယခင် ယုဇနအိမ်ရာအပါအဝင် ဆက်စပ်စီမံကိန်းများပေါင်းစပ်ပြီး လူဦးရေ သုံးသိန်းကျော် နေထိုင်နိုင်သော မြို့ပြနေရာတစ်ခုဖြစ်ပေါ်လာမည်ဖြစ်ရာ မြို့ပြတစ်ခု၏ အင်္ဂါရပ်နှင့်ညီညွတ်သည့် အခြေခံအဆောက်အအုံများ ပြည့်စုံစွာ ပါဝင်လျှာထားဆောက်လုပ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခုစီမံကိန်းသည် Bored Pile နှင့် Precast အစရှိသော ဆောက်လုပ်ရေးနည်းစနစ်များအရ တန်ဖိုးသင့်အိမ်ရာများ ဖြစ်လာမည်ဖြစ်သော်လည်း အတတ်နိုင်ဆုံး ပြည်သူလူထုသက်သာမှုရှိအောင် တွက်ချက်ဆောင်ရွက်ပေးစေလိုကြောင်း။

အစိုးရက ဖော်ဆောင်နေသည့် ယခု အထပ်မြင့်အိမ်ရာစီမံကိန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည့် ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အမြတ်အစွန်းထက် ပြည်သူလူထုအတွက် စေတနာထားဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း လမ်းညွှန်မှာကြားသည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီလဝါအထူးစီးပွားရေးဇုန်ရှိ ကိုယိုရပ်ဒ်မြန်မာကော်ပိုရေးရှင်း၏ မော်တော်ကားရေတိုင်ကီအမျိုးမျိုး ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဧရာဝဏ်-ရတနာ အထပ်မြင့် အိမ်ရာအခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းဧရိယာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစီမံကိန်းကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ၂၀၁၃ ခုနှစ် ဧပြီ ၁၀ ရက်က မြေဧက ၂၂၀ ၌ စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဧရာဝဏ်-ရတနာ တန်ဖိုးသင့်အိမ်ရာစီမံကိန်း၌ ၂၄ ခန်းတွဲ ၁၈ ထပ်အဆောက်အအုံ ၄၉ လုံးပါဝင်ပြီး အခန်းပေါင်း ၁၆၆၉၆ ခန်းပါရှိသည်။ မြို့ပြစီမံချက်နှင့် ညီညွတ်ပြီး လူဦးရေ ရှစ်သောင်းကျော်ခန့် နေထိုင်နိုင်မည်ဖြစ်ကာ ယင်းစီမံကိန်းနှင့် အနီးပတ်ဝန်းကျင်ရှိ ယုဇနဥယျာဉ်မြို့တော်အပါအဝင် ဆက်စပ်စီမံကိန်းများ အားလုံးပြီးစီးပါက လူဦးရေ သုံးသိန်းကျော်၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။

ဒီမိုကရေစီအစိုးရတာဝန်ယူစဉ် အိမ်ရာကဏ္ဍ၌ နှစ် (၂၀) နှစ်ရှည်ဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ အိမ်ရာယူနစ် တစ်သန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့တော်များနှင့် ဖွံ့ဖြိုးမှုအလားအလာရှိသည့် မြို့ကြီး ၈၁ မြို့၌ တည်ဆောက်ရန်ရည်မှန်းထားသည်။

၂၀၁၁ မှ ၂၀၁၅ ခုနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဝန်ထမ်းအိမ်ရာ ၂၅၉၆ ခန်း၊ တန်ဖိုးနည်းအိမ်ရာ ၂၀၂၉၈ ခန်း၊ တန်ဖိုးသင့်အိမ်ရာ ၇၁၃၆ ခန်းနှင့် အကျိုးတူအိမ်ရာ ၆၀၂၉ ခန်းတို့ကို တည်ဆောက်ပေးခဲ့သည်။

၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် ပြည်သူ့အငှားအိမ်ရာ ၅၁၅၆ ခန်း၊ ဝန်ထမ်းအိမ်ရာ အခန်း ၁၈၃၀၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❑



**ဧရာဝဏ်-ရတနာ တန်ဖိုးသင့်အိမ်ရာစီမံကိန်း တည်ဆောက်နေမှုကို တွေ့ရစဉ်။** (သတင်းစဉ်)

၂၀၁၁ မှ ၂၀၁၅ ခုနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဝန်ထမ်းအိမ်ရာ ၂၅၉၆ ခန်း၊ တန်ဖိုးနည်းအိမ်ရာ ၂၀၂၉၈ ခန်း၊ တန်ဖိုးသင့်အိမ်ရာ ၇၁၃၆ ခန်းနှင့် အကျိုးတူအိမ်ရာ ၆၀၂၉ ခန်းတို့ကို တည်ဆောက်ပေးခဲ့။



**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ဆောက်လုပ်လျက်ရှိသော ၂၄ ခန်းတွဲ ၁၈ ထပ် အဆောက်အအုံ ၄၉ လုံးပါဝင်ပြီး အခန်းပေါင်း ၁၆၆၉၆ ခန်းပါရှိသည့် ဧရာဝဏ်-ရတနာ တန်ဖိုးသင့် အိမ်ရာစီမံကိန်းပုံအား တွေ့ရစဉ်။** (သတင်းစဉ်)

# ၂၀၁၅ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု တူနီးရှားအမျိုးသားဒီမိုကရေစီစွမ်းဆောင်ရှင်အဖွဲ့ အားချီးမြှင့်



**အော်စလို အောက်တိုဘာ ၉**

၂၀၁၅ ခုနှစ် ငြိမ်းချမ်းရေး နိုဘယ်လ်ဆုကို တူနီးရှား အမျိုးသားဒီမိုကရေစီစွမ်းဆောင်ရှင်အဖွဲ့အား အောက်တိုဘာ ၉ ရက်က နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းများအရ သိရသည်။

အာရပ်နွေဦးလှုပ်ရှားမှုများပြီးသည့်နောက်ပိုင်း ယင်းအဖွဲ့က တူနီးရှားနိုင်ငံတွင် ဒီမိုကရေစီစံနှုန်းများ မြင့်မားလာစေရန် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၅ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ တူနီးရှားနိုင်ငံတွင် ၂၀၁၁ ခုနှစ်က အာရပ်နွေဦးတော်လှန်ရေးစတင်ခဲ့သည်။ ပြည်သူထောင်ပေါင်းများစွာပါဝင်သည့် ဆန္ဒထုတ်ဖော်တောင်းဆိုမှုများကြောင့် တူနီးရှားနိုင်ငံ၏ သက်တမ်းကြာရှည်သော အစိုးရအဖွဲ့ ရာထူးမှ ဆင်းပေးခဲ့ရသည်။ ယင်းနောက် နိုင်ငံ၏ အခြေအနေသည် ဝရုန်းသုန်းကားအခြေအနေသို့ ဆိုက်ရောက်ခဲ့ပြီး အတိုက်အခံခေါင်းဆောင်များ လုပ်ကြံသတ်ဖြတ်ခံရမှုများ ရှိလာခဲ့သည်။

၂၀၁၃ ခုနှစ်တွင် တူနီးရှား အမျိုးသားဒီမိုကရေစီစွမ်းဆောင်ရှင်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည့်အချိန်မှစပြီး ယင်းအဖွဲ့က နိုင်ငံအတွင်းရှိ အစ္စလာမ္မစ်ခေါင်းဆောင်များနှင့် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များ၏ ထိပ်တိုက်ရင်ဆိုင်ခြင်းမှ စတင်လာသည့် နိုင်ငံရေးအဓိကရုဏ်းများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သည်။

ထို့ပြင် အဆိုပါအဖွဲ့က အာဏာရပါတီနှင့် အတိုက်အခံပါတီများအကြား ဆွေးနွေးမှုများကိုလည်း ကြားနေဖျန်ဖြေပေးသူအဖြစ်ထမ်းရွက်ခဲ့သည်။ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးခဲ့ခြင်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲခြင်းကဲ့သို့သော နိုင်ငံအတွက် အရေးပါသည့် လမ်းပြမှုများကို ချမှတ်ပေးခဲ့သည်။

အရှေ့အလယ်ပိုင်း၊ မြောက်အာဖရိကအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးအတွက် စွမ်းစွမ်းတမံစွမ်းဆောင်ကြသူများကို အားပေးမှုတစ်ခုအဖြစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ချီးမြှင့်ခြင်းဖြစ်ကြောင်း နိုဘယ်လ်ဆုချီးမြှင့်ရေးကော်မတီက ဆိုသည်။

အဆိုပါ တူနီးရှားအမျိုးသား ဒီမိုကရေစီစွမ်းဆောင်ရှင်များအဖွဲ့တွင် တူနီးရှားအထွေထွေ အလုပ်သမားသမဂ္ဂ၊ တူနီးရှားစက်မှု၊ကုန်သွယ်ရေးနှင့် လက်မှုပညာအဖွဲ့ချုပ်၊ တူနီးရှားလူ့အခွင့်အရေးအဖွဲ့နှင့် တူနီးရှားရှေ့နေများအဖွဲ့တို့ ပါဝင်ဖွဲ့စည်းထားသည်။ **အင်န်အိတ်ချ်ကေ။**



# အင်ဒိုနီးရှားတောမီးငြှိမ်းသတ်နိုင်ရေး နိုင်ငံပေါင်း ခြောက်နိုင်ငံက ကူညီရန်ကမ်းလှမ်း

**ဂျကာတာ အောက်တိုဘာ ၉**

အင်ဒိုနီးရှားနိုင်ငံ၌ တောမီးလောင်ကျွမ်းနေမှုကို ငြှိမ်းသတ်နိုင်ရေးအတွက် အကူအညီများပေးရန် စင်ကာပူ၊ မလေးရှား၊ တောင်ကိုရီးယား၊ တရုတ်၊ ဩစတြေးလျနှင့် ရုရှားနိုင်ငံတို့အပါအဝင် နိုင်ငံ ခြောက်နိုင်ငံက ကမ်းလှမ်းထားကြောင်း အင်ဒိုနီးရှားသတင်းဌာနများက အောက်တိုဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံ၌ တောမီးလောင်မှုကြောင့် အရှေ့တောင်အာရှဒေသအချို့တွင် မီးခိုးမြူများ လွှမ်းခြုံလျက်ရှိသည်။

တောမီးလောင်ကျွမ်းမှုကို ငြှိမ်းသတ်နိုင်ရေးအတွက် စုစုပေါင်း နိုင်ငံခြောက်နိုင်ငံက ကမ်းလှမ်းထားကြောင်း သမ္မတ ဂျိုကို ဝီဒိုဒိုက ဆုမားတြားကျွန်းရှိ ရီအောမြို့သို့ ရောက်ရှိစဉ် သတင်းထောက်များအား ပြောကြားသည်။

စင်ကာပူနိုင်ငံသည် မီးငြှိမ်းသတ်ရာတွင် အသုံးပြုနိုင်မည့် ရဟတ်ယာဉ်တစ်စင်းကို အောက်တိုဘာ ၉ ရက်တွင် စေလွှတ်ပေးရန် စီစဉ်ထားသည်။ ၎င်းအပြင် စင်ကာပူ အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၄၂ ဦး လိုက်ပါလာမည့် လေယာဉ်တစ်စင်းမှာလည်း ဆိုက်ရောက်လာမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားသည်။

မီးခိုးမြူပြဿနာကို ဒေသတွင်းရှိ နိုင်ငံများ တွေ့ကြုံခံစားနေရခြင်းနှင့်ပတ်သက်၍ ဆုမားတြားတောင်ပိုင်းဒေသ အုပ်ချုပ်ရေးမှူး အဲလက်နိုယာဒင်က တောင်းပန်လိုက်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ပီတီအိုင်။**

# ကိုရီးယားအလုပ်သမားများပါတီ ထူထောင်မှု နှစ်(၇၀)ပြည့် အခါသမယတွင် တရုတ်သဝဏ်လွှာပေးပို့

**ပေကျင်း အောက်တိုဘာ ၉**

မြောက်ကိုရီးယားနိုင်ငံ၏ ကိုရီးယားအလုပ်သမားများပါတီ(ဒဗလျူပီကေ) ထူထောင်မှု နှစ်(၇၀)ပြည့်နှစ်ပတ်လည်အခါသမယတွင် တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်က ဒဗလျူပီကေပါတီ၏ အတွင်းရေးမှူးချုပ် ကင်ဂျုံအန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။



ကွယ်လွန်သူ မြောက်ကိုရီးယားခေါင်းဆောင်ကင်အီဆွန်းနှင့် ကွယ်လွန်သူ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအီတို့၏ဦးဆောင်မှုဖြင့် ပြည်သူများလွတ်လပ်မှုကို ရရှိလာခဲ့ကြကြောင်း၊ မြောက်ကိုရီးယားနိုင်ငံတော်အဖြစ် ထူထောင်ခြင်းနှင့် ဆိုရှယ်လစ်တော်လှန်ရေးတည်းဟူသော အမျိုးသားရေးအတွက် ပေါက်မြောက်အောင်မြင်အောင် ကြိုးပမ်းစွမ်းဆောင်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း တရုတ်ကွန်မြူနစ်ပါတီအကြီးအကဲ၏ ဝမ်းမြောက်ကြောင်းသဝဏ်လွှာတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်လာစေရန်လည်းကောင်း၊ ပြည်သူများ၏လူနေမှုဘဝမြင့်မားလာစေရန်လည်းကောင်း မြောက်ကိုရီးယားခေါင်းဆောင်အဆက်ဆက်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဆက်လက် သယ်ပိုးစွမ်းဆောင်နိုင်မည်ဟု ဆန္ဒပြုကြောင်း အဆိုပါသဝဏ်လွှာတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# လစ်ဗျား၌ အမျိုးသားညီညွတ်ရေးအစိုးရဖွဲ့ရေး ကုလသမဂ္ဂက အဆိုပြု

**ဆဟီရတ်(မော်ရိုကို) အောက်တိုဘာ ၉**

လစ်ဗျားနိုင်ငံ၌ ပြည်တွင်းစစ်အဆုံးသတ်စေရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့တစ်ဖွဲ့ထူထောင်ရန် ကုလသမဂ္ဂက အဆိုပြုလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီ ဖြုတ်ချခံခဲ့ရပြီးနောက် လေးနှစ်အကြာတွင် ဂိုဏ်းဂဏတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ လစ်ဗျားနိုင်ငံ၏ အသိအမှတ်ပြုခံရသော အစိုးရအဖွဲ့နှင့် ရွေးချယ်ခံထားရသော ပါလီမန်အကြား ပဋိပက္ခဖြစ်ပွားနေပြီး မြို့တော်ထရီပိုလီ၌ စင်ပြိုင်အစိုးရတစ်ရပ်လည်း ပေါ်ထွန်းလာခဲ့သည်။

အဓိကပြိုင်ဘက်အုပ်စုနှစ်ခုအကြား ဆွေးနွေးမှုများ သောင်မတင်ရေမကျ ဖြစ်နေချိန်တွင် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရန် ကုလသမဂ္ဂက အဆိုပြုခြင်းဖြစ်သည်။ **ရိုက်တာ။**



# ၂၀၂၀ ပြည့်နှစ်မတိုင်မီ လျှပ်စစ်ကားစီးရေငါးသန်းအတွက် အားဖြည့်ရန် ဓာတ်အားသွင်းစခန်းများ တရုတ်နိုင်ငံတည်ဆောက်မည်

**ပေကျင်း အောက်တိုဘာ ၉**

တရုတ်နိုင်ငံက ၂၀၂၀ ပြည့်နှစ်မတိုင်မီ လျှပ်စစ်ကားစီးရေငါးသန်း၏ ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် နိုင်ငံတစ်ဝန်း ဓာတ်အားသွင်းကိရိယာစခန်းကွန်ရက်တစ်ခု တည်ဆောက်မည့်အစီအစဉ်များကို အောက်တိုဘာ ၉ ရက်က ကြေညာလိုက်သည်။

တရုတ်အစိုးရအဖွဲ့ နိုင်ငံတော်ကောင်စီမှ ထုတ်ပြန်သည့် လမ်းညွှန်ချက်တစ်ခုအရ အဆိုပါကွန်ရက်တွင် လူနေအိမ်နယ်မြေများ၊ စီးပွားရေးအချက်အချာနေရာများ၊ အများပြည်သူလဟာပြင်များနှင့် မြို့တော်ချင်းဆက် အဝေးပြေးလမ်းမများ ပါဝင်မည်ဖြစ်သည်။ လူနေအိမ်ရာများသည် ဓာတ်အားသွင်းရာနေရာများ တည်ဆောက်သင့်သလို အများပြည်သူယာဉ်ရပ်နားရာနေရာများမှာ ဓာတ်အားသွင်းနေရာနှင့်အတူ ကားရပ်နားရာနေရာ၏ ၁၀ ရာခိုင်နှုန်းထက်မကျော်သင့်ကြောင်း၊ လျှပ်စစ်ကားစီးရေ ၂၀၀၀ တိုင်းအတွက် အနည်းဆုံး အများပြည်သူသုံး ဓာတ်အားသွင်းစခန်းတစ်ခုရှိသင့်ကြောင်း ယင်းလမ်းညွှန်ချက်ကဆိုသည်။ အဆိုပါစီမံကိန်းကို ရန်ပုံငွေထောက်ပံ့ရန် အစိုးရက ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို အားပေးချီးမြှောက်မည်ဖြစ်ပြီး ဓာတ်အားသွင်းကိရိယာထုတ်လုပ်သူများကို ကော်ပိုရေးရှင်းနှင့်ဆိုင်သော ငွေချေးစာချုပ်ထုတ်ပေးရန် ခွင့်ပြုမည်ဖြစ်ကာ ပင်စင်ရန်ပုံငွေများမှ ရင်းနှီးမြှုပ်နှံမှုရယူသွားမည်ဖြစ်သည်။

ထိုကြေညာချက်ထုတ်ပြန်ပြီးနောက် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံသူများက ဓာတ်အားသွင်းကိရိယာထုတ်လုပ်ရေးကုမ္ပဏီများရှိ ရှယ်ယာများကို ဦးစားပေးဝယ်ယူလာခဲ့ကြသည်။ လျှပ်စစ်ကားအသုံးပြုမှုမြှင့်တင်ရန်၊ ကာဗွန်ထုတ်လွှတ်မှုများလျှော့ချရန်နှင့် စွမ်းအင်ချွေတာရန် တရုတ်နိုင်ငံက ထောက်ပံ့ငွေများနှင့် အခွန်အတုတ်များလျှော့ချမှုကို စတင်လုပ်ဆောင်ခဲ့သည်။ တရုတ်နိုင်ငံ မော်တော်ကားထုတ်လုပ်သူများအသင်း၏အဆိုအရ ၂၀၁၅ ခုနှစ် ပထမရှစ်လအတွင်း လျှပ်စစ်ကားရောင်းချမှုမှာ တစ်ဟုန်ထိုးတိုးတက်လာခဲ့သည်ဟု သိရသည်။ **ဆင်ဟွာ။**

❑ စာမျက်နှာ ၃ မှ
တန်ဖိုးနည်းအိမ်ရာ ၁၁၁၆၀ ခန်း၊ တန်ဖိုးသင့်အိမ်ရာ ၆၈၂၉ ခန်းနှင့် တန်ဖိုးမြင့်အကျိုးတူအိမ်ရာ ၄၃၈၂ ခန်းကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သီလဝါအထူးစီးပွားရေးဇုန်သို့ ဆက်လက်ထွက်ခွာပြီး မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အထူးစီးပွားရေးဇုန်အတွင်းရှိ လူထိုင်း-မြန်မာ ကုမ္ပဏီလီမိတက်မှ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အထည်ချုပ်သင်တန်းနှင့် ကိုယိုရပ်ဒ် မြန်မာကော်ပိုရေးရှင်း၏ မော်တော်ကားရေတိုင်ကီ အမျိုးမျိုးထုတ်လုပ်နေမှုအား ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ One Stop Service Center တွင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရှင်းလင်းဆောင်သို့ရောက်ရှိရာ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က သီလဝါအထူးစီးပွားရေးဇုန်ဆိုင်ရာ အချက်အလက်များအား Video Presentation ဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက သီလဝါစက်မှုဇုန် ပထမအဆင့် တည်ဆောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်လမ်းညွှန်မှာကြားသည်။

မြန်မာနှင့် ဂျပန်ကုမ္ပဏီများ သီလဝါအထူးစီးပွားရေးဇုန်ကို ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် နားလည်မှုသဘောတူစာချွန်လွှာ(MoU)ကို ၂၀၁၃ ခုနှစ် မေ ၂၅ ရက်တွင်လည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်ရန်အတွက် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းရန် သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပြီး သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်း ပထမအဆင့်တည်ဆောက်ခြင်းလုပ်ငန်း စတင်သည့်အခမ်းအနားကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ ကျင်းပခဲ့သည်။

အဆိုပါ အထူးစီးပွားရေးဇုန်အတွင်း နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီ ၄၇ ခု ရင်းနှီးမြှုပ်နှံခွင့်ရရှိထားပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

**(သတင်းစဉ်)**

# အိုးပိုင်အိမ်ပိုင်အိပ်မက်နှင့် မြန်မာနိုင်ငံ၏ ပထမဆုံးနိုင်ငံတကာအဆင့်မီ အထပ်မြင့်အိမ်ရာ

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်မြို့နေပြည်သူအများစု အမြဲမက်ခဲ့သည့် အိပ်မက်တစ်ခု ရုပ်လုံးပေါ်လာသည်။ မြို့ပြ၏လူနေမှုအသွင်သဏ္ဌာန် တန်ဖိုးတစ်ခုဖြစ်သည့် အိုးပိုင်၊ အိမ်ပိုင်ဆိုသောဘဝမျိုးဖြင့် နေရဖို့ဆိုသည်မှာ ရုန်းကန်နေရသည့် ဘဝများအတွက်တော့ တစ်ချိန်က အိပ်မက်တစ်ခုမျှသာဖြစ်ခဲ့သည်။

သတင်း-ဇော်ကြီး(ပဏ္ဍိတ)
သီဟသူ
ဓာတ်ပုံ-ဖေဇော်

ယခုအခါ နိုင်ငံတော်ကပုဂ္ဂလိကနှင့် ပူးပေါင်းအကောင်အထည်ဖော်နေသည့် တန်ဖိုးသင့်အိမ်ရာများကြောင့် အိပ်မက်ပိုင်ရှင်များ၏ မျှော်လင့်ချက်ရောင်ခြည်များ ပေါ်ထွက်လာခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် လူဦးရေရှစ်သောင်းကျော် နေထိုင်နိုင်မည့် ဧရာဝဏ်ရတနာ အထပ်မြင့် အိမ်ရာစီမံကိန်းက မြို့ပြတွင်နေထိုင်လိုသူများ၏ အိုးပိုင်အိမ်ပိုင်အိပ်မက်ကို အသက်ဝင်လာစေခဲ့သည်။

ရန်ကုန်မြို့ရှိ အိမ်ရာစီမံကိန်းများတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပထမဆုံးအဆင့်မြင့် နည်းပညာသုံး အထပ်မြင့်အိမ်ရာစီမံကိန်းအဖြစ် ဖော်ဆောင်နေသည့် ဧရာဝဏ်ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းသည် အထပ် (၁၈)ထပ်ရှိသော အဆောက်အအုံ ၄၉ လုံးပါဝင်သည့် ရန်ကုန်မြို့၌ ပထမဆုံးနိုင်ငံတကာအဆင့်မီသည့် အထပ်မြင့် အိမ်ရာတစ်ခုဖြစ်လာတော့မည်။ ယင်းစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကုမ္ပဏီ ၃၂ ခုတို့ ပူးပေါင်းဆောက်လုပ်လျက်ရှိရာ အဆိုပါ အိမ်ရာစီမံကိန်းနှင့် စပ်လျဉ်း၍မြန်မာ့သတင်းစဉ်က တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ဦးကျော်ဇေယျ**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**မေး။ ဒီအဆင့်မြင့်အိမ်ရာ ဆောက်လုပ်ရေးစီမံကိန်းနဲ့ပတ်သက်ပြီး တည်ဆောက်နေမှုအပိုင်းကို ပြောပြပေးပါဦး။**

ဖြေ။ ဒီအဆောက်အအုံကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနက သေချာကြီးကြပ်ပြီး ဆောက်နေတာပါ။ မြန်မာနိုင်ငံရဲ့ ပထမဆုံးအထပ်မြင့် ပရီကပ်စနစ်နဲ့ တည်ဆောက်နေတာပါ။ နိုင်ငံတကာအဆင့်မီပါတယ်။ ဒီမှာနေတဲ့သူက စင်ကာပူမှာ နေရတဲ့ အဆင့်ကိုမီပါတယ်။ အတွင်းပိုင်း အပြင်အဆင်တွေကလည်း ကောင်းမယ်။ အခန်းဖွဲ့စည်းပုံလည်းကောင်းမယ်။ ဓာတ်လှေကားလည်းပါပါတယ်။ နေထိုင်မယ့်သူတွေအတွက် အဆင့်မီမီ နေထိုင်ခွင့်ရမှာဖြစ်ပါတယ်။

**မေး။ လက်ရှိဆောက်လုပ်ပြီးစီးမှုအပိုင်းကို သိပါရစေ။**

ဖြေ။ လတ်တလောအခြေအနေမှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက အဆောက်အအုံ ၁၁ လုံး ဆောက်လုပ်နေတယ်။ ၁၁ ထပ်အထိ ပြီးသွားပြီ။ နောက်ထပ် ခုနစ်ထပ်ကျန်နေသေးတယ်။ ၂၀၁၆ ခုနှစ် ဧပြီလအပြီး တည်ဆောက်သွားမှာပါ။ ကျန်တဲ့ အဆောက်အအုံ ၃၈ လုံးကိုတော့ တိုင်းရင်းသား ကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

**မေး။ ဆောက်လုပ်မှုအပိုင်း ပြီးစီးသွားရင် ဘယ်လိုပုံစံ၊ နှုန်းထားတွေနဲ့ ရောင်းချသွားဖို့စီစဉ်ထားပါသလဲ။**

ဖြေ။ အဆောက်အအုံပြီးစီးသွားရင် ဦးရာလူကို အစရစ်ကျစနစ်နဲ့ ရောင်းချပေးသွားဖို့ စီစဉ်ထားပါတယ်။ တကယ်အရည်အသွေး ကောင်းကောင်းနဲ့ အဆင့်မြင့်လုပ်ထားတာဖြစ်ပါတယ်။ အိမ်ရာတစ်ခုရဲ့ အခြေခံလိုအပ်ချက်တွေပါ အပြည့်တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဥပမာ-ဈေး၊ကျောင်း၊ ဆေးရုံ၊ ဥယျာဉ်၊ ကစားကွင်းတွေ၊ မြို့တွင်းခရီးသွားလုပ်ငန်းတွေ အကုန်ပါဝင်မှာ ဖြစ်ပါတယ်။ အဆင့်မြင့်အိမ်ရာဆိုတဲ့အတိုင်း မြေညီထပ်ဆို ဈေးကောင်းရပေမယ့် အခန်းမလုပ်ဘဲနေမယ့်သူတွေ အဆင်ပြေအောင် ကားပါကင်အဖြစ်ပဲထားပါတယ်။ ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းသပ်ရပ်တဲ့ ပတ်ဝန်းကျင်ဖြစ်အောင် အခန်းတွေကိုလည်း လေဝင်၊လေထွက်ကအစ အားလုံး အဆင့်မီလုပ်ထားတာပါ။



ဦးကြည်လှိုင်ဝင်း။



ဦးရဲလင်း။



ဦးမောင်မောင်လွင်။

**ဦးရဲလင်း (မန်နေဂျင်းဒါရိုက်တာ)**
**မနစ်ရာဆောက်လုပ်ရေးကုမ္ပဏီ**

**မေး။ ဒီစီမံကိန်းနဲ့ပတ်သက်ပြီးပါဝင်ဆောင်ရွက်နေမှုအပိုင်းကိုပြောပြပေးပါဦး။**

ဖြေ။ ဒီစီမံကိန်းမှာ ကျွန်တော်တို့က အဆောက်အအုံတစ်လုံး တာဝန်ယူထားပါတယ်။ ဈေးနှုန်းကလည်း အခု တရားဝင်ဖွင့်ပြီး ရောင်းနေတာ မဟုတ်သေးပါဘူး။ သက်ဆိုင်ရာက ပြည်သူတွေအတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ ကန်ထရိုက်ပိုင်းကို တာဝန်ယူထားတဲ့အတွက် ပြီးစီးမှုပိုင်းကိုတင်ပြပြီး ကျသင့်ငွေကို ယူရတာဖြစ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီတွေ တာဝန်ယူထားရတဲ့ အဆောက်အအုံတွေကတော့ လူအားစိုက်ရင်စိုက်သလောက် လုပ်သားအသုံးပြုမှုအပေါ် မူတည်ပြီးတော့ သတ်မှတ်ကာလထက် စောပြီးနိုင်မှာပါ၊ အဲဒီအခါ ပြည်သူတွေကို စောစောရောင်းပေးနိုင်မှာဖြစ်ပါတယ်။

**မေး။ စီမံကိန်းကြီး ပြီးစီးသွားရင် ပြည်သူတွေအတွက် ဘယ်လို အကျိုးကျေးဇူးရရှိလာနိုင်ပါသလဲ။**

ဖြေ။ ဒီနေရာ ပတ်ဝန်းကျင်မှာ လူဦးရေ သုံးသိန်းကျော်လောက်နေထိုင်နိုင်လိမ့်မယ်လို့ ခန့်မှန်းထားတယ်။ သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုနဲ့ စိမ်းလန်းစိုပြည်မှုကိုလည်း အဓိကထား ဆောင်ရွက်ထားလို့ နေထိုင်သူတွေအတွက် အကောင်းဆုံးနဲ့ အဆင့်မြင့်မြင့်ဖြစ်မှာပါ။ဒီပရောဂျက်ကြီးက ကြီးတဲ့အတွက် အမြန်ဆုံး အကောင်အထည်ဖော် ဆောက်လုပ်ပြီးစီးသွားရင် ပြည်သူတွေဆန္ဒအရ နောက်ထပ်လည်း ဒါမျိုး အဆောက်အအုံတွေ အများကြီးထွက်ပေါ်လာမှာပါ။

**ဦးမောင်မောင်လွင်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**မေး။ စီမံကိန်းနဲ့ ပတ်သက်ပြီး ရေနဲ့ လျှပ်စစ်အတွက် ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။**

ဖြေ။ စီမံကိန်းနဲ့ ပတ်သက်ပြီး အဆောက်အအုံ ၄၉ လုံး တည်ဆောက်နေပါတယ်။ အဲဒီအဆောက်အအုံတွေ ပြီးစီးသွားရင် လျှပ်စစ်သုံးစွဲနိုင်ဖို့အတွက် (၆၆) KV Power Station နှစ်လုံးကို လိုအပ်ချက်အရ ဆောင်ရွက်ထားပါတယ်။ ရေအတွက်ကတော့ လျှပ်စစ်မီတာနဲ့ စတင်အသုံးပြုနိုင်အောင် ဆောင်ရွက်နေပါတယ်။

**မေး။ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအပိုင်းကို ဘယ်လိုသတ်မှတ်ဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ဆောက်လုပ်မှုကို အပိုင်းနှစ်ပိုင်းနဲ့ဆောင်ရွက်နေတယ်။ ပထမအဆင့် အဆောက်အအုံ ၁၁ လုံးကို ၂၀၁၆ ခုနှစ် ဧပြီနဲ့ မေလအတွင်း အပြီးတည်ဆောက်သွားမယ်။ ဒုတိယအဆင့်အနေနဲ့ ဆက်လက်ပြီး အမြန်ဆုံးပြီးစီးသွားအောင် ဆောင်ရွက်သွားမှာပါ။

**မေး။ ဒီအိမ်ရာတွေပြီးစီးသွားရင် ဆက်လက်ပြီးဆောင်ရွက်သွားမယ့် အစီအစဉ်ကိုရှင်းပြပေးပါ။**

ဖြေ။ မြို့ပြအင်္ဂါရပ်နဲ့အညီ ဒီအဆောက်အအုံတွေပြီးရင် ပြည်သူတွေ လာရောက်နေထိုင်တဲ့အခါမှာ သူတို့ရဲ့ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျောင်းတွေ၊ ဆေးခန်းတွေ၊ စီးပွားရေးဆိုင်ရာ နေရာတွေ၊ သာသနာ့ဆိုင်ရာ အဆောက်အအုံနဲ့ ဈေးတွေပါရှိမှာဖြစ်တဲ့အတွက် လူမှုဘဝပြည့်စုံတဲ့ ဒေသဖြစ်အောင် ဆောင်ရွက်ထားပါတယ်။

**မေး။ အခုလက်ရှိအခြေအနေနဲ့ စပ်လျဉ်းပြီးဖြေကြားပေးစေလိုပါတယ်။**

ဖြေ။ အခုလက်ရှိမှာလည်း တည်ဆောက်ရေးလုပ်ငန်းတွေကို တိုင်းရင်းသားလုပ်ငန်းရှင်တွေပါဝင်ပြီး ဆက်လက်ဆောင်ရွက်နေပါတယ်။

**ဦးကြည်လှိုင်ဝင်း (ညွှန်ကြားရေးမှူး၊ အဆောက်အအုံဦးစီးဌာန - လျှပ်စစ်)**

**မေး။ ဆရာတာဝန်ယူထားရတဲ့ အပိုင်းကိုသိလိုပါတယ်။**

ဖြေ။ ဧရာဝဏ်ရတနာအိမ်ရာစီမံကိန်းအတွက် ပူးတွဲတာဝန်ထမ်းဆောင်နေတာပါ။ လျှပ်စစ်ပိုင်းအတွက် တာဝန်ယူထားပါတယ်။ အိမ်ရာတစ်ခန်းချင်းရဲ့ လျှပ်စစ်အသုံးပြုမှုအပေါ် မူတည်ပြီးတော့ ဝန်အားဘယ်လောက်သုံးမယ်ဆိုတာကို အဆောက်အအုံတစ်ခုစာပြီးမှ ဒီမှာအိမ်ရာ ၄၉ လုံးရှိတယ်ဆိုတော့ စီမံကိန်းတစ်ခုလုံးအတွက် အိမ်ခန်းပေါင်း နှစ်သောင်းနီးပါးလောက်အတွက် လျှပ်စစ်စွမ်းအားအနေနဲ့ ဝန်အားသုံးနိုင်ဖို့ ၂၃၀ ကေဗွီဓာတ်အားခွဲရုံကြီးကို တည်ဆောက်ထားပါတယ်။ ဒီဓာတ်အားခွဲရုံကနေ ၆၆ ကေဗွီဓာတ်အားခွဲရုံနှစ်ခုမှ တစ်ဆင့် ၁၁ကေဗွီဓာတ်အားခွဲရုံ ၁၈ ရုံအထိ တည်ဆောက်ရပါတယ်။ ဒီ ၁၁ ကေဗွီဓာတ်အားခွဲရုံတွေကနေ အဆောက်အအုံ ၄၉ လုံးအတွက် ဓာတ်အားထုတ်လွှတ်သွားမှာပါ။

**မေး။ အခုလက်ရှိဆောင်ရွက်နေမှုအခြေအနေကိုလည်းရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ အဆောက်အအုံငါးလုံးကတော့ ၁၀ ထပ်နဲ့ အထက်ကို တည်ဆောက်ပြီးနေပြီ။ ကျန်တဲ့ အဆောက်အအုံတွေကိုလည်း တည်ဆောက်နေဆဲပါ။ အခြေခံအဆောက်အအုံပိုင်းတွေကိုပဲ ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်သေးတယ်။ အတွင်းခန်းတွေအတွက်ကိုတော့ မဆောင်ရွက်ရသေးပါဘူး။ အခုလက်ရှိ ၁၁ လုံး အမြန်အပြီးဆောက်ဖို့ ညွှန်ကြားထားတယ်။ ဒီအဆောက်အအုံတွေ ပြီးတာနဲ့ ပြည်သူတွေကို ဈေးနှုန်းသင့်တင့်မျှတစွာနဲ့ ရောင်းချသွားဖို့ စီစဉ်ထားကြောင်းသိရပါတယ်။ အဆောက်အအုံ ဒီဇိုင်းအားလုံးကို စင်ကာပူကုမ္ပဏီက ပုံစံထုတ်ပါတယ်။ ဒီဒီဇိုင်းကို နမူနာယူပြီးကျန်တဲ့ အဆောက်အအုံတွေကို တည်ဆောက်ရမှာပါ။

* * *

**❂ မိုးသည်းထန်မှု**

အလားတူ ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင်တိုင်အမှတ်(၇၃/၅-၇၃/၆)ကြား တံတားအမှတ်(၁/၇၄) တီးတိန်ယံ ယာယီ ရေနိမ့်တံတားပေ ၁၂၀ သည် အောက်ခြေကျောက်ခြင်းတိုင်များ ချောင်းရေတိုက်စားမှုကြောင့် ပြုတ်ထွက်ပျက်စီးသွားပြီး တံတားမှာ ရေတွင် မျောပါပျက်စီးခြင်း၊ ထို့အပြင် အဆိုပါလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၇၀/၀-၇၀/၁)ကြား တံတားအမှတ်(၁/၈၀)ရန်လင်းဖိုင် တံတားအရှည် ၃၆ ပေ သံကူကွန်ကရစ်တံတားသည် ကလေးဘက်အခြမ်း ရေကာနံရံ ပေ ၂၀ ကျိုးကျပျက်စီးသွားပြီး ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။

အဆိုပါ တမူးခရိုင်အတွင်း မိုးရေကြီးမှုကြောင့် တံတားများ၊ ချဉ်းကပ်လမ်းများ ပျက်စီးမှုကြောင့် ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များ အန္တရာယ်မဖြစ်ပေါ်စေရေးနှင့် အချိန်မီပြန်လည်ပြုပြင်နိုင်ရေး ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## မိုးထစ်ချုန်းရွာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

# အထွေထွေရွေးကောက်ပွဲ ပြည်ပရောက်နိုင်ငံသားများ မဲပေးခွင့်နှင့် သံရုံးများ၏အခန်းကဏ္ဍ

မေနှင်းအေး

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့မှာ ကျင်းပမယ့် မြန်မာနိုင်ငံ အထွေထွေရွေးကောက်ပွဲနဲ့ပတ်သက်လို့ သံရုံးများနဲ့ ဝန်ထမ်းများကို ပြစ်တင်ဝေဖန်တာတွေရှိနေတဲ့အတွက် သံရုံးများနဲ့ ဝန်ထမ်းများဘက်မှာ ကန့်သတ်ချက်တွေရှိနေတာကို ဖြေရှင်းတင်ပြလိုပါတယ်။

အထွေထွေရွေးကောက်ပွဲဟာ လူထုဆန္ဒခံယူပွဲနဲ့ မတူပါဘူး။ လူထုဆန္ဒခံယူပွဲမှာ လူတိုင်းလူတိုင်းအတွက် မေးခွန်းအတူတူပါပဲ။ ထောက်ခံသလား၊ မထောက်ခံဘူးလား။ သဘောတူသလား၊ မတူဘူးလား။ ပြည်တွင်းမှာပဲလုပ်လုပ်၊ ပြည်ပမှာပဲလုပ်လုပ် အပြောင်းအလဲမရှိပါဘူး။ အခုအထွေထွေရွေးကောက်ပွဲမှာတော့ ကိုယ်စားလှယ်လောင်းတွေ ရွေးချယ်တာကြောင့် မတူတော့ပါဘူး။ မဲဆန္ဒနယ်အလိုက် အပြောင်းအလဲရှိလို့ မဲလက်မှတ်သီးခြားစီပုံနှိပ်ရပါတယ်။

ဒီထဲမှာ မြန်မာနိုင်ငံက ပြည်ပမဲဆန္ဒနယ်မရှိဘဲ ပြည်ပရောက်နိုင်ငံသားများကို မဲပေးခွင့်ပြုထားတာကြောင့် သံရုံးမှာ မဲပေးကြမယ့်သူချင်းတူပေမယ့် ကိုယ့်လက်မှတ်နဲ့ကိုယ်ရှိမှ မဲပေးလို့ရမှာပါ။ သံအမတ်ကြီးကိုယ်တိုင်တောင်မှ သူ့မဲလက်မှတ်မရရင် သံရုံးစာရေးလေးရဲ့ မဲလက်မှတ်ကိုယူပေးလို့ မရပါဘူး။ ဒီအကန့်အသတ်တွေအကြောင်း ရှင်းပြပါမယ်။

ပထမဆုံး အကန့်အသတ်က မြန်မာနိုင်ငံရဲ့ ရွေးချယ်တင်မြှောက်ရေးနဲ့ မဲပေးပုံစနစ်တို့ ဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးမှာ မဲပေးခွင့်ရှိတာ တူညီပေမယ့်နေထိုင်ရာနေရာ (မဲပေးမယ့်နေရာ အမည်စာရင်းပေါက်ရာနေရာ)ကို မူတည်ပြီး မဲပေးရပုံ မတူညီနိုင်ပါဘူး။ ကိုယ်မဲပေးရမယ့်နေရာမှာ ဝင်ရောက်ယှဉ်ပြိုင်သူတစ်ယောက်ပဲရှိတယ်ဆိုရင် မဲပေးစရာ မလိုတော့ပါဘူး။ ၁၀ ယောက် ဝင်ပြိုင်ကြမယ်ဆိုရင် ၁၀ ယောက်ထဲက တစ်ယောက် ရွေးပေးရမှာပါ။ မဲလက်မှတ်ပေါ်မှာ နာမည်တွေ အများကြီးပါပါမယ်။ ကိုယ့်နယ်က အရွေးခံမှာ နှစ်ယောက်တည်းဆိုရင်လည်း အဲဒီနှစ်ယောက်ထဲက တစ်ယောက်ကို ရွေးရမှာပါ။ ဒါကြောင့် တစ်ယောက်ချင်းရဲ့ပေးရမယ့် မဲလက်မှတ်တွေဟာ သူ့အမည်စာရင်းပေါက်ရာနေရာကို မူတည်ပြီး ကွဲပြားနိုင်ပါတယ်။ အဲဒီမဲလက်မှတ်ကို မရခဲ့ရင် မဲပေးမှုဟာ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး။

ဒါကြောင့် ပြည်ပမှာ ရောက်နေသူတစ်ဦးအနေနဲ့ တစ်မိသားစုတည်းဖြစ်တယ်ဆိုဦး၊ အမည်စာရင်းပေါက်ရာ ဒေသမတူကြရင် ပေးရမယ့်မဲလက်မှတ်မတူနိုင်ပါဘူး။ ရှမ်းပြည်ကတစ်ယောက်နဲ့ ရန်ကုန်တိုင်းဒေသကြီးက တစ်ယောက် စင်ကာပူမှာ အိမ်ထောင်ကျပြီး မဲပေးကြရင် တစ်ယောက်က ရှမ်းပြည်က အရွေးခံမယ့်စာရင်းအတိုင်း မဲပေးရမှာဖြစ်ပြီး နောက်တစ်ယောက်က ရန်ကုန်တိုင်းဒေသကြီးက စာရင်းအတိုင်းပေးရမှာပါ။ လွဲပေးလို့မရတဲ့အတွက် ကိုယ်ပေးရမယ့်လက်မှတ် အဲဒီသံရုံးကို မှန်မှန်ကန်ကန်ရောက်နေဖို့ လိုအပ်ပါတယ်။ ဒီကြားထဲ တိုင်းရင်းသားဖြစ်နေရင် တိုင်းရင်းသားအတွက် ပေးရမယ့် မဲသီးသန့်ရှိနိုင်ပါသေးတယ်။ ဒါပေမယ့်လည်း "တိုင်းရင်းသား" ဆိုတာကိုတော့ မှတ်ပုံတင်ထဲမှာ ရှိနေဖို့လိုပါတယ်။ ပြီးတော့ တချို့နယ်တွေမှာတော့ တိုင်းရင်းသားဖြစ်သည့်တိုင် ကိုယ်မဲပေးမယ့်နယ်ထဲမှာ လိုအပ်တဲ့ ကိုတာမပြည့်လို့ တိုင်းရင်းသား အမတ်သီးသန့်မရရင် မဲပေးလို့မရပါဘူး။ ဒါတွေက သံရုံး၊ သံရုံးဝန်ထမ်းရဲ့ အားနည်းချက်ကြောင့်မဟုတ်ဘဲ မဲပေးမှုစနစ်အရ အကန့်အသတ်အခက်အခဲဖြစ်စေတာပါ။ ဒါကြောင့် မဲစာရင်းထဲမှာ မပါရင်၊ ပုံစံ ၁၅ နဲ့ မဲလက်မှတ်တောင်းမထားရင် သံရုံးမှာ မဲပေးလို့ မရဘူးဆိုတာတွေ သံရုံးတွေက ရှင်းပြနေရတာပါ။

နောက်တစ်ခုက မဲပေးချင်တဲ့နိုင်ငံသားဘက်က တာဝန်ပါ။ သံရုံးတွေမှာလာပြီး မှတ်ပုံတင်ထားတာမဟုတ်ရင် စာရင်းမရှိတဲ့အတွက် မဲပေးလို့မရပါဘူး။ ဒါဟာ ပြည်ပမဲပေးခွင့်ပြုတဲ့ နိုင်ငံတိုင်း ဒီလိုပါပဲ။ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးတွေမှာ မှတ်ပုံတင်ထားဖို့ လိုအပ်ပါတယ်။ နိုင်ငံတိုင်းလည်း ပြည်ပမဲပေးခွင့် မပြုကြပါဘူး။ တချို့ဆို လက်ခံရာနိုင်ငံက ခွင့်မပြုတာမျိုးရှိပါတယ်။ ဒီနိုင်ငံတစ်နိုင်ငံမှာ ကိုယ့်နိုင်ငံသား ဘယ်လောက်ရှိနေလဲဆိုတာ လာမှတ်ပုံတင်ထားတဲ့စာရင်းအရပဲ တိတိကျကျပြောနိုင်ပါတယ်။ မဲစာရင်းဆိုတာ တိကျဖို့လိုအပ်ပါတယ်။ အခု ၂၀၁၅ ရွေးကောက်ပွဲမှာ သံရုံးတော်တော်များများက အရင်က မှတ်ပုံတင်မထားဘဲ နီးမှ လာတင်တာတွေကို ခွင့်ပြုလုပ်ပေးနေပါတယ်။ အခုရွေးကောက်ပွဲစနစ်အရ ပုံစံ ၁၅ တင်ရပါတယ်။ အဲဒီ ပုံစံ ၁၅ တင်မထားရင် မဲလက်မှတ်ဟာ မရလာနိုင်ပါဘူး။ ပုံစံ ၁၅ ကို ကာယကံရှင်က သံရုံးကိုပို့၊ သံရုံးက နိုင်ငံခြားရေးရုံးကိုပို့၊ နိုင်ငံခြားရေးရုံးက ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်ကိုပို့၊ အဲဒီစာရင်းအတိုင်းပေးရမယ့် မဲလက်မှတ်တွေကို နိုင်ငံခြားရေးရုံးကိုပြန်ပို့၊ နိုင်ငံခြားရေးရုံးကမှ သံရုံးတွေကိုပို့၊ ဒီအဆင့်ဆင့်တွေ အကုန်လုံး ချောချောမွေ့မွေ့ပြီးတော့မှ သံရုံးမှာ မဲပေးလို့ရပါတယ်။ ပုံစံ ၁၅ ကို သူများနဲ့တင်ခိုင်းလို့ အီးမေးက ပို့ပေးလို့ရတာတွေ သံရုံးတွေမှာ ကြားသိရပါတယ်။ ရတဲ့အချိန်အတွင်း ရှိတဲ့ဝန်ထမ်းအင်အားနဲ့ အဆင်ပြေအောင် လုပ်ပေးနေကြတာတွေပါ။

မဲကတော့ ကိုယ်တိုင်လာပေးဖို့ လိုပါတယ်။ အချို့နိုင်ငံတွေမှာ စာတိုက်က မဲပေးတဲ့စနစ်ကို ကျင့်သုံးပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ စနစ်အတိုင်းဆိုရင်တော့ စာတိုက်ကမဲပေးတဲ့ စနစ်လုပ်ဖို့ဆိုရင် ပြင်ဆင်ရဦးမှာတွေရှိပါတယ်။ ပေးရမယ့်မဲကို သူ့လက်ထဲအချိန်မီရောက်ဖို့၊ သူ့ဘက်က အချိန်မီပြန်ပို့ဖို့၊ မဲပေးသူဟာ တကယ်နိုင်ငံသား ဟုတ်၊ မဟုတ်ဆိုတာ စိစစ်ဖို့ဆိုတာတွေလိုအပ်ပါတယ်။

> "သံရုံးတွေက ပုံစံ ၁၅ ပို့ထားတဲ့အတိုင်း မဲပေးနိုင်ဖို့ရည်ရွယ်ဆောင်ရွက်နေပါတယ်။ လွတ်လပ်သန့်ရှင်းစွာ မဲပေးနိုင်ဖို့၊ ပေးထားတဲ့မဲလက်မှတ်တွေ သက်ဆိုင်ရာနယ်အသီးသီးကို အချိန်မီပြန်ရောက်သွားဖို့ဆိုတာတွေကို ကြိုးစားလုပ်ဆောင်နေပါတယ်။ ပုံစံ ၁၅ မပို့ထားသူတွေ၊ မဲစာရင်းမှာမပါသူတွေကိုတော့ မဲပေးနိုင်စေဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စပါ။ ပြည်တွင်းမှာနေထိုင်တဲ့သူကမှ မဲစာရင်းမှာမပါသည့်တိုင် အမှန်တကယ်နေထိုင်တယ်ဆိုတာ ခိုင်ခိုင်မာမာပြနိုင်ရင် မဲရုံမှူးက မဲပေးခွင့်ပြုရမယ်ဆိုတာမျိုး ပြောဆိုတာတွေ တွေ့ရကြားရပါတယ်။

တချို့နေရာတွေမှာ မဲပေးခွင့်ရဖို့ တက်တက်ကြွကြွ ဆောင်ရွက်နေကြတာတွေရှိသလို တချို့နေရာတွေကျလည်း သံရုံးက မဲပေးဖို့ ဆက်သွယ်ပြောဆိုရင်တောင် မဲလာမပေးလို့ရလားလို့မေးတတ်ကြပါတယ်။ တစ်မြို့ တစ်ရွာက တကူးတကလာပေးရမှာဆိုတော့ ခရီးသွားလာဖို့ ခွင့်၊ ငွေကြေး၊ တည်းခိုဖို့က အခက်အခဲရှိမှာမို့ စာနာကြည့်လို့ရပါတယ်။ ပြီးတော့ ကိုယ့်နိုင်ငံက ထွက်ခွာလာတာကြာပြီး ဒီဘက်မှာနေသားကျနေတဲ့သူတွေက မြန်မာပြည်နဲ့လည်း သိပ်အဆက်အသွယ်မရှိတော့ဘူးဆိုရင် သိပ်အားစိုက်မှာ မဟုတ်တော့ပါဘူး။ တချို့ဆို နှစ်နိုင်ငံသား ခံယူထားတာတွေတောင်ရှိနိုင်ပါတယ်။ အထူးသဖြင့် အနောက်နိုင်ငံကြီးတွေမှာ နှစ်နိုင်ငံသားစနစ်လက်ခံထားတော့ ကိုယ့်နိုင်ငံကူးလက်မှတ်ပြန်အပ်စရာမလိုဘဲ ကိုယ်နေထိုင်တဲ့နိုင်ငံက နိုင်ငံသားရထားပြီးသူတွေရှိနိုင်ပါတယ်။ အဲဒါတွေကို စိစစ်ဖို့လိုပါတယ်။ မြန်မာနိုင်ငံက နှစ်နိုင်ငံ နိုင်ငံသားစနစ်ကို လက်မခံပါဘူး။ အခြားနိုင်ငံသားယူထားရင် အလိုအလျောက် မြန်မာနိုင်ငံသားအဖြစ်က ပျက်ပြယ်ပါတယ်။ နိုင်ငံသားတွေ မဲပေးခွင့်ရဖို့ သံရုံးတွေက လုပ်ပေးနေရင်းကပဲ နိုင်ငံသားမဟုတ်သူတွေပါ မဲပေးသွားနိုင်တဲ့ အခြေအနေတွေအတွက် သံရုံးတွေကစွန့်ပြီး လုပ်ပေးနေရတယ်ဆိုတာ သိစေချင်ပါတယ်။

ဒီမိုကရေစီရွေးကောက်ပွဲဆိုတာကို ကမ္ဘာ့နိုင်ငံ တော်တော်များများမှာ ကျင်းပကြပေမယ့် နိုင်ငံတိုင်းမှာတော့ ပြည်ပကနေ မဲပေးခွင့်မရှိပါဘူး။ အီတလီ လို ဒီမိုကရေစီသက်တမ်းကြာတဲ့ နိုင်ငံမျိုးမှာတောင် ၂၀၀၁ ခုနှစ်ကမှ စခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ပြီးတော့ ပြည်ပရောက်နိုင်ငံသားတွေ မဲပေး ရာမှာလည်း မဲဆန္ဒနယ်သီးသန့်ရှိပါတယ်။ အီတလီမှာဆိုရင် ပြည်ပမဲဆန္ဒ နယ်လေးခု (ရုရှားနဲ့ တူရကီအပါအဝင် ဥရောပဒေသ၊ တောင်အမေရိက၊ မြောက်နဲ့ ဗဟိုအမေရိက၊ အာဖရိက အာရှ အိုရှင်းနီးယားနဲ့ အန္တာတိက)၊ ပြင်သစ်မှာဆိုရင် ၁၁ ခု ရှိပါတယ်။ ဒါကြောင့် ပြည်ပမဲဆန္ဒနယ်အတွက် အရွေးခံမယ့်အမတ်များဟာလည်း အတူတူပဲဖြစ်ပါတယ်။ ဒါကြောင့် မဲလက်မှတ်မတူတဲ့ပြဿနာမရှိတော့ပါဘူး။ အဲဒီအမတ်ကလည်း ပြည်ပ ရောက်နိုင်ငံသားတွေအတွက် မဲဆွယ်တာ၊ လွှတ်တော်ထဲမှာ ပြောဆို ဆွေးနွေးပေးတာတွေလုပ်နိုင်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာ မမီတော့ပေမယ့် နောင်ရွေးကောက်ပွဲများမှာ စဉ်းစားနိုင်အောင်ပါ။

အခုလောလောဆယ်မှာတော့ သံရုံးတွေက ပုံစံ ၁၅ ပို့ထားတဲ့အတိုင်း မဲပေးနိုင်ဖို့ရည်ရွယ်ဆောင်ရွက်နေပါတယ်။ လွတ်လပ်သန့်ရှင်းစွာ မဲပေးနိုင်ဖို့၊ ပေးထားတဲ့ မဲလက်မှတ်တွေ သက်ဆိုင်ရာနယ်အသီးသီးကို အချိန်မီပြန်ရောက်သွားဖို့ဆိုတာတွေကို ကြိုးစားလုပ်ဆောင်နေပါတယ်။ ပုံစံ ၁၅ မပို့ထားသူတွေ၊ မဲစာရင်းမှာမပါသူတွေကိုတော့ မဲပေးနိုင်စေဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စပါ။ ပြည်တွင်းမှာနေထိုင်တဲ့သူကမှ မဲစာရင်းမှာမပါသည့်တိုင် အမှန်တကယ်နေထိုင်တယ်ဆိုတာ ခိုင်ခိုင်မာမာပြနိုင်ရင် မဲရုံမှူးက မဲပေးခွင့်ပြုရမယ်ဆိုတာမျိုး ပြောဆိုတာတွေ တွေ့ရကြားရပါတယ်။ ဒါက ဖြစ်ချင်ဖြစ်နိုင်ပါမယ်။ အဲဒီမဲရုံမှူးမှာ သူ့နယ်အတွက် မဲလက်မှတ်အပိုရှိမှာကိုး။ သံရုံးတွေမှာတော့ တစ်နိုင်ငံလုံးက မဲဆန္ဒနယ်အသီးသီးအတွက်ဖြစ်လို့ သူပေးရမယ့် မဲဆန္ဒနယ်က မဲလက်မှတ်မရှိရင် ဘယ်လိုမှပေးလို့မရပါဘူး။ ဒီလက်တွေ့အခက်အခဲကို နားလည်ထားဖို့လိုပါတယ်။

ဝန်ထမ်းတွေဘက်က ပြည်သူတွေရဲ့ ဆန္ဒ၊ သဘောထား၊ အခက်အခဲတွေကိုသိဖို့၊ စာနာနားလည်ဖို့လိုအပ်သလို ပြည်သူတွေကလည်း ဝန်ထမ်းတွေဘက်က အခက်အခဲနဲ့ ရုန်းကန်ဆောင်ရွက်ပေးနေရမှုတွေကို သိဖို့လိုအပ်ပါတယ်။ ဝန်ထမ်းဆိုတာ သာမန်ပြည်သူတွေထဲက ဝန်ထမ်းဖြစ်လာပေမယ့် သာမန်ပြည်သူတွေထက်ပိုတဲ့ တာဝန်ဝတ္တရားနဲ့ စည်းနှောင်ကန့်သတ်မှုတွေရှိပါတယ်။ လတ်တလော သတင်းဂျာနယ်တွေထဲမှာ သံရုံးတွေကို ပြစ်တင်ပြောဆိုနေတာတွေအတွက် ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ နားလည်မှုတိုးပွားနိုင်ကြပါစေ။ ။

# နည်းပညာဖြင့် လူငယ်များအသက်မွေးဝမ်းကျောင်းပြုနိုင်ရန် သင်တန်းပေး

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာ့မိုဘိုင်းထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထူးချွန်ထက်မြက်သည့်လူငယ် Mobile App Developer များ ပိုမိုပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်ပြုလုပ်သည့် Samsung Tech Institute Android Mobile Application Development Training Program ၂၀၁၅ ၏ ဖွင့်ပွဲအခမ်းအနား ၂၀၁၅ အား Samsung မှ အောက်တိုဘာလ ၉ ရက်နေ့လည်ပိုင်းက ရန်ကုန်ကွန်ပြူတာတက္ကသိုလ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

"Samsung Tech Institute ပရိုရမ်ကို ၂၀၁၃ က စတင်ခဲ့ပြီး ဒီနှစ်ဆို ၃ နှစ်ရှိပါပြီ။ ရန်ကုန် တက္ကသိုလ်နဲ့ ဒဂုံတက္ကသိုလ်က ကွန်ပျူတာသိပ္ပံမေဂျာ ကျောင်းသား/ကျောင်းသူဦးရေ ၅၀ အတွက် ဒီအစီအစဉ်ကို ၂၀၁၃ ခုနှစ်မှာ ပထမဦးဆုံးအကြိမ် စတင်ကျင်းပပေးခဲ့ပြီး အခု ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်မှာ ဆက်လက်ကျင်းပတာဖြစ်ပါတယ်"ဟု မန်းနေးဂျင်းဒါရိုက်တာ Mr. Nam Sik Ahn က ပြောသည်။

သင်တန်းပေးလေ့ကျင့်မှုများကို အောက်တိုဘာ ၁ ရက်တွင် စတင်ပြီး အောက်တိုဘာ ၂၈ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ ပြိုင်ပွဲအစီအစဉ်ကို အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသူများကို အောက်တိုဘာ ၃၀ ရက်တွင် ဆုချီးမြှင့်သွားမည်ဟုသိရသည်။ ယခုအစီအစဉ်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အပါအဝင် အောက်မြန်မာပြည်ရှိ ကွန်ပျူတာတက္ကသိုလ်များမှ လာရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသားကျောင်းသူ ၇၅ ဦးဖြင့် ပြုလုပ်နေခြင်းဖြစ်ပြီး အမှတ်အများဆုံးရရှိသည့် App ၃ ခုကို ပထမဆု USD ၂၀၀၀၊ ဒုတိယဆုUSD ၁၅၀၀ နှင့် တတိယဆုUSD ၁၀၀၀ နှင့်ညီမျှသော ငွေသားနှင့် Samsung ပစ္စည်းများချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အမှတ်ပေးဒိုင်လူကြီးများအဖြစ် သက်ဆိုင်ရာ တက္ကသိုလ်များမှ ဆရာ/ဆရာမများ၊ Samsung မှ



တာဝန်ရှိသူတစ်ဦးနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ကွန်ပျူတာပညာရှင်များ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုအစီအစဉ်ကို ယခုနှစ်မေလအတွင်း ရန်ကုန်တက္ကသိုလ်တွင်ကျင်းပခဲ့ပြီး ထပ်မံ၍လည်း မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် ယခုနှစ်နိုဝင်ဘာလ၌ အထက်မြန်မာပြည်တစ်ဝှမ်းရှိ ကွန်ပျူတာတက္ကသိုလ်များမှ ရွေးချယ်စေလွှတ်သည့် ကျောင်းသား ၇၅ ဦးဖြင့် ပြိုင်ပွဲကျင်းပသွားမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွင်း Samsung Tech Institute မှတဆင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦးကို သင်တန်းပေးသွားမည်ဟု သိရသည်။

ထိုအစီအစဉ်သည် နည်းပညာနယ်ပယ်၌ အတွေ့အကြုံများရရှိစေရန်၊ နည်းပညာရပ်များ ပိုမိုကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်၊ တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်သည့် အလေ့အထရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာ ရှင်များအဖြစ် ရပ်တည်လာနိုင်စေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။

(ကြေးမုံ)

❑

## ပြည်တွင်းရေးရာ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ကလေးမြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကပ်ထားကြေညာမှုများ လိုက်လံကြည့်ရှုစစ်ဆေး

**ကလေး အောက်တိုဘာ ၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင်လှိုင်မြင့်၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ် အောင်သူဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများနှင့်အတူ ကလေးမြို့နယ်အတွင်းရှိ လှိုင်သာယာရပ်ကွက် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး၊ ကြို့သုံးပင်ရပ်ကွက် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးနှင့် အောင်ဇေယျရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ မဲစာရင်းကပ်ထားကြေညာထားမှု၊ ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-က)ဖြင့် လျှောက်ထားမှုအခြေအနေနှင့် နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ ရောက်ရှိနေသည့် မဲဆန္ဒရှင်များ ကြိုတင်မဲစာရင်း ပုံစံ(၁-၃) များ ကပ်ထားမှုအား လိုက်လံကြည့်ရှုစစ်ဆေးသည်။**(အပေါ်ယာပုံ)**

ရှေးဦးစွာ လှိုင်သာယာရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကြို့သုံးပင်ရပ်ကွက် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိပြီး နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့သွားရောက်နေသူများ ကြိုတင်မဲစာရင်း ပုံစံ(၁-၃) ကပ်ထားမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးဆင်ခြေလျှောလမ်း ပြုလုပ်ပေးရန်နှင့် မဲပုံးများအကြား သွားလာနိုင်ရန် (၃) ပေခန့် အကျယ်အဝန်း ရှိရမည်ဖြစ်ကြောင်း၊ မျက်မမြင်များ လွယ်ကူ အဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်သွားရန်



သည်။ မဲရုံများ တည်ဆောက်ရာတွင် မသန်စွမ်းသူများ လွယ်ကူစွာမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားရန် လိုကြောင်း၊ မဲရုံသို့ Wheel Chair ဖြင့် လွယ်ကူချောမွေ့စွာ တက်နိုင်ရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ အောင်ဇေယျရပ်ကွက် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်ကြည့်ရှုပြီး အမှန်တကယ် လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများကိုသာ ကြိုတင်မဲပေးစေရန်နှင့် ကျန်တပ်မတော်သားများနှင့် အိမ်ထောင်စုဝင်များ မဲရုံသို့ ကိုယ်တိုင်လာရောက်မဲပေးကြစေရန် မှာကြားသည်။ **(သတင်းစဉ်)**

# Vietjet လေကြောင်းလိုင်း ရန်ကုန်-ဟိုချီမင်း ခရီးစဉ် စတင်ပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်မြို့နှင့် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်ကြား တိုက်ရိုက်ပျံသန်းပြေးဆွဲမည့် လေယာဉ်ခရီးစဉ်သစ် မိတ်ဆက်ပွဲကို အောက်တိုဘာ၉ ရက် ညနေ၅နာရီက အလံပြဘုရားလမ်းရှိ Park Royal Hotel တွင် ကျင်းပခဲ့သည်။

ဟိုချီမင်းခရီးစဉ်ကို အောက်တိုဘာ ၂ ရက်က ရန်ကုန်မြို့မှ စတင်ပျံသန်းခဲ့ သည်။ လေယာဉ်သည် ရန်ကုန်မြို့မှ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့များတွင် တစ်ပတ်လျှင် အသွားအပြန် ခရီးစဉ် ၅ ခုဖြင့် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် စတင်ထွက်ခွာမည် ဖြစ်သည်။ ယင်းလေယာဉ်သည် ဟိုချီမင်းမြို့တော်သို့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၃၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အပြန်ခရီးစဉ်အနေဖြင့် ဟိုချီမင်းမြို့တော်မှ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်မြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ပြန်လည်ရောက်ရှိမည်ဟု သိရသည်။

"ဟိုချီမင်းမြို့တော်ကနေ ရန်ကုန်မြို့ကို ပျံသန်းမယ့် ခရီးစဉ်သစ်ဟာ မြန်မာနဲ့ဗီယက်နမ် ပြည်သူတွေဆီကို နှစ်နိုင်ငံလုံးရဲ့ အံ့သြဖွယ်ယဉ်ကျေးမှု၊ နှစ်သက်ဖွယ် သဘာဝရှုခင်းတွေကို ခံစားလေ့လာနိုင်မယ့် အခွင့်အရေးပါ။ ဒ့ါအပြင် နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်း မြှင့်တင်လိုသူတွေအတွက် ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်တာတွေကို မြှင့်တင်ပေးနိုင်မှာပါ။ Vietjet ရဲ့ ရန်ကုန်မြို့လို အလားအလာကောင်းတဲ့ ဒေသတွင်းခရီးစဉ်တွေကို ပြေးဆွဲခြင်းဟာ ဒေသတွင်းလေကြောင်းသယ်ယူပို့ဆောင်ရေး ကဏ္ဍတိုးတက်ရေးကို ဆက်လက်အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ ကျွန်မတို့ Vietjet ရဲ့ဘေးကင်းလုံခြုံတဲ့ခရီးစဉ်၊ အဆင့်အတန်းမြင့်တဲ့ဝန်ဆောင်မှု၊ အဆင်ပြေသင့်တင့်တဲ့ ဈေးနှုန်းနဲ့ ခရီးစဉ်အတွင်း ရင်ခုန်စိတ်လှုပ်ရှားဖွယ် အစီအစဉ်တွေက ခရီးသည်တွေကို စိတ်ကျေနပ်မှု ရရှိစေမှာပါ။ ဒ့ါအပြင် မြန်မာပြည်သူတွေရဲ့ ကြိုဆိုအားပေးမှုဟာ ကျွန်မတို့Vietjet ကို ဆက်လက်ကြိုးပမ်းအားထုတ်ဖို့ စိတ်ခွန်အားတစ်ခုပါ" ဟု ဖွင့်ပွဲအခမ်းအနားတွင် Vietjet ၏ဒုတိယဥက္ကဋ္ဌ Ms. Nguyen Thi Thuy Binh က ပြောသည်။

လက်ရှိတွင် Vietjet သည် A320 နှင့် A321 အပါအဝင်လေယာဉ် ၂၇ စင်းဖြင့် ဗီယက်နမ်တစ်ဝန်းနှင့်အာရှပစိဖိတ်ဒေသတွင်းရှိ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ထိုင်ဝမ်၊ ကမ္ဘောဒီးယားနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ ခရီးစဉ်လမ်းကြောင်း ၃၃ ခုဖြင့် စတင်ပြေးဆွဲသည့်နေ့မှ ခရီးသည်ပေါင်း ၁၈သန်း ပို့ဆောင်ခဲ့ပြီးပြီဟု သိရသည်။မြန်မာနိုင်ငံတွင် ယခုနှစ် အောက်တိုဘာ ၂ ရက်မှ စတင်ကာ ပြေးဆွဲခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ထင်ရှားသည့် ကမ္ဘာ့အကြီးဆုံးလိုဏ်ဂူ Son Doong ၊ Halong ပင်လယ်ကွေ့၊ မြို့တော်ဟောင်း၊ Hoi An ရှေးဟောင်းဆိပ်ကမ်းမြို့နှင့် My son ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မှုနယ်မြေများဖြင့် ထင်ရှားသည့် နိုင်ငံဖြစ်သည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**




" အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ "
( ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၊ ၁၃ ရက်နေ့ )
International Day for Disaster Reduction
" ဘေးအန္တရာယ်အသိကြွယ် ဘဝများစွာကာကွယ်မယ် "
' Knowledge for Life '

# တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုနှင့် သဘောရေးဖြေစာမေးပွဲကို ၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၁ ရက် (တနင်္ဂနွေနေ့)မှ ၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၄ရက်(ကြာသပတေးနေ့)အထိ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၇ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၈ရက်နေ့အထိ ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့် သံဃာတော်အရှင်သူမြတ်များသည် ၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ရက်နေ့ (၂၀၁၅ခုနှစ် အောက်တိုဘာ ၂၃ရက်နေ့) နောက်ဆုံးထား၍ ဝင်ခွင့်တောင်းခံလွှာများကို (ဓာတ်ပုံနှစ်ပုံနှင့်အတူ) ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ စာမေးပွဲဌာနခွဲ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲသို့ ပေးပို့ရန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ပြန်ဆို/ဖြေဆိုရန်ပျက်ကွက်ပါက ပျက်ကွက်သည့်အကြောင်းကို ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက်(၂၀၁၅ခုနှစ် နိုဝင်ဘာလ ၂၀ရက်)နေ့ နောက်ဆုံးထား၍ အကြောင်းကြားရန်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှသိရသည်။ **(ကြေးမုံ)**

# အဘိဓမ္မာရိုးရိုး၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာရိုးရိုး၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်၊ နတ်တော်လပြည့်နေ့၊ နတ်တော်လပြည့်ကျော် ၁ ရက်(၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၅၊ ၂၆၊ ၂၇ ရက်)တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက် ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲများကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံးအပြည့်အစုံမအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက်ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့်တောင်းခံလွှာများကို သက်ဆိုင်ရာစာဖြေဌာနများတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့် ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# ဆီမီယိုနှစ်(၅၀)ပြည့် အထိမ်းအမှတ်တေးသီချင်းပြိုင်ပွဲ မြန်မာဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် အောက်တိုဘာ ၉**

အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ကောင်စီ (South East Asian Ministers of Education Organization-SEAMEO) တည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်ပြိုင်ပွဲတစ်ရပ်ကို အင်ဒိုနီးရှားနိုင်ငံ SEAMEOLEC က ကမကထပြု ဆောင်ရွက်လျက်ရှိသည်။ ဆီမီယိုအဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံမှ အခြေခံပညာကျောင်းပေါင်း ၄၃ ကျောင်းအနက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကမာရွတ်မြို့နယ်မှ ကျောင်းသား ကျောင်းသူများက မြန်မာနိုင်ငံကိုယ်စားပြု၍ နိုင်ငံအလိုက် ယဉ်ကျေးမှုအမွေအနှစ်တေးသီချင်းနှင့် ဆီမီယိုအဖွဲ့ ကိုယ်စားပြုသီချင်းတို့အား ဝင်ရောက်ယှဉ်ပြိုင်ထားကြောင်း အထက(၂)ကမာရွတ်ကျောင်းအုပ်ကြီး ဒေါ်အေးအေးသွယ်နှင့် အနုပညာနည်းပြ ဦးနန်းဝင်းတို့၏ ပြောပြချက်အရ သိရသည်။

ယဉ်ကျေးမှုအမွေအနှစ် တူရိယာပစ္စည်းများ၊ မိုဘိုင်းနည်းပညာများဖြင့် ပံ့ပိုးပေါင်းစပ်၍ ဝင်ရောက်ယှဉ်ပြိုင်ထားခြင်းဖြစ်ပြီး Youtube တွင် seameo kamayut2 နှင့် Internet Browser တွင် http://Youtube/megrhB9PvYA တို့တွင်ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ထားသည့် တေးသီချင်းများကို အားပေးခြင်းဖြင့် အွန်လိုင်းရမှတ်ရရှိအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြိုင်ဝင်ကျောင်းသားတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **(ပညာရေး)**

# နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ခံရသော ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများသို့ သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် စေတနာရှင် ရဟန်းရှင်လူပြည်သူများက ဆွမ်းဆန်တော်၊ သင်္ကန်းပရိက္ခရာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများလှူဒါန်း

**နေပြည်တော်  အောက်တိုဘာ  ၉**

၂၀၁၅ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်အတွင်း မိုးသည်းထန်စွာရွာသွန်းသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှု၊ မြေပြိုမှုများကြောင့် ပြိုကျပျက်စီးခဲ့သည့်ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်း၊ အသင့်အတင့်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်း ၁၃၈ ကျောင်း၊ ရေဝင်၊ ရေမြုပ် သာမန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်း ၆၄ ကျောင်း စုစုပေါင်းဘုန်းတော်ကြီးကျောင်း ၂၀၉ ကျောင်းတို့ ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ခံခဲ့ရသည်။ အဆိုပါဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်ရန် စေတနာရှင် ရဟန်းရှင်လူပြည်သူများက သာသနာရေးဝန်ကြီးဌာနသို့ ဆွမ်းဆန်တော်၊ သင်္ကန်းပရိက္ခရာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် အလှူတော်ငွေများကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လာရောက်လှူဒါန်းခဲ့သည်။ စေတနာရှင် ရဟန်းရှင်လူ ပြည်သူများက လာရောက်လှူဒါန်းသည့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများအနက် ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများသို့ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန် အလှူငွေ ၃၉၄၄ သိန်း ၅ သောင်းကျပ်၊ နဝကမ္မအလှူငွေ ၂၁၁ သိန်း ၁ သောင်း ၇ ထောင်ကျပ်၊ ဆွမ်းဆန်တော်၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာနှင့် ရဟန်းအသုံးအဆောင်ပစ္စည်းများ လှူဒါန်းမှုခန့်မှန်းတန်ဖိုး ၉၀၄ သိန်း ၉ သောင်း ၈ ထောင်ကျပ်ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုတန်ဖိုး ၅၀၆၀ သိန်း ၆ သောင်း ၅ ထောင်ကျပ်ကို သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သက်ဆိုင်ရာဒေသများသို့ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ကချင်ပြည်နယ်မှ ခရစ်ယာန်ဘုရားရှိခိုးကျောင်း ၁ ကျောင်းနှင့် ချင်းပြည်နယ်မှ ခရစ်ယာန်ဘုရားရှိခိုးကျောင်း ၂၃ ကျောင်းတို့အား ပြန်လည်ပြုပြင်တည်ဆောက်ရန် သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် စေတနာရှင် ရဟန်းရှင်လူပြည်သူများက လှူဒါန်းသည့်အလှူငွေကျပ် ၁၅၀၅ သိန်းကိုလည်း သက်ဆိုင်ရာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများသို့ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများနှင့်ခရစ်ယာန်ဘုရားရှိခိုးကျောင်းများသို့ လှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာ ၆၅၆၅ သိန်း ၆ သောင်း ၅ ထောင်ကျပ်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**သာသနာရေးဝန်ကြီးဌာန**
**တိုင်းဒေသကြီး/ပြည်နယ်များရှိ ရေကြီးရေလျှံ မြေပြိုမှုဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းပြီးစီးမှု**

ဇယား(၁)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဘုန်းတော်ကြီးကျောင်း အရေအတွက် | လှူဒါန်းငွေ (ကျပ်သိန်း) |
|---|---|---|---|
| ၁ | ချင်း | ၄ | ၁၃၆၃.၂၀ |
| ၂ | မွန် | ၁ | ၄၀.၀၀ |
| ၃ | ရခိုင် | ၁ | ၄၀.၀၀ |
| ၄ | ဧရာဝတီ | ၁ | ၅၀.၀၀ |
| | စုစုပေါင်း | ၇ | ၁၄၉၃.၂၀ |

**သာသနာရေးဝန်ကြီးဌာန**
**တိုင်းဒေသကြီး/ပြည်နယ်များရှိ ရေကြီးရေလျှံ မြေပြိုမှုဒဏ်ကြောင့် အသင့်အတင့် ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းပြီးစီးမှု**

ဇယား(၂)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဘုန်းတော်ကြီးကျောင်း အရေအတွက် | လှူဒါန်းငွေ (ကျပ်သိန်း) |
|---|---|---|---|
| ၁ | ကချင် | ၁ | ၁၀.၀၀ |
| ၂ | ချင်း | ၁၁ | ၇၃၆.၈၀ |
| ၃ | စစ်ကိုင်း | ၂၃ | ၃၃၀.၀၀ |
| ၄ | ပဲခူး | ၆ | ၈၅.၀၀ |
| ၅ | မကွေး | ၆ | ၁၀၅.၀၀ |
| ၆ | မန္တလေး | ၁ | ၁၀.၀၀ |
| ၇ | ရခိုင် | ၈၅ | ၈၅၀.၀၀ |
| ၈ | ဧရာဝတီ | ၅ | ၁၀၅.၀၀ |
| | စုစုပေါင်း | ၁၃၈ | ၂၂၃၁.၈၀ |

**သာသနာရေးဝန်ကြီးဌာန**
**တိုင်းဒေသကြီး/ပြည်နယ်များရှိ ရေကြီးရေလျှံ မြေပြိုမှုဒဏ်ကြောင့် သာမန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းပြီးစီးမှု**

ဇယား(၃)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဘုန်းတော်ကြီးကျောင်း အရေအတွက် | လှူဒါန်းငွေ (ကျပ်သိန်း) |
|---|---|---|---|
| ၁ | စစ်ကိုင်း | ၁၁ | ၅၅.၀၀ |
| ၂ | ပဲခူး | ၁ | ၂.၅၀ |
| ၃ | မကွေး | ၁ | ၅.၀၀ |
| ၄ | မန္တလေး | ၂ | ၁၀.၀၀ |
| ၅ | မွန် | ၁ | ၅.၀၀ |
| ၆ | ဧရာဝတီ | ၄၈ | ၁၄၂.၀၀ |
| | စုစုပေါင်း | ၆၄ | ၂၁၉.၅၀ |

**သာသနာရေးဝန်ကြီးဌာန**
**တိုင်းဒေသကြီး/ပြည်နယ်များရှိ ရေကြီးရေလျှံ မြေပြိုမှုဒဏ်ခံခဲ့ရသော ဘုန်းတော်ကြီးကျောင်းများသို့ နဝကမ္မအလှူငွေလှူဒါန်းပြီးစီးမှု**

ဇယား(၄)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဘုန်းတော်ကြီးကျောင်း | လှူဒါန်းငွေ(ကျပ်သိန်း) |
|---|---|---|---|
| ၁ | မကွေး | ၂၂၀ | ၁၂၄.၀၀ |
| ၂ | ပဲခူး | ၁၁၉ | ၄၀.၀၇ |
| ၃ | ဧရာဝတီ | ၅၉ | ၄၇.၁၀ |
| | စုစုပေါင်း | ၃၉၈ | ၂၁၁.၁၇ |

**သာသနာရေးဝန်ကြီးဌာန**
**ရေကြီးရေလျှံ မြေပြိုမှုဒဏ်ကြောင့် ပျက်စီးခဲ့သည့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများသို့ လှူဒါန်းပြီးစီးမှု**

ဇယား(၅)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရစ်ယာန်ဘုရားရှိခိုးကျောင်း အရေအတွက် | လှူဒါန်းငွေ (ကျပ်သိန်း) |
|---|---|---|---|
| ၁ | ကချင် | ၁ | ၅.၀၀ |
| ၂ | ချင်း | ၂၃ | ၁၅၀၀.၀၀ |
| | စုစုပေါင်း | ၂၄ | ၁၅၀၅.၀၀ |

**သာသနာရေးဝန်ကြီးဌာန**
**နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ခံရသော ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ရဟန်းအသုံးအဆောင်ပစ္စည်းများ လှူဒါန်းပြီးစီးမှု**

ဇယား(၆)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဆွမ်းဆန်တော်နှင့်ရဟန်းအသုံးအဆောင်ပစ္စည်းများ | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | သင်္ကန်း (ခွံစုံ) | သီလရှင်ဝတ်စုံ | သပိတ် | ထီး | ဖိနပ် | ယပ် | မျက်နှာသုတ်ပုဝါ | ဆန်အိတ် | ဆီ (ပိဿာ) | စတီးသုံးဆင့်ချိုင့် | စတီးဇွန်း (ဒါဇင်) | စောင် | ခေါက်ဆွဲခြောက် (ပါကင်) | ဆပ်ပြာမှုန့်ထုပ် | ဓာတ်မီး | ဆွမ်းဟင်းခွက် | ဆား (ပိဿာ) | ဆေးမျိုးစုံ (ထုပ်) | အချိုရည်ကတ် | သွားတိုက်ဆေး/တံ | ဗလာစာအုပ် (ဒါဇင်) |
| ၁ | စစ်ကိုင်း | ၁၄၅၅ | ၁၉၇ | ၃၀၀ | - | ၅၀၀ | - | - | ၇၈ | - | ၄၀၀ | ၅၀ | - | - | - | - | - | - | - | - | - | - |
| ၂ | ပဲခူး | ၃၅၃ | - | ၃၄၈ | ၃၄၈ | ၃၄၈ | ၃၄၈ | - | ၁၂၀ | ၆၀ | ၁၁၉ | ၁၁၉ | ၃၀၉ | - | - | - | - | ၁၁၉ | - | ၁၁၉ | - | - |
| ၃ | မကွေး | ၁၅၀၄ | ၁၃၆ | ၄၆၉ | ၆၄၀ | ၆၆၉ | - | ၁၈၇ | ၈၁၈ | ၁၅၄ | ၃၂၉ | ၁၇၅ | ၄၁၉ | ၇၁၆ | ၁၁၇၆ | ၁၂၄ | ၃၆၉ | ၁၂၅ | ၇၃၅ | ၄၄၈ | ၃၀၀ | ၄၀၀ |
| ၄ | ရခိုင် | ၅၀၀ | ၅၀ | ၂၀၀ | - | ၂၀၀ | - | - | - | - | ၁၀၀ | ၅၀ | - | - | - | - | - | - | - | - | - | - |
| ၅ | ဧရာဝတီ | ၂၄၅ | - | ၁၅၂ | ၁၅၂ | ၁၅၂ | - | ၁၅၂ | ၁၀၈ | ၇၀ | ၁၀၈ | ၅၄ | ၅ | - | - | ၁၅၂ | - | - | ၅၄ | ၁၀၈ | - | ၅၄ |
| | စုစုပေါင်း | ၄၀၅၇ | ၃၈၃ | ၁၄၆၉ | ၁၁၄၀ | ၁၈၆၉ | ၃၄၈ | ၃၃၉ | ၁၁၂၄ | ၂၈၄ | ၁၀၅၆ | ၄၄၈ | ၇၃၃ | ၇၁၆ | ၁၁၇၆ | ၂၇၆ | ၃၆၉ | ၂၄၄ | ၇၈၉ | ၆၇၅ | ၃၀၀ | ၄၅၄ |

ပြည်တွင်းရေးရာ

# တိုင်းပြည်အတွက် အမှန်တကယ်အကျိုးရှိမည့်လုပ်ရပ်များကို တပ်မတော်မှဖော်ဆောင်ပေးနေ

**နေပြည်တော် အောက်တိုဘာ ၉**

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ကြောင်း၊ တစ်ဖက်တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရပေးထားသည့် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် အစဉ်အလာအားဖြင့်လုပ်ဆောင်ခဲ့သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရချိန်တွင်လည်း အင်နှင့်အားနှင့် ကူညီပါဝင်လုပ်ဆောင်ခဲ့ကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ်အကျိုးရှိမည့်လုပ်ရပ်များကို တပ်မတော်မှ ဖော်ဆောင်ပေးနေခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ဆောင်ချက်များအပေါ် အပြုသဘောမဆောင်သည့် အချို့သောမီဒီယာများ၊ လူမှုကွန်ရက်များ၏ ရေးသားနေခြင်းကိုလည်း မှန်ကန်စွာသိရှိနားလည်ပြီး လုပ်စရာရှိသည်များကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သန်လျင်တပ်နယ်ရှိ အရာရှိ စစ်သည်များအားတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းတို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်တပ်နယ်ရှိ ရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ ရောက်ရှိကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ရေတပ်သင်္ဘောကျင်းဌာနချုပ်ရှိ General Building ခန်းမ၌ ဌာနချုပ်မှူးက စစ်ရေယာဉ်များနှင့်သင်္ဘောများပြုပြင် တည်ဆောက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ်များအား ထုတ်လုပ်မှုပုံစံကိုအခြေခံတည်ဆောက်ပြီး စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရေတပ်သင်္ဘောကျင်းဌာနချုပ်ရှိ စစ်ရေယာဉ်များလွှန်းတင်ပြုပြင်နေမှုနှင့် တည်ဆောက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် သန်လျင်တပ်နယ်ခန်းမတွင် တပ်နယ်ရှိ အရာရှိ၊ စစ်သည်များအား တွေ့ဆုံသည်။**(အပေါ်ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရာတွင် လက်တွေ့အမှန်တကယ်ထမ်းဆောင်နိုင်သည့် စွမ်းရည်ရှိရန်လိုကြောင်း၊ တိုက်စွမ်းရည်မြင့်မားရေးအတွက် "တိုက်ရင်းလေ့ကျင့်၊ လေ့ကျင့်ရင်းတိုက်" ဆိုသည့် ဆောင်ပုဒ်ဖြင့် လုပ်ဆောင်ခဲ့ကြောင်း၊ လက်ရှိကာလ စစ်ဆင်ရေးများ နည်းပါးလာခြင်းကြောင့် လေ့ကျင့်ရေးဖြင့်သာ တိုက်စွမ်းရည်မြင့်မားအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတပ်များတွင် လေ့ကျင့်ခြင်း၊ သင်တန်းကျောင်းများတွင် လေ့ကျင့်ခြင်းများကို ထိထိရောက်ရောက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းတတ်မြောက်သည့် ယင်းအတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်စွာအသုံးချရန်လိုကြောင်း၊ တစ်ဦးချင်းစွမ်းရည်များ စုပေါင်းခြင်းဖြင့် တပ်ရင်း၊ တပ်ဖွဲ့များ၏စွမ်းရည်မြင့်မားလာမည်ဖြစ်ပြီး တပ်မတော်စွမ်းရည်တိုးတက်လာမည်ဆိုသည့်အသိဖြင့် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်(ရေ)အနေဖြင့်လည်း Fleet Exercise များ အပါအဝင်လေ့ကျင့်မှုများကို ထိရောက်စွာဆောင်ရွက်ခြင်းဖြင့် စစ်ဆင်ရေးအတွက် အထောက်အကူရနိုင်သကဲ့သို့ တိုက်စွမ်းရည်မြင့်မားရေးအတွက်လည်း အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စားရေး၊ ဝတ်ရေး၊ နေရေး၊ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စအဝဝတွင် လိုအပ်ချက်များကို အတတ်နိုင်ဆုံး စဉ်းစားဖြည့်ဆည်းလုပ်ဆောင်ပေးနေကြောင်း၊ စစ်မှုထမ်းဟောင်းများအတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးနေကြောင်း၊ ယင်းသို့လုပ်ဆောင်နေမှုများကို တန်ဖိုးထား၍ အရာရှိ၊ စစ်သည်များအနေဖြင့် စည်းကမ်းကောင်းမွန်ခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ အမိန့်နာခံခြင်းဆိုသည့် တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ စောင့်ထိန်းလိုက်နာ နေထိုင်ကြစေလိုကြောင်း၊ ကိုယ့်ကိုယ်ကိုယ်ကောင်းအောင်၊ ကိုယ့်တပ်ကောင်းအောင်၊ ကိုယ့်တပ်မတော်ကောင်းအောင်၊ ကိုယ့်နိုင်ငံကောင်းအောင် အမြင်ကျယ်ကျယ်ဖြင့် စောင့်ထိန်းလိုက်နာလုပ်ဆောင်သွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်များအတွက် သုတ၊ ရသ စာအုပ်စာစောင်များကိုလည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေတပ်လေ့ကျင့်ရေးကျောင်းရှိ Department of Maritime Operations သို့ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ရေတပ်လေ့ကျင့်ရေးကျောင်းအုပ်ကြီးက လေ့ကျင့်ရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Damage Control Simulatar Project တည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုကြရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူတစ်ဦးက Simulatar Project တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် Damage Control Simulatar Project တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သန်လျင်တပ်နယ် အားကစားကွင်းတည်ဆောက်နေမှုနှင့် ရေကူးကန်တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာစီးပွားရေးကော်ပိုရေးရှင်း သင်္ဘောဖျက်စက်ရုံ(သီလဝါ)သို့ရောက်ရှိကြရာ စက်ရုံမှူးက သင်္ဘောဖျက်စက်ရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီးနောက် သင်္ဘောဖျက်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ယာဉ်တိမ်းမှောက်မှုမှ ထိခိုက်ဒဏ်ရာရသူများအား အာမခံလျော်ကြေးငွေ ထပ်မံပေးအပ်



**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၀၅/၁) နှင့် (၁၀၅/၂)ကြားတွင် ဩဂုတ် ၁၀ ရက်က ရွှေလီဦး ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ဖြစ်ပွားလျှင်ဖြစ်ပွားချင်း အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း (IKBZ Insurance ) မှ တာဝန်ရှိသူများက သေဆုံးသူများအတွက် တစ်ဦးလျှင် အာမခံကြေးငွေကျပ် သိန်း ၃၀ နှုန်းဖြင့်လည်းကောင်း၊ ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် ကြိုတင်ငွေအဖြစ် တစ်ဦးလျှင်ငွေကျပ် တစ်သိန်းနှုန်းဖြင့် လည်းကောင်း စုစုပေါင်းငွေကျပ် ၃၂၃ သိန်းကို ဖြူးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်မြို့များတွင် ပေးအပ်ခဲ့ကြောင်းသိရသည်။

ဒဏ်ရာရရှိခဲ့သူ ၁၆ ဦးတို့အတွက် ထိခိုက်ဒဏ်ရာရရှိမှုအပေါ် မူတည်၍ အာမခံလျော်ကြေးငွေများကို အောက်တိုဘာ ၅ ရက်က အခမ်းအနားဖြင့် ထပ်မံပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)** အခမ်းအနားသို့ IKBZ Insurance Co., Ltd. မှ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်နှင့် တာဝန်ရှိသူများ၊ ရွှေလီဦးယာဉ်လိုင်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အခမ်းအနားတွင် IKBZ Insurance မှ တာဝန်ရှိသူများက ရွှေလီဦးယာဉ်လိုင်း-မော်တော်ယာဉ်တိမ်းမှောက်ခဲ့မှုအတွက် စုစုပေါင်း အာမခံ လျော်ကြေးငွေကျပ် ၃၈၅ ဒသမ ၉ သိန်း ပေးအပ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းသည် မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာနှင့် စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးခြင်းမှ ပြန်လည်အစားထိုးကာကွယ်ပေးရန်အတွက် မြန်မာပြည်အနှံ့အပြားရှိ အချက်အချာကျသောမြို့ကြီးများတွင် ရုံးခွဲပေါင်း ၁၄ ခု ဖွင့်လှစ်၍ ဝန်ထမ်းအင်အား ၅၀၀ ကျော်ဖြင့် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ပြည်သူ၊ ပြည်သားအသက်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့/ငွေသယ်အာမခံ၊ သမာဓိအာမခံ၊ အထူးခရီးသွားအာမခံ၊ ကျန်းမာရေးအာမခံ၊ ကုန်စည်ပို့ဆောင်ရေး အာမခံလုပ်ငန်းတို့ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မတော်တဆဖြစ်ပွားမှုများကြောင့် အာမခံလျော်ကြေးငွေတောင်းခံမှုများကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးရရှိရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်းလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၉**

ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ နေပြည်တော်(ရုံးချုပ်)၌ အောက်တိုဘာ ၉ ရက်တွင် ဒေါ်မြစိမ်းအေး ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) အဆောက်အအုံဦးစီးဌာန ဆောက်လုပ်ရေး ဝန်ကြီးဌာနက အလှူငွေကျပ် ၄၄ သိန်း လေးသောင်း လာရောက်လှူဒါန်းခဲ့ပြီး**(ယာပုံ)** Global Power Synergy PCL က အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို နိုင်ငံခြားအလှူငွေစာရင်းအမှတ် (1DA-၀၃၀၀၀၈၆) သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းသည်။



လာရောက် လှူဒါန်းခဲ့မှုများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဦးအေးမင်း(မိသားစု)က ငွေကျပ် ၂၉၆၀၀၊ မြန်မာမွတ်စလင် အမျိုးသမီး သာသနာ့ရိပ်သာရှိ ကျောင်းသူကလေးများအဖွဲ့က ငွေကျပ် ၁၃၁၀၀၀ တို့ကို လှူဒါန်းခဲ့သည်။ သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ အလှူရရှိငွေ စုစုပေါင်းမှာ ၈၀၇၆၇၉၀၇၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၃၆၈၄၉၂ ဒသမ ၂၆၊ ယူရို ၃၀၀ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိသည့်အပြင် အလှူငွေများကို ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်ဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင်ကို တွေ့ရစဉ်။

❖ **ကျောက်ဖုံးမှ**

ကျပ်သန်း ၈၆၅၈၂ ဒသမ ၈၇၁၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၃၄၉၆၃၀ ဒသမ ၉၆၇၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၄၈၅၂၆၃ ဒသမ ၂၉၈၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၇၀၈၉၄၉ ဒသမ ၀၀၆ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၇၅၃၀၀၁ ဒသမ ၃၇၈ ခွဲဝေပေးခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ခွဲဝေမှုထက် ၈ ဒသမ ၇ ဆခန့် ပိုမိုတိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။ ပိုမိုခွဲဝေရရှိသည့် ရန်ပုံငွေများကြောင့် အဓိကလိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများကို ၂၀၁၁ ခုနှစ်ကထက် ၃၅ ဆ တိုးမြှင့်ဝယ်ယူနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁၂ သန်းခန့်ဖြစ်ကြောင်း သိရသည်။ ထို့အတူ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ရန်ပုံငွေတိုးမြှင့်ပေးခဲ့သည့်အတွက် ရလဒ်အနေဖြင့် လူနာများ၏ စိုက်ထုတ်ကုန်ကျရငွေသည် ၂၀၁၁ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပြီး ဆက်လက်လျှော့ချနိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်းသိရသည်။

အလားတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကိုလည်း ပြည်ပအကူအညီမပါဘဲ နိုင်ငံတော်၏ ဘတ်ဂျက်ဖြင့်သာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက "ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ဆောက်လုပ်နေတဲ့ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းတွေက နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ အစိုးရအဖွဲ့လက်ထက်မှာ စီမံကိန်းတွေစတင်ပြီး လက်ရှိအစိုးရလက်ထက်မှာပဲ ပြီးစီးအောင်ဆောင်ရွက်တဲ့လုပ်ငန်းများဖြစ်ပါတယ်။ အချို့လုပ်ငန်းများက ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ဆိုသည်။

"ပြီးစီးထားတဲ့လုပ်ငန်းက ငါးထပ်ဆောင်မှာ အဆင့်မြင့်ခေတ်မီ အော်ပရေးရှင်း သီရေတာ ၁၀ လုံး တိတိပါတဲ့အဆောင်သစ်ကို ဖွင့်လှစ်နိုင်ဖို့ဖြစ်တယ်။ ဒီအဆောက်အအုံကိုလည်း ပြည်ပအကူအညီမပါဘဲ နိုင်ငံတော်ဘတ်ဂျက်နဲ့ တည်ဆောက်ပြီးခဲ့တာဖြစ်ပါတယ်။ ပင်မဆောင်ကို ဆက်လက်ပြုပြင်နေတာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီ။ ဒါ့အပြင် ဆေးရုံကို အဆင့်မြှင့်သလို လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်လာတာကြောင့် ပြည်သူတွေက ပြည်သူ့ဆေးရုံကြီးကို ပိုပြီးအားကိုးလာတယ်။ ဒီဆေးရုံကို တက်ရောက်ကုသတဲ့ လူနာတွေကို ခေတ်မီမီနဲ့ ကုသဖို့အတွက် ဆေးရုံကို ထပ်မံတည်ဆောက်ရခြင်းဖြစ်ပါတယ်။ ဒီဘဏ္ဍာနှစ်မှာ လူနာ ၁၀၀၀ ကျော်ဆံ့တဲ့ ၁၂ ထပ်ဆောင်ကိုလည်း ဆောက်လုပ်နေပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတင်မက ရန်ကုန်မြို့ပေါ်မှာရှိတဲ့ ဆေးရုံတွေကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနည်းတူ အဆင့်မြင့်မြင့် ကုသနိုင်ဖို့အတွက် ဆေးရုံအဆင့်မြင့်တိုးချဲ့တာတွေ ဆောင်ရွက်နေပါတယ်"ဟု အမြဲတမ်းအတွင်းဝန်က ဆက်လက်ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးဝါးများ ဝယ်ယူဖြန့်ဖြူးရေးတွင်လည်း ပိုပြီးထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ ဖြန့်ဖြူးရေးစနစ်သုံးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ဆေးရုံများ အဆင့်မြင့်ရုံသာမက ဆေးကုသရေးဝန်ထမ်းတွေကိုလည်း အရည်အသွေးတိုးမြှင့်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ အရည်အသွေးပြည့်မီသော ဆရာဝန်များထွက်ရှိရန် ကြိုးစားဆောင်ရွက်ရာတွင် မကြာမီက တောင်ကြီးဆေးတက္ကသိုလ်ကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ဘွဲ့ရပြီး ဆရာဝန်များကိုလည်း အမြန်ဆုံး လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် စီစဉ်နေကြောင်း၊ သူနာပြုများကိုလည်း သင်တန်းများပြီးပါက လုပ်ငန်းခွင်ဝင်နိုင်ရန် ကြိုးစားဆောင်ရွက်နေကြောင်း၊ အဆောက်အအုံအပိုင်း၊ စက်ပစ္စည်းများအပိုင်း၊ ဆေးဝါးပစ္စည်းများ ထောက်ပံ့သည့်အပိုင်းကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် အသုံးပြုခြင်းဖြစ်ကြောင်း၊ ထိုသို့ အသုံးပြုခြင်းဖြင့် လူနာတစ်ဦး၏ ငွေကြေးစိုက်ထုတ်အသုံးပြုခြင်းမှာ ယခင်ကထက် လျှော့နည်းလာကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ လူနာများအား အခမဲ့ဆေးဝါးကုသမှုအပြင် ရောဂါရှာဖွေကုသရာတွင် အသုံးပြုသည့်ဓာတ်မှန်၊ အာထရာဆောင်း၊ စီတီရိုက်သည်ကအစ အခမဲ့ ဝန်ဆောင်ပေးမှုများကြောင့် ဝေဒနာရှင် ပြည်သူတို့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားစွာ လာရောက်ကုသလျက်ရှိကြောင်း သိရသည်။

ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်ဟန်က "အခြေခံအားဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်မက မြန်မာပြည် တစ်နံတစ်လျားက ဆေးရုံတွေအားလုံးမှာ လူနာဦးရေ များပြားလျက်ရှိပါတယ်။ ဥပမာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာဆိုရင် ယခင်နှစ် စာရင်းဇယားအရ အတွင်းလူနာ ကုသသူဦးရေ ၆၂၀၀၀ ရှိတယ်။ ၂၀၀၈ ခုနှစ်ကဆိုရင် ၂၅၀၀၀ ခန့်ရှိတယ်။ အပြင်လူနာအဖြစ် လာရောက်ကုသသူဦးရေ တစ်သိန်းကျော်ရှိတယ်။ ၂၀၀၈ ခုနှစ်ကနဲ့ယှဉ်ရင် အဆဘယ်လောက် တိုးလာတယ်ဆိုတာ ခန့်မှန်းကြည့်ပါ။ ဒီလို လူနာဦးရေ တစ်နှစ်ထက်တစ်နှစ် တိုးလာတဲ့အကြောင်းတရား အများကြီးထဲမှာ သိသာထင်ရှားတဲ့အချက်က နှစ်ချက်ရှိပါတယ်။ ပထမအချက်ကတော့ နိုင်ငံတကာ ကျင့်သုံးနေတဲ့ ဆေးရုံတက်နေတဲ့ လူနာတွေကို အခမဲ့ကုသမှုပေးတယ်။ ဝန်ဆောင်မှုကောင်းတာကြောင့် ယခင်လူနာအများစုက ဆေးရုံကိုသွားဖို့ရာ တော်ရုံတန်ရုံ ကြောက်ကြတယ်။ ငွေကြေးမရှိရင် မိမိအိမ် အနီးအနားမှာသာ ကုသမှုခံယူနေကြရတယ်။ အခုဆိုရင် ဝန်ဆောင်မှုကောင်းတာကြောင့် လူနာတွေက ရဲရဲဝံ့ဝံ့နဲ့ ဆေးရုံကို ရောက်လာကြတာပါ။ အခမဲ့ဆေးဝါးကုသမှုက ဆေးဝါးတင်မကဘဲ ရောဂါရှာဖွေကုသရာမှာ အသုံးပြုတဲ့ ဓာတ်မှန်၊ အာထရာဆောင်း၊ စီတီရိုက်တာကအစ အခမဲ့ ဝန်ဆောင်မှုပေးတယ်။ ခွဲစိတ်မှုကြီးကြီးမားမားတွေကိုလည်း ဝန်ဆောင်မှုပေးနေတယ်။ အထူးသဖြင့် အခုအဖြစ်များနေတဲ့ ကင်ဆာရောဂါဆေးတွေဆိုရင် နိုင်ငံတော်က ပြည်သူတွေအတွက် ကျခံသုံးစွဲနေတာကြောင့် ပြည်သူလူထုက လက်လှမ်းမီစွာနဲ့ ကုသနိုင်တယ်။ အဆောက်အအုံပိုင်း ပြည့်စုံရုံတင်မက ဆေးပစ္စည်း၊ စက်ကိရိယာတွေကို ခေတ်မီတိုးတက်အောင် လုပ်ဆောင်ပေးနေတယ်။ ကင်ဆာဝေဒနာရှင်တွေအတွက် ယခင်က ပြည်ပမှာ ကုသရတဲ့ ပက်စီတီဆိုရင် Modular OT မှာ မကြာခင် လအနည်းငယ်အတွင်း ဝန်ဆောင်မှု စမ်းသပ်မှုပြုလုပ်ပေးနိုင်တော့မယ်။ ပြည်သူလူထုအပိုင်းက ဝန်ဆောင်မှုပေးတဲ့အခါ ဆေးရုံကြီးအနေနဲ့ ကြပ်ညပ်နေပေမယ့် များပြားတဲ့ အတွင်းလူနာ၊ အပြင်လူနာတွေကို ကျန်းမာရေးဝန်ထမ်းများက ပင်ပန်းတဲ့ကြားက ကြိုးစားပြီးတော့ ဝန်ဆောင်မှု ပေးနေတာကြောင့် ယခုလို တက်ရောက်ကုသမှုများပြားတာလို့ ယူဆပါတယ်"ဟု ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ၂၀၀၈ ခုနှစ်တွင် ဝေဒနာရှင်ပြည်သူ ၂၅၇၄၀ ဦး၊ ၂၀၀၉ ခုနှစ်တွင် ၃၇၂၆၃ ဦး၊ ၂၀၁၀ ခုနှစ်တွင် ၄၃၃၂၀ ဦး၊ ၂၀၁၁ ခုနှစ်တွင် ၄၆၇၁၃ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၅၀၇၆၇ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၅၈၀၃၁ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၆၂၄၆၈ ဦးနှင့် ယခု ၂၀၁၅ ခုနှစ်တွင် ဩဂုတ်လအထိ ၄၉၈၉၆ ဦးအထိ လာရောက်၍ ဆေးဝါးကုသမှုခံယူခဲ့ကြကြောင်း စာရင်းဇယားများအရ သိရသည်။

"နိုင်ငံတော်က ကျန်းမာရေးဘတ်ဂျက်ကို အများကြီးသုံးစွဲဆောင်ရွက်ပေးနေပါတယ်။ ဆေးတွေကိုလည်း ပြည့်ပြည့်ဝဝ ထောက်ပံ့ပေးနိုင်တယ်။ မြန်မာနိုင်ငံက ကျေးလက်နေ ပြည်သူလူထုများတာကြောင့် ရောဂါကြီးဖြစ်လာရင် ငွေကြေးကအစ သူတို့မိသားစုတွေမှာ ပြင်ဆင်မှုမရှိတာကြောင့် အလွန်စိတ်မကောင်းစရာတွေနဲ့ ကြုံတွေ့ရတယ်။ အခုဆို ပြည်သူတွေကို အခမဲ့ဆေးဝါးကုသမှုနဲ့ ကာကွယ်ပေးနေတယ်။ တစ်စုံတစ်ခုဖြစ်လာရင် ကျန်းမာရေးအတွက် ထပ်ပြီးဝန်ထုပ်ဝန်ပိုးမဖြစ်ရအောင် နိုင်ငံတော်အစိုးရက ပြည်သူအတွက် ဆောင်ရွက်ပေးနေတာပါ။ ဒါကို ပြည်သူအားလုံးက သိပြီးသားဖြစ်ပါတယ်။ ခွဲစိတ်မှုပဲဖြစ်ဖြစ် ကင်ဆာဆိုရင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမှာပါ ဆောင်ရွက်ပေးနေပါတယ်။ အချိန်အများကြီး စောင့်စရာမလိုပါဘူး။ ပြည်သူလူထုကျန်းမာရေးအတွက် စောင့်ရှောက်မှုက ယခင်ကနဲ့မတူပါဘူး၊ ပြည်သူတွေအားလုံးအသိပါပဲ။ ပြည်သူတွေရဲ့ အသံကို နားထောင်ကြည့်ပါလို့ ပြောချင်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်က ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ၁၈၇၂ ခုနှစ်တွင် ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် မျက်နှာချင်းဆိုင်မြေကွက်တွင် ကျွန်းသားဖြင့် အဆောက်အအုံ ဆောက်လုပ်ပြီး ၁၈၇၃ ခုနှစ်တွင် ခုတင် ၄၈၃ လုံးဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။

၁၉၀၅ ခုနှစ် မေ ၆ ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၏ ပင်မအဆောက်ကို Governor Sir H.S Bermes က လက်ရှိနေရာတွင် အုတ်မြစ်ချတည်ဆောက်ပေးခဲ့ရာ ၁၉၁၁ ခုနှစ်တွင် လုံးဝပြီးစီးခဲ့သည်။ မြေညီထပ်အပါအဝင် လေးထပ်အဆောက်အအုံဖြစ်၍ ခုတင် ၃၄၂ လုံးဆံ့ ဆေးရုံကြီးအဖြစ် အိန္ဒိယရူပီးသိန်း ၄၀ ကျော် ကုန်ကျခံတည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။ မြေအကျယ်အဝန်းဧရိယာမှာ ၃၃ ဒသမ ၅၂၉ ဧကရှိပြီး လသာမြို့နယ်တွင် တည်ရှိသည်။

ဒုတိယကမ္ဘာစစ် အပြီးတွင် အဆောက်အအုံများ ထပ်မံတိုးချဲ့ကာ ခုတင် ၅၄၆ ခုတင်ဆံ့အဖြစ် လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ခုတင် ၁၅၀၀ ဆံ့ ဆေးရုံအဖြစ် အထူးဆေးကုသဆောင်များကို လည်းကောင်း ဆောက်လုပ်ကာ တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

၁၉၁၂ ခုနှစ်တွင် နှလုံးဆေးကုသဆောင်၊ ၁၉၅၈ ခုနှစ်တွင် ကင်ဆာရောဂါကုဌာန၊ ၁၉၆၂ ခုနှစ်တွင် အကျုံမြုရောင်ခြည်ဌာန၊ ၁၉၆၄ ခုနှစ်တွင် အရေးပေါ်နှင့်ပြင်ပလူနာဌာန၊ ၁၉၆၅ ခုနှစ်တွင် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာန၊ ၁၉၇၈ ခုနှစ်တွင် ဆီးနှင့်ကျောက်ကပ်ရောဂါဆေးကုဌာန၊ ၁၉၈၁ ခုနှစ်တွင် အရေပြားအထူးကုဌာန၊ ၁၉၈၃ ခုနှစ်တွင် ဦးနှောက်နှင့် အာရုံကြောဆေးကုဌာန၊ ၁၉၉၂ ခုနှစ်တွင် အထူးကြပ်မတ်ကုသဆောင်၊ ၂၀၁၄ ခုနှစ်တွင် သင်ကြားရေးခန်းမနှင့် ၂၀၁၅ ခုနှစ်တွင် တိုးချဲ့ငါးထပ်ဆောင် အဆောက်အအုံများကို တိုးတက်ဖွင့်လှစ်နိုင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ❐❐

# သဖန်းဆိပ်ရေလှောင်တမံ ပင်မရေပိုလွှဲမှ ရေစတင်လျှော့ချထုတ်လွှတ်

**ခင်ဦး အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမံ ပင်မရေပိုလွှဲမှ အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရေစတင်လျှော့ချထုတ်လွှတ်ထားကြောင်း သိရသည်။

သဖန်းဆိပ်ရေလှောင်တမံတွင် အောက်တိုဘာ ၉ ရက်တွင် ရေအမှတ် ၅၄၅ ဒသမ ၅၀ ပေရှိပြီး သိုလှောင်ပမာဏ ၂၉၆၀၁၂၀ ဧကပေသို့ ရောက်ရှိနေသည့်အပြင် ယနေ့တိုင်းထွာချက်များအရ သဖန်းဆိပ်ရေလှောင်တမံတွင် မိုးရေချိန် သုည ဒသမ ၆၂ လက်မ၊ ကောလင်းမြို့တွင် ၅ ဒသမ ၀၆ လက်မ၊ ဝန်းသိုမြို့တွင် ၆ ဒသမ ၁၀ လက်မနှင့် ပင်လည်ဘူးမြို့တွင် ၁ ဒသမ ၈၄ လက်မ မိုးရွာသွန်းခဲ့သည်။

ထို့ကြောင့် တစ်ရက်၊ နှစ်ရက်အတွင်း သဖန်းဆိပ် ရေလှောင်တမံအတွင်းသို့ မိုးရေများ ထပ်မံဝင်ရောက်လာနိုင်သဖြင့် အရေးပေါ်မဖြစ်စေရန် ပင်မရေပိုလွှဲမှ ရေ ၄၀၀၀၀ ကျူးဆက် စတင်ထုတ်လွှတ်ပါကြောင်းနှင့် ယခင်က ရေအားလျှပ်စစ်ထုတ်ပေါက်မှ ၆၀၅၇ ကျူးဆက်၊ စိုက်ပျိုးရေထုတ်ပေါက်မှ ၁၅၀၀ ကျူးဆက် စုစုပေါင်း သဖန်းဆိပ်ရေလှောင်တမံမှ ၄၇၅၅၇ ကျူးဆက် လျှော့ချထုတ်လွှတ်ထားကြောင်း ခင်ဦးမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးအောင်သူရိန်မော်က ပြောသည်။ **(ခင်ဦးစိုးဝေ)**

# အရိုးရောဂါအထူးကုဆေးရုံကြီး(ရန်ကုန်)၏ ခုတင်(၅၀)ဆံ့ ကျောရိုးခွဲစိတ်ကုသဆောင်သစ်ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၉**

ကျန်းမာရေးဝန်ကြီးဌာန အရိုးရောဂါအထူးကုဆေးရုံကြီး(ရန်ကုန်)၏ ခုတင်(၅၀)ဆံ့ ကျောရိုးခွဲစိတ်ကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ အဆိုပါဆေးရုံကြီး၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အရိုးရောဂါအထူးကု ဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်ပြီး အခမ်းအနား ဒုတိယပိုင်းကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ယခုဖွင့်လှစ်လိုက်သော ကျောရိုးခွဲစိတ်ကုသဆောင်သစ်သည် မြန်မာနိုင်ငံတွင် ပထမဆုံးကျောရိုးခွဲစိတ်သီးသန့်ကုသဆောင်ဖြစ်ပါကြောင်း၊ ခေတ်မီခွဲစိတ်ကုသသည့် ကိရိယာများတပ်ဆင်ထားရှိပြီး နိုင်ငံတကာအဆင့်မီ ခွဲစိတ်မှုများပြုလုပ်နိုင်မည်ဟု သိရှိပါကြောင်း၊ ယခုကဲ့သို့ သီးသန့်အဆင့်မြင့် ကျောရိုးခွဲစိတ်ကုသဌာနအနေဖြင့် တည်ဆောက်ထားသည်မှာ နိုင်ငံတကာတွင် အလွန်ထူးခြားရှားပါးသည်ဟု သိရှိရပါကြောင်း။

ယခုအခါ မြန်မာနိုင်ငံတွင် ဩစတြေးလျ၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျပန်၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့တွင် လေ့လာဆည်းပူးခဲ့သော ကျွမ်းကျင်သည့် လည်ပင်းရိုး၊ ကျောရိုး၊ ခါးရိုးခွဲစိတ်ကုသဆရာဝန်များကိုလည်း မွေးထုတ်ထားပြီးဖြစ်ပါကြောင်း၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၌လည်း ကျောရိုးခွဲစိတ် ပါရဂူဘွဲ့ကို ၂၀၁၅ ခုနှစ်မှ စတင်ကာ ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်နေသည့်အချိန်တွင် ယခုကဲ့သို့ ကျောရိုးခွဲစိတ်ကုသဆောင်သစ်ကို ဖွင့်လှစ်နိုင်သည့်အတွက် ပြည်သူလူထုအနေဖြင့် နိုင်ငံတကာအဆင့်ကျန်းမာရေးဝန်ဆောင်မှုကို ရရှိလာမည်ဖြစ်သကဲ့သို့ နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်သောပညာရှင်များ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရာတွင်လည်း တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောရိုးခွဲစိတ်ကုသဆောင်သစ်အတွင်း ခေတ်မီခွဲစိတ်ကုသပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြပြီး**(အပေါ်ပုံ)** ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသော လူနာများအား အားပေးစကားပြောကြားသည်။



ကျောရိုးခွဲစိတ်ကုသဆောင်သစ်တွင် ကျောရိုးရောဂါပြင်ပလူနာဌာန၊ ကျောရိုးလေ့ကျင့်ခန်းဌာန၊ အဆင့်မြင့် Digital X-RAY၊ CT၊ MRI စက်များ၊ ဆေးရုံတစ်ခုလုံးသုံးစွဲနိုင်သည့် Oxygen Plant၊ အထူးကြပ်မတ်ကုသခန်း၊ လည်ပင်းရိုး၊ ခါးရိုးအထူးပြု အဆင့်မြင့်ခွဲစိတ်ခန်းသုံးခန်း၊ ခွဲစိတ်ခန်းသုံးပစ္စည်းများ ပေါင်းတင်သန့်စင်သည့် အဆင့်မြင့်ပိုးသတ်သည့်ယူနစ်တစ်ခု၊ ခွဲစိတ်ကုသစဉ် TV Moniter ဖြင့် ကြည့်ရှုသင်ကြားနိုင်သော စာသင်ခန်း နှစ်ခန်းတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော နိုင်ငံတကာအဆင့်မီခွဲစိတ်ကုသဆောင်သစ်ဖြစ်သည်။

အဆိုပါကျောရိုးခွဲစိတ်ကုသဆောင်သစ်ကို အလှူရှင်များလှူဒါန်းငွေကျပ်သိန်းပေါင်း ၁၂၆၀၀၊ နိုင်ငံတော်မှ ကုန်ကျငွေကျပ်သိန်းပေါင်း ၁၉၈၄၁ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကာ အဆောက်အအုံအတွင်းတပ်ဆင်ထားသော စက်ပစ္စည်းများကို နိုင်ငံတော်မှ ကျပ်သိန်းပေါင်း ၇၁၃၁၀ သိန်း အကုန်အကျခံကာ ဝယ်ယူတပ်ဆင်ပေးထားခြင်းဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် တွေ့ဆုံခြင်း

**မေး။ ဒီကနေ့ပြုလုပ်ခဲ့တဲ့ အစည်းအဝေးပွဲအကြောင်း သိပါရစေ။**

ဖြေ။ ဒီနေ့ ပြုလုပ်ခဲ့တဲ့ပွဲကတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အပါအဝင် ရန်ကုန်မြို့ပေါ်မှာရှိတဲ့ ဆေးရုံကြီးတွေ အဆင့်မြှင့်တင်ဖို့နဲ့ ကုသရေးတွေမှာ အဆင့်မြင့်မြင့် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲ ဖြစ်ပါတယ်။

**မေး။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ အဆင့်မြှင့်တင်နေမှုတွေနဲ့ တိုးချဲ့တည်ဆောက်မှုအပိုင်းတွေကိုလည်း ပြောပြပေးပါ။**

ဖြေ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ဆောက်လုပ်နေတဲ့ အဆင့်မြှင့်တင်ရေး လုပ်ငန်းတွေဟာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရအဖွဲ့လက်ထက်မှာ စီမံကိန်းစတင်ခဲ့ပြီးတော့ ဒီအစိုးရလက်ထက်မှာပဲ ပြီးစီးအောင်ဆောင်ရွက်တဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။ တချို့လုပ်ငန်းတွေကတော့ ဆက်လက်ဆောင်ရွက်သွားဖို့ရှိပါတယ်။ ပြီးစီးသွားတဲ့လုပ်ငန်းတွေကတော့ ငါးထပ်ဆောင်က အဆင့်မြင့်မြင့်ခေတ်မီတဲ့ Operation Theatre ၁၀ လုံး ပါတဲ့အဆောင်သစ်ကြီးကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီအဆောင်ကြီးကို ဖွင့်လှစ်နိုင်တဲ့အခါမှာ နိုင်ငံတော်ဘတ်ဂျက်နဲ့ပဲ အစအဆုံး အသုံးပြုတာဖြစ်ပြီးတော့ နိုင်ငံခြားအကူအညီမပါဘဲနဲ့ ဆောင်ရွက်ခဲ့တဲ့ အဆောက်အအုံဖြစ်ပါတယ်။

**မေး။ ဆက်လက်တိုးချဲ့ဆောင်ရွက်နေတဲ့ စီမံကိန်းတွေအကြောင်းကိုလည်း ပြောပြပေးပါ။**

ဖြေ။ ဆက်လက်ပြီးတော့ ပင်မဆောင်ကိုလည်း ဆက်လက်ပြုပြင်နေတဲ့အခါမှာ အခုဆိုရင် ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ပါတယ်။ ဒါ့အပြင် ဒီဆေးရုံကြီး အဆင့်မြှင့်တင်မှုတွေ ပြီးရင် လုပ်သားပြည်သူတွေဟာ ပြည်သူ့ဆေးရုံကြီးကို အားကိုးလာမယ်။ များပြားလာတဲ့ လူနာတွေကို ခေတ်မီမီနဲ့ စိတ်ချမ်းချမ်းသာသာ ဆေးကုသပေးနိုင်ဖို့အတွက် အဆင့်မြှင့်တင်မှုတွေ၊ တိုးချဲ့တည်ဆောက်မှုတွေ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အခုဘဏ္ဍာနှစ်မှာ ၁၂ ထပ်ဆောင် ခုတင်(၁၀၀၀)ကျော်ဆံ့ အဆောက်အအုံ ဆက်လက်ဆောက်လုပ်နေပါပြီ။

**မေး။ ၁၂ ထပ် အဆောက်အအုံသစ်ဆောက်လုပ်ဖို့ ဘတ်ဂျက်ဘယ်လောက်လျာထားပါသလဲ။ ဘာတွေပါဝင်မှာပါသလဲဆရာ။**

ဖြေ။ ဘတ်ဂျက်အနေနဲ့ကတော့ ၇ ဒသမ ၇ ဘီလီယံလောက်တော့ ခန့်မှန်းထားပါတယ်။ ပြီးခဲ့တဲ့လက စတင်ဆောင်ရွက်ခဲ့တာဖြစ်ပြီး တစ်နှစ်အတွင်း ပြီးစီးဖို့ ရည်ရွယ်ဆောက်လုပ်နေပါတယ်။ အားလုံးဟာ နိုင်ငံတော်ရဲ့ ဘတ်ဂျက်နဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီ ၁၂ ထပ် ဆောင်မှာဆိုရင် အရေးပေါ် ထိခိုက်ဒဏ်ရာရတဲ့ လူနာတွေကုသဖို့၊ အရေးပေါ်ထိခိုက်ဒဏ်ရာရတဲ့ လူနေတွေထဲကမှ အရိုးကျိုးတာတို့ကိုထားဖို့ လူနာဆောင်ပါပါတယ်။ ဦးနှောက်ထိခိုက်တဲ့သူတွေအတွက် လူနာဆောင်၊ မျက်နှာနဲ့ ခံတွင်း ထိခိုက်တဲ့သူတွေအတွက် လူနာဆောင် ပါပါတယ်။ အရေးပေါ်ခွဲစိတ်ကုသတဲ့အဆောင်၊ ဖျားနာတဲ့ လူနာတွေထားဖို့ ဖျားနာဆောင်၊ ပြည်သူ့ဆေးရုံကြီးမှာ မရှိမဖြစ်လိုအပ်တဲ့ ဓာတ်ခွဲခန်း၊ ဓာတ်မှန်တို့ အထောက်အကူပြုအဖွဲ့တွေအတွက် ပါပါမယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဟာ သင်ကြားရေးဆေးရုံကြီးလည်း ဖြစ်တဲ့အတွက် ကျောင်းသားတွေအတွက် စာသင်ကြားရေးမှာ လိုအပ်တဲ့ စာသင်ခန်းတွေ၊ စာသင်ခန်းအထောက် အကူပြုတွေပါဝင်မှာ ဖြစ်ပါတယ်။



ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း။

**မေး။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပြင် ထပ်မံဆောင်ရွက်သွားမယ့်အကြောင်းလေးတွေ ဖြည့်စွက်ပြောကြားပေးပါ။**

ဖြေ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပြင် ရန်ကုန်မြို့ပေါ်က ဆေးရုံကြီးတွေ အဆင့်မြှင့်တင်ဆောင်ရွက်ဖို့၊ ကုသရေးတွေမှာ အဆင့်မြင့်မြင့် ဆောင်ရွက်ပေးနိုင်ဖို့ အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လူနာတွေရဲ့ စစ်တမ်းကြည့်ရင် ရန်ကုန်မြို့နဲ့ အနီးတစ်ဝိုက်အပြင် အခြားမြို့တွေ ပါလာတဲ့အတွက် လူနာတွေအနေနဲ့ ပိုပြီးနီးတဲ့နေရာလာနိုင်အောင်၊ လာရတာသက်သာအောင် ရန်ကုန်မြို့အဝင် ထောက်ကြန့်မှာ အထွေထွေရောဂါကု ဆေးရုံတစ်ရုံ၊ လှိုင်သာယာမှာ ဆေးရုံတစ်ရုံ ဆောက်လုပ်သွားဖို့ ရှိပါတယ်။

ကျေးဇူးတင်ပါတယ်။

**ဆုနှင်းလွဲ**

## လေဖိအားနည်းရပ်ဝန်း ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းအနီးမှ ရွေ့လျားဝင်ရောက်ခဲ့

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းအနီးမှ ရွေ့လျားဝင်ရောက်ခဲ့ပြီး အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ နောက် ၂၄ နာရီအတွင်း တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြစ်ရေရုတ်တရက်မြင့်တက်လာနိုင်ပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန် အကြံပြုအပ်ပါကြောင်းဖြင့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## လေဖိအားနည်းအရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက်သုံးရက်အတွင်း အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် ၃ လက်မ(၇၇ မီလီမီတာ)နှင့်အထက် ရွာသွန်းနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် တစ်လက်မခွဲ(၃၈ မီလီမီတာ)နှင့်အထက် ရွာသွန်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**


## ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်

**တမူး အောက်တိုဘာ ၉**

မြစိမ်းရောင်စီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၅ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါ သင်တန်းအား တမူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုလျာထားပေးသည့် ကျေးရွာကိုးရွာနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကျေးရွာနှစ်ရွာ စုစုပေါင်း ကျေးရွာ ၁၁ ရွာမှ သင်တန်းသား ၃၅ ဦးအား သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**



# Star Wars ရုပ်ရှင်သစ် ထုတ်လွှင့်ပြသမည့်ရက် ထုတ်ပြန်ကြေညာ

ကမ္ဘာကျော် Star Wars ရုပ်ရှင်များ၏ ရုပ်ရှင်သစ် "The Force Awakens " ကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ဒီဇင်ဘာ၁၄ ရက်မှ စတင်ကာ စမ်းသပ်ပြသသွားမည်ဖြစ်ကြောင်း ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်ပြန်ကြေညာခဲ့သည်ကို သည်ဟောလိဝုဒ်ရက်ပေါ်တာဒေါ့ကွန်းက ဖော်ပြခဲ့သည်။

အဆိုပါရုပ်ရှင်ကို လန်ဒန်မြို့နှင့် ကမ္ဘာတစ်ဝန်းရှိ အခြားသောမြို့ကြီးများတွင်လည်း ထုတ်လွှင့်ပြသသွားရန် စီစဉ်ထားကြောင်းသိရသည်။

ယင်းရုပ်ရှင်ကို ဂျေဂျေအာဘရန်စ်က တာဝန်ယူရိုက်ကူးပေးခဲ့ခြင်းဖြစ်ကာ ရုပ်ရှင်များ၏ ပင်တိုင်ဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ကြသော ဟယ်ရီစန်ဖို့ဒ်၊ ကာရီဖစ်ရှာ၊ မာ့ခ်ဟန်မေးလ်၊ အန်တိုနီဒန်နီရယ်လ်နှင့် ပီတာမေဟူးလ်တို့က ပါဝင်သရုပ်ထားပြီး ဂျွန်ဘွိုင်းရီဂါ၊ ဒိုင်စီရစ်ဒ်လေးနှင့် အော်စကာအိုင်းဇက်တို့လည်း သရုပ်ဆောင်သစ်များအဖြစ်ပါဝင်အားဖြည့်ထားသည်။

ရုပ်ရှင်သစ် The Force Awakens ကို ဒီဇင်ဘာ ၁၆ရက်တွင် ပြင်သစ်၌လည်းကောင်း၊ ၁၇ရက်တွင် အင်္ဂလန်၌လည်းကောင်း၊ ၁၈ရက်တွင် အမေရိကန်တစ်ဝန်း၌လည်းကောင်း အသီးသီးရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အေးပြည့် - ရေးသားသည်။



# ဆယ်နှစ်အကြာတွင် ပထမဦးဆုံးသောတေးအယ်လ်ဘမ်ကို ပြန်လည်ထုတ်လုပ်မည့် မစ်စီအဲလိယော့ထ်

ဟစ်ပ်ဟော့ပ်အဆိုတော်နှင့် သီချင်းရေးဆရာအဖြစ်ကျော်ကြားခဲ့သည့် မစ်စီအဲလိယော့ထ်သည် လွန်ခဲ့သည့်ဆယ်နှစ်အတွင်းသူ၏တေးအယ်လ်ဘမ်သစ်တစ်စုံတစ်ရာကိုမျှ ထုတ်လုပ်နိုင်ခဲ့ခြင်းမရှိသော်လည်း မစ်စီသည် ပြီးခဲ့သည့် အင်္ဂါနေ့က သူ၏တေးသီချင်းဗီဒီယိုသစ်တစ်ခုအတွက် လန်ဒန်မြို့တွင်း တစ်နေရာသို့ သွားရောက်ရိုက်ကူးခဲ့ကြောင်း တီအမ်ဇက်ဒေါ့ကွန်းက ဖော်ပြခဲ့သည်။

အဆိုပါတေးသီချင်းဗီဒီယိုသည် မစ်စီ၏တေးအယ်လ်ဘမ်သစ်တွင်ပါဝင်သည့် တေးသီချင်းသစ် "WTF" အတွက် ရိုက်ကူးခဲ့ခြင်းဖြစ်ကာ သူ၏တေးအယ်လ်ဘမ်သစ်အတွက် သီချင်းများအသံသွင်းနေပြီဖြစ်ကြောင်းကို မစ်စီက ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းကပင် ပရိသတ်များအား ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

# GQမဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်ဖြစ်လာတဲ့ တေလာဆွစ်

အမေရိကန်ပေ့ါပ်အဆိုတော်တေလာဆွစ်ဟာ တေးဂီတလောကမှာ အောင်မြင်တဲ့ ပေ့ါပ်အဆိုတော်တစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင်သူဟာ ၂၀၁၅ ခုနှစ်အတွက် ဩဇာအရှိဆုံးသော အမျိုးသမီး(၁၀၀)မှာပါဝင်တဲ့ အသက်အငယ်ဆုံးသော အမျိုးသမီးတစ်ဦးလည်းဖြစ်ပါတယ်။ အဲ့ဒီလိုအောင်မြင်မှုအပေါင်း သရဖူဆောင်းနေတဲ့ တေလာဟာ လတ်တလောမှာ သူ့ရဲ့အနုပညာနယ်ပယ်ကို ထပ်မံချဲ့ထွင်ခဲ့ပြန်ပါတယ်။

သူဟာ GQ မဂ္ဂဇင်းရဲ့ နိုဝင်ဘာလထုတ်မဂ္ဂဇင်းအတွက် မျက်နှာဖုံးဓာတ်ပုံတွေကို ရိုက်ကူးပေးခဲ့ပြီး မျက်နှာဖုံးရှင်တစ်ဦးဖြစ်လာခဲ့ပြန်ပါတယ်။ အသက်(၂၅)နှစ် အရွယ်ပေ့ါပ်အဆိုတော်အတွက် မျက်နှာဖုံးဓာတ်ပုံတွေကို ကျော်ကြားတဲ့ ဓာတ်ပုံဆရာတစ်ဦးဖြစ်တဲ့ မိုက်ကယ်လ်သွန်ပ်စန်က ရိုက်ကူးပေးခဲ့တာပါ။

နာမည်ကျော်စာရေးဆရာတစ်ဦးဖြစ်တဲ့ ချက်ကလိုစတာမန်က အဆိုပါမဂ္ဂဇင်းမှာ ပါဝင်တဲ့ သူရဲ့ဆောင်းပါးတစ်ပုဒ်မှာ "မင်းဟာ တေလာဆွစ်အကြောင်းတွေကို သေသေချာချာမသိဘူးဆိုရင် မင်းဟာ ခေတ်ပေါ်တေးဂီတအကြောင်းကိုလည်း ဂဃနဏ မသိဘူးလို့ ပြောလို့ရပါတယ်"လို့တေလာရဲ့ ကျော်ကြားမှုနှင့် အောင်မြင်မှုအတိုင်းအတာကို ထုတ်ဖော်ရေးသားထားကြောင်း မေးအွန်လိုင်းဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။



# ဆိုဂျီဆပ်နဲ့ ရှင်မင်အတို့ရဲ့ ရုပ်ရှင်သစ်

ခေါင်းဆောင်မင်းသားအဖြစ် တောင်ကိုရီးယားမင်းသားချောဆိုဂျီဆပ်နှင့်ခေါင်းဆောင်မင်းသမီးအဖြစ် ရှင်မင်အတို့ ပါဝင်သရုပ်ဆောင်ထားသည့် ရုပ်ရှင်သစ် "Oh My God" ကို "Oh My Venus"ဟု အမည်ပြောင်းလဲခဲ့ပြီး KBS ရုပ်သံလိုင်းမှ နိုဝင်ဘာ ၁၆ရက်တွင် စတင်ထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲသည် အချစ်ဟာသရုပ်ရှင်အမျိုးအစားလည်းဖြစ်သည်။

ကျန်းမာတောင့်တင်းသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသည့် မင်းသားဆိုဂျီဆပ်က သူ၏ခန္ဓာကိုယ် တည်ဆောက်ပုံနှင့် လိုက်ဖက်ညီစွာ ကျန်းမာရေး သင်တန်းဆရာတစ်ဦးအဖြစ်ပါဝင်သရုပ်ဆောင်ထားပြီး ရှင်မင်အကမူ သူ၏နာမည်ကိုပြန်လည်ရရှိရန်ကြိုးပမ်းနေရသော ရှေ့နေတစ်ဦးအဖြစ်ပါဝင်ထားသည်။ ယင်းရုပ်ရှင်တွင် ရှင်မင်အသည် တစ်ချိန်က စွဲဆောင်မှုရှိသည့် ခန္ဓာကိုယ်လှပမှုမျိုး ပြန်လည်ရရှိအောင် ကြိုးပမ်းရာမှ ဆိုဂျီဆပ်နှင့် တွေ့ဆုံကာ ချစ်သူများဖြစ်လာခဲ့ကြသည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

၁၀ - ၁၀ - ၂၀၁၅ (စနေနေ့)

## မြန်မာ့ရုပ်မြင်သံကြား Enterainment Channel

၆း၀၀ အဖွင့်
သီချင်းကြီးပဒေသာ
၆း၁၅ "ဘဝထဲက ဝတ္ထု၊ ဝတ္ထုထဲကဘဝ" ပန်းမွေ့ရာရွှေကော်ဇောရယ်နဲ့"
၆း၃၅ "မြန်မာ့တကောင်းပျူတကောင်း" "မြင့်မိုရ်မေမေ" (အပိုင်း-၂၈)
၇း၀၀ ပျော်ရွှင်စေသောနေ့ရက်များ "မလွဲမှဟုတ်ရော" (အပိုင်း-၈)
၇း၁၅ ဟိုးတုန်းက . . . ကက်ဆက်ဇာတ်လမ်းများ"မငြိမ်းနွဲ့ချွတ်ခန်း" စောမြတ်နိုး၊ ဘလိတ်၊ အောင်မင်းဆွေ၊ ချိုတေးလွင်လွင် ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)
၈း၃၀ "လေဘာတီမမြရင် နှစ်(၁၀၀)ပြည့် မန္တလေးအငြိမ့်အလွမ်းပြေ" (နောက်ပိုင်းမင်းသမီး - ပန်တျာ ငွေးငွေးမြင့်၊ လူရွှင်တော်-ပေါ်စံ၊ သိန်းစူ၊ ဒီပါ၊ ချစ်စရာ
၁၀း၀၀ "လက်လွှတ်မခံသင့်တဲ့ အခွင့်အရေး"
၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "ရာဇဝင်ထဲက ပုဂံသူ" နေတိုး၊ ဝတ်မှုံရွှေရည် ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)
၁၂း၀၀ အစီအစဉ်ပြီး၏

တစ်နေ့ (၆) နာရီစာ (၄) ကြိမ် ပြသပါမည်။

## MRTV - 4

၅း၀၀ ပဌာန်းပါဠိတော်၊ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၈း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၁၁၀)
၉း၄၀ Drive It
၁၁း၀၀ Star တို့ရဲ့လက်ရာ
၁၁း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၁၇+၁၈)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး"[စိတ်ဆိုသည်မှာ (အပိုင်း-၁)]
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၇၈)
၃း၄၀ Fashion Week(Designer Min Khant)
၄း၄၅ (၆၃)ကြိမ်မြောက် အဘဘိုးမင်းခေါင် ထွက်ပွဲအောင်ပွဲ
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၇၉)
၇း၃၅ Let's Talk
၈း၁၀ Forever Gems By ရွှေနန်းတော် Grand Prize Lucky Draw
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (ဇာတ်သိမ်းပိုင်း)
၁၀း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၁၉+၂၀)
၁း၁၅ European Qualifiers Israel Vs Cyprus(LIVE)
၃း၁၅ MRTV-4 Stage
၃း၄၀ အများထဲကတစ်ယောက်
၄း၄၅ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ပြည်ရွှေဘုံသာမုနိဘုရားကြီး)

## မြဝတီ

၆း၀၃ တရားတော်
၆း၁၀ မေတ္တာပို့
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၃၅ မြန်မာသံစဉ်ချိုနားဝင်
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ မွေးမြူသုတ
၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၁၁း၀၀ English For Myanmar
၁၁း၃၀ မြန်မာသံစဉ်ချိုနားဝင်
၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် အမေ့သားသီလ ဂွန်ကို၊ နှင်းဝတ်ရည်သောင်းနှင့် သရုပ်ဆောင်များ ဒါရိုက်တာ-မောင်ပညာ
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောကွန်မန်ဒို (အပိုင်း-၁၈)
၁း၃၀ သံစဉ်များနှင့်ကမ္ဘာ
၄း၁၃ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၅ ကျန်းမာသုတ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ (အပိုင်း-၆၈)
၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၁၀ စားဖို့ဆောင်ချစ်သူ
၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရင်နှစ်သီးခြာချစ်လိပ်ပြာ (အပိုင်း-၂၅)
- လူရွှင်တော်စတား
- ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရာဇဝင်တွင်မည့်နိမိတ်သခင် (အပိုင်း-၇)

## mitv

07:26 Great Shwedagon- The Historic Bells
07:40 Welcome to the Southernmost part of Myanmar
07:50 Sagaing: Youth Leader
08:26 A Famous Festival & Its Fantastic Fair
08:53 Art Students: Their Dream
09:26 Travelogue "Chaung Tha at its peak period"
09:40 International Dances in Myanmar
10:26 Discovering Tribes "Gaybar Kayin"
10:49 A Star for Great Achievement
07:26 Snow Flakes… Scenic Confluence… To Kachin State
07:48 Today Myanmar: Broadcasting Law
08:26 National Literary Icon and Guiding Light of Myanmar Literature "Sayar Zaw Gyi" (Episode-2) (Service Life and Literary Journey)
08:50 Myanmar Masterclass: Artist Tin Win (Beikthano)

# ကိုယ်အလေးချိန်လျှော့ချဖို့ လိုအပ်နေတဲ့ ကော်စတာ

ချယ်လ်ဆီး တိုက်စစ်မှူး ကော်စတာက သူ့အနေဖြင့် ယခုနှစ် နွေရာသီတွင် ကိုယ်အလေးချိန် လျှော့ချသည့် အစီအစဉ် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပြီး ကိုယ်အလေးချိန် တက်လာခဲ့ခြင်းက သူ၏ခြေစွမ်းကို ထိခိုက်စေခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ကော်စတာသည် ယခုနှစ်တွင် ချယ်လ်ဆီးအတွက် စုစုပေါင်းရှစ်ပွဲအထိ ဝင်ရောက်ကစားပေးခဲ့သော်လည်း သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခြင်းအပေါ်တွင် ဝေဖန်မှုများကြုံတွေ့နေရသူဖြစ်သည်။

"ကျွန်တော်အနေနဲ့ မနှစ်က ဘောလုံးရာသီကုန်ခါနီး ဒဏ်ရာရရှိခဲ့တော့ ဒီအတိုင်းပဲ နွေရာသီအားလပ်ရက်ကို ဆက်လက်ဖြတ်သန်းခဲ့တာကြောင့် ကိုယ်အလေးချိန်အနည်းငယ်တက်နေပါတယ်။ ဒါက ပြိုင်ပွဲအပေါ် အကျိုးသက်ရောက်မှုလည်းရှိခဲ့တယ်ဆိုတာ ကျွန်တော်လက်ခံပါတယ်။ အခုအသင်းအနေနဲ့ အခြေအနေဆိုးတစ်ခုရင်ဆိုင်နေရပြီး ဒီအတွက် တာဝန်ရှိတယ်လို့လည်း ကျွန်တော်တို့အားလုံးခံယူထားပါတယ်။ ဒီအရှုံးက နည်းပြတစ်ဦးတည်းအပေါ်မှာ အပြစ်ဖို့လို့မရပါဘူး။ ဘယ်ကစားသမားကိုပဲမေးမေး ကမ္ဘာပေါ်မှာ အကောင်းဆုံးနည်းပြသုံးဦးက မော်ရင်ဟို၊ ဂွါဒီယိုလာနဲ့ ဆီမွန်နီတို့ပဲလို့ဖြေမှာပါ" ဟု ကော်စတာက လက်ရှိချယ်လ်ဆီး၏အနေအထားနှင့် ပတ်သက်၍ ရှင်းပြခဲ့သည်။

ကော်စတာက မော်ရင်ဟို၏ စီမံခန့်ခွဲမှုအရည်အချင်းအပေါ်တွင် ၎င်းအနေဖြင့် မည်သည့်အခါကမျှ သံသယမရှိခဲ့ကြောင်း၊ ချယ်လ်ဆီးအနေဖြင့် လာမည့် ပွဲစဉ်များတွင် ယမန်နှစ်က ပြသခဲ့သည့်ခြေစွမ်းအတိုင်း ပြန်လည်ကစားပေးမည်ဖြစ်ကြောင်းလည်း တစ်ဆက်တည်းပင် ကတိပြုပြောကြားခဲ့သည်။

# ပေါ်တူဂီ နှင့် မြောက်အိုင်ယာလန် ယူရိုခြေစစ်ပွဲအောင်မြင်





အုပ်စု(စ)မှာ ဦးဆောင်နေတဲ့မြောက်အိုင်ယာလန်နဲ့ အုပ်စု(ဈ)ရဲ့ပထမနေရာကို ရယူထားနိုင်တဲ့ပေါ်တူဂီတို့က အောက်တိုဘာ ၈ ရက်မှာ ကစားခဲ့တဲ့ ပွဲစဉ်တွေမှာ ပြိုင်ဘက်အသီးသီးကိုအနိုင်ယူနိုင်ခဲ့တဲ့အတွက် ယူရို ၂၀၁၆ ခြေစစ်ပွဲ ပွဲစဉ်တွေ ကစားဖို့ တစ်ပွဲကျန်အနေအထားမှာပဲခြေစစ်ပွဲအောင်မြင်ခဲ့ကြပြီဖြစ်ပါတယ်။ မြောက်အိုင်ယာလန်က ဂရိကို သုံးဂိုး-တစ်ဂိုးဆိုတဲ့ရလဒ်နဲ့ အိမ်ကွင်းမှာ ပြတ်ပြတ်သားသားအနိုင်ယူပြီး ယူရို၂၀၁၆ ဖလားပွဲဆီကို အရောက်ချီတက်နိုင်ခဲ့ပါတယ်။

မြောက်အိုင်ယာလန်အသင်းရဲ့ အဓိက ကစားသမားလေးဦးက ဒီပွဲမှာ ဒဏ်ရာပြဿနာကြောင့် ဝင်ရောက်ကစားနိုင်ခြင်းမရှိခဲ့ဘဲ ဘောလုံးပိုင်ဆိုင်မှုမှာလည်း ၃၃ ရာခိုင်နှုန်းလောက်ပဲရှိခဲ့ပေမယ့် ဂိုးသွင်းသေသပ်တဲ့ ကွင်းလယ်ကစားသမားဒေးဗီးစ်နဲ့ တိုက်စစ်မှူး မာဂျီနစ်တို့ရဲ့ သွင်းဂိုးတွေကြောင့် အခုလို ဂိုးပြတ်နိုင်ပွဲရရှိခဲ့တာပါ။ ပွဲပြီးဖို့လေးမိနစ်အလိုမှာဂရိရဲ့ အာရာဗီဒစ်က ချေပဂိုးတစ်ဂိုးပြန်သွင်းနိုင်ခဲ့ပေမယ့် ဒီသွင်းဂိုးဟာ မြောက်အိုင်ယာလန်ရဲ့ အိပ်မက်ကို ဖြိုဖျက်ဖို့ နောက်ကျသွားခဲ့ပါပြီ။

ခရစ္စတီယာနိုရိုနယ်လ်ဒိုဦးဆောင်တဲ့ ပေါ်တူဂီအသင်းကတော့ အုပ်စုတွင်းအဓိက ပြိုင်ဘက်ဖြစ်တဲ့ ဒိန်းမတ်ကို မော်တင်ဟိုရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ယူပြီး ယူရိုဖလားဝင်ခွင့် လက်မှတ်ကို ပိပိပြင်ပြင်ဆုပ်ကိုင်နိုင်ခဲ့ပါပြီ။ ဒိန်းမတ်အနေနဲ့ လက်ကျန်ပွဲကစားဖို့ မကျန်ရှိတော့ပေမယ့်လည်း တစ်ဖက်မှာ အယ်လ်ဘေးနီးယားက ဆားဘီးယားကို နှစ်ဂိုး-ဂိုးမရှိနဲ့ရှုံးနိမ့်ခဲ့တာကြောင့် တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့မျှော်လင့်ချက်ကို စောစောစီးစီး လက်မလွှတ်ခဲ့ရတာဖြစ်ပါတယ်။ အယ်လ်ဘေးနီးယားကတော့ အောက်တိုဘာ ၁၁ ရက်မှာ ကစားမယ့် ပွဲမှာ အာမေးနီးယားနဲ့ပွဲမှာ အနိုင်ကစားနိုင်ခဲ့ရင် ပေါ်တူဂီနဲ့အတူ တိုက်ရိုက်ခြေစစ်ပွဲအောင်ခွင့်ရရှိမှာ ဖြစ်တဲ့အတွက် ခြေကုန်ထုတ်ကစားတော့မှာပါ။

ဒိန်းမတ်ကယခုဒီပွဲမှာ ပေါ်တူဂီကို ကွင်းလယ်ကစားကွက်ချင်းယှဉ်ကစားနိုင်ခဲ့ပေမယ့် တိုက်စစ်မှာတော့ ထိထိရောက်ရောက် ထိုးဖောက်နိုင်မှုတွေမပြုလုပ်နိုင်တာကိုတွေ့ရပါတယ်။ဒါတောင်ဒိန်းမတ်ဂိုးသမားရှမိုက်ကယ်က စီရိုနယ်လ်ဒိုရဲ့ အလွတ်တည်ကန်ဘော အပါအဝင် ပွဲပြီးခါနီးပင်နယ်တီဧရိယာအပြင်ဘက်က ညာခြေနဲ့ အပြင်းကန်သွင်းယူမှုတွေကို လက်စွမ်းပြကာကွယ်နိုင်လို့သာ ဒီထက်ပိုပြီး ဂိုးမပြတ်ခဲ့တာဖြစ်ပါတယ်။

အုပ်စု(ယ)မှာတော့ ကမ္ဘာ့ချန်ပီယံဂျာမနီက အိုင်ယာလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးနိမ့်ခဲ့တဲ့အတွက် ခြေစစ်ပွဲအောင်ဖို့ နောက်ဆုံးကစားမယ့်ပွဲအထိရှန်းကန်ရတော့မှာဖြစ်ပါတယ်။ ဒါ့အပြင်ဂျာမနီအနေနဲ့ ပိုလန်၊ အိုင်ယာလန်တို့နဲ့လည်း ရမှတ်တစ်မှတ်သာ ကွာဟတော့တာကြောင့် လက်ကျန်ပွဲမှာဘယ်လိုမှအမှားခံလို့ မရတော့တဲ့ အနေအထားပါ။ ဒါပေမယ့် အုပ်စုနောက်ဆုံး ပွဲစဉ်မှာ ဂျာမနီနဲ့ တွေ့ဆုံရမယ့် အသင်းက ဂျော်ဂျီယာလိုခြေစွမ်းပိုင်းအားနည်းမှုရှိတဲ့အသင်းဖြစ်ပြီး ပိုလန်နဲ့အိုင်ယာလန်တို့ ထိပ်တိုက်တွေ့ဆုံနေတဲ့အတွက် ဂျာမနီသာ အုပ်စုပထမနေရာနဲ့ ခြေစစ်ပွဲအောင်ဖို့ အလားအလာ ကောင်းနေဆဲပါ။

ဒီယူရို၂၀၁၆ပွဲမှာ ဂရိတ်ဗြိတိန် အသင်းတွေဖြစ်တဲ့ အင်္ဂလန်၊ မြောက်အိုင်ယာလန်တို့ကခြေစစ်ပွဲအောင်မြင်ပြီး ဖြစ်သလို ဝေလအသင်းကလည်း နှစ်ပေါင်း ၆၀အတွင်းမှာ အဓိကဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်ဖို့ အလားအလာ အကောင်းဆုံး အနေအထားကို ရောက်ရှိနေတဲ့အတွက် ဒါက ပရီမီယာလိဂ်က ရရှိလာတဲ့ငွေကြေးအမြတ်အစွန်းအပြင် ဒေသတွင်းလူငယ်ကစားသမားတွေကိုမွေးထုတ်နိုင်ခဲ့တဲ့ နောက်ဆက်တွဲ အကျိုးရလဒ်လို့ သုံးသပ်ရမှာပါ။ စကော့တလန်ကတော့ ပိုလန်ကို အိမ်ကွင်းမှာ သရေသာကစားနိုင်ခဲ့လို့ ခြေစစ်ပွဲအောင်ဖို့မျှော်လင့်ချက်ကို လုံးဝစွန့်လွှတ်လိုက်ရပြီ ဖြစ်ပါတယ်။



# အင်္ဂလန်အသင်း၏ တိုက်စစ်နေရာတွင် ကစားခွင့်ရချင်ကြောင်း တောင်းဆိုလိုက်သည့် ဝဲလ်ကော့

အင်္ဂလန်အသင်းခေါင်းဆောင်ဝိန်းရွန်းနီသည် ခြေချင်း ဝတ်ဒဏ်ရာကြောင့် အင်္ဂလန်အသင်း၏ဥရောပဖလား ခြေစစ်ပွဲလက်ကျန်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ရာ ဝဲလ်ကော့က ၎င်းအနေဖြင့် အင်္ဂလန်၏တိုက်စစ်ကို ဦးဆောင်ကစားခွင့်ရချင်ကြောင်း နည်းပြရွိုင်းဟော့ဆန်အား တောင်းဆိုလိုက်သည်။ ဝိန်းရွန်းနီသည် အင်္ဂလန်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်များတွင်လည်း ဝင်ရောက်ကစားနိုင်ခြင်း မရှိခဲ့ပေ။


ဝဲလ်ကော့က ၎င်းမှာတိုက်စစ်မှူးအဖြစ် ကစားနိုင်သည်ကို လူတိုင်းသိရှိထားကြောင်း၊ အင်္ဂလန်အသင်းအတွက်လည်း အဆိုပါနေရာတွင်သာ ကစားခွင့်ရရှိချင်ကြောင်း၊သူ၏တိုးတက်လာမှုကို မန်ယူအားရင်ဆိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်၌ ပရိသတ်များအနေဖြင့် အထင်အရှားမြင်တွေ့ရမည်ဖြစ်ကြောင်း၊ ကွင်းလယ်တွင်ကစားသည့်အခါသူ၏ခြေစွမ်းမှာ ကျဆင်းသွားခဲ့ကြောင်းနှင့် တိုက်စစ်နေရာမှာသာ ၎င်းအတွက် အသင့်လျော်ဆုံးနေရာဖြစ်ကြောင်းဆိုခဲ့သည်။

အင်္ဂလန်အသင်းသည် ခြေစစ်ပွဲရှစ်ပွဲကစားပြီးနောက် ပွဲစဉ်တိုင်းအနိုင်ရကာ ရမှတ် ၂၄ မှတ်ဖြင့် ယူရို၂၀၁၆ ခြေစစ်ပွဲပထမဆုံးအောင်မြင်ခဲ့သော အသင်းဖြစ်ခဲ့ရာ အက်စ်တိုးနီးယားနှင့် လစ်သူယေးနီးယားအသင်းတို့အား ရင်ဆိုင်ရမည့် လက်ကျန်ပွဲစဉ်များကို ဖိအားကင်းကင်းဖြင့် ကစားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နည်းပြရွိုင်းဟော့ဆန်အနေဖြင့် လူထုတ်ပုံ၊ ကစားကွက်စမ်းသပ်အသုံးပြုသည့် ပွဲစဉ်များအဖြစ်သာ ယှဉ်ပြိုင်သွားဖွယ်ရှိသည်။သို့သော် အင်္ဂလန်တိုက်စစ်နေရာ၌ ဟယ်ရီကိန်း၊ စတာလင်းစသည့် လူငယ်ခြေတက်ကစားသမားများလည်းရှိနေရာ ဝဲလ်ကော့အားတောင်ပံတိုက်စစ်နေရာတွင်သာ အသုံးပြုသွားဖွယ်ရှိသည်။

## အားကစားလောကသတင်းတိုများ

- တိုက်စစ်မှူးကာရင်ဘင်ဇီမာမှာ ပြင်သစ်က အာမေးနီးယားအား လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသော ပွဲတွင် ကိုယ်တိုင်သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သလို ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ပေးနိုင်ခဲ့သော်လည်း ယင်းပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။
- ချယ်လ်ဆီးကွင်းလယ်ကစားသမား ရာမီရက်စ်က မော်ရင်ဟိုအနေဖြင့် ချယ်လ်ဆီးကစားသမားအပေါ် စိတ်ဆိုးဒေါသဖြစ်သင့်ကြောင်း ပြောကြားခဲ့သည်။
- ဂျာမနီနည်းပြ ဂျိုအာချင်လိုက ဂျာမနီက အိုင်ယာလန်အား မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ပြီးနောက် အိုင်ယာလန်အသင်း၏ အချိန်ဆွဲကစားမှုအပေါ် ဝေဖန်ပြစ်တင်ခဲ့သည်။
- ကမ္ဘာ့ဖလားခြေစစ်ပွဲတောင်အမေရိကဇုန်တွင် အင်အားကြီးအသင်းကြီးနှစ်သင်းဖြစ်သော ဘရာဇီးနှင့် အာဂျင်တီးနားတို့သည် အံ့အားသင့်ဖွယ် ပြိုင်ဘက်အသီးသီးအား ရှုံးနိမ့်ကြသည်။
- အာစင်ဝင်းဂါးသည် ကာဇိုလာ၏ခြေစွမ်းအပေါ် သံသယရှိခဲ့သောကြောင့် မာလာဂါအသင်းမှ ခေါ်ယူရန်အစီအစဉ်အား ဖျက်သိမ်းရန်အထိ စဉ်းစားခဲ့ဖူးကြောင်း ဝန်ခံပြောကြားခဲ့သည်။
- ဒိုင်နမိုမော်စကိုအသင်းမှ အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးကိုကိုရင်အား အာဆင်နယ်မှ ခေါ်ယူရန် ချိတ်ဆက်ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း သိရသည်။
- လီဗာပူးနည်းပြသစ်အဖြစ် ဒေ့ါမွန်နည်းပြဟောင်း ဂျာဂင်ကလော့အား ပေါင် ၇ သန်းတန် သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့ရာ ၎င်း မှာ မော်ရင်ဟို၊အာစင်ဝင်းဂါးနှင့် ဗန်ဟားလ်ပြီးနောက် ပရီမီယာလိဂ်၏ စတုတ္ထဈေးအကြီးဆုံးနည်းပြ ဖြစ်လာခဲ့သည်။

**မေလွဲ့သင်း - ရေးသားသည်။**



## တံကောက်ကြောဒဏ်ရာရရှိပြီးနောက် ငိုကြွေးခဲ့သော အဂူရို

အာဂျင်တီးနားအသင်းနှင့် အီကွေဒေါ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်တွင် တိုက်စစ်မှူးအဂူရိုမှာ ပွဲချိန်မိနစ် ၂၀၌ ဒဏ်ရာရရှိခဲ့ရာ ကာလို့စ်တိဗက်ဇ်နှင့် လူစားလဲခဲ့ရပြီးနောက် အဝတ်လဲခန်းတွင် ငိုကြွေးနေခဲ့သည်ဟု သိရသည်။

ယင်းဒဏ်ရာမှာ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ထိခိုက်မိ၍ ရရှိသော ဒဏ်ရာမဟုတ်သော်လည်း အဂူရိုမှာ အာဂျင်တီးနားအသင်း၏ ခြေစစ်ပွဲများကို လွဲချော်ခဲ့ရပြီဖြစ်သည်။

အာဂျင်တီးနားနည်းပြ မာတီနိုက အဂူရို၏ ဒဏ်ရာအတွက် အချိန်မည်မျှလောက် အနားယူရန်လိုအပ်သည်ဆိုသည်ကို ဖြေကြားရန်ငြင်းဆန်ခဲ့သော်လည်း အဆိုပါတိုက်စစ်မှူးမှာ ဝင်ရောက်ကစားသည့် အချိန်တိုင်း ခြေစွမ်းပြနိုင်သည့် ကစားသမားဖြစ်ကြောင်း၊ ဒဏ်ရာရရှိခဲ့ပြီးနောက် အဝတ်လဲခန်းတွင် ငိုကြွေးနေခဲ့ကြောင်း ပြောကြားခဲ့သည်။

ယခုရရှိသော ဒဏ်ရာကြောင့် အဂူရိုမှာ မက်ဆီ၊ ဘာနီဂါ၊ အန်ဇိုပီရက်ဇ်၊ ရိုဂျိုတို့နှင့် အတူ အာဂျင်တီးနားအသင်း၏ ဒဏ်ရာရကစားသမားစာရင်းတွင် ပါဝင်လာခဲ့ပြီဖြစ်သည်။

# လူကုန်ကူးဂိုဏ်းအား မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီက ဖမ်းဆီးနှိမ်နင်း



**ကန်ချနဘူရီ အောက်တိုဘာ ၉**

ထိုင်းနိုင်ငံရှိ အကြီးမားဆုံးသော မြန်မာလူကုန်ကူး ဂိုဏ်းတစ်ဂိုဏ်းအား အောက်တိုဘာ ၆ ရက်က ထိုင်း အာဏာပိုင်များနှင့် မြန်မာသံရုံး အလုပ်သမားကူညီ စောင့်ရှောက်ရေးကော်မတီတို့ပူးပေါင်း၍ နှိမ်နင်းနိုင်ခဲ့ ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand MAT)မှ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

ယင်းသို့နှိမ်နင်းရာတွင် မြန်မာဂိုဏ်းခေါင်းဆောင် ဆိုသူ အသက်လေးဆယ်ကျော်အရွယ် ကိုသိန်းဇော်နှင့် အတူ မြန်မာနှစ်ဦးတို့အား အောက်တိုဘာ ၇ ရက် ညပိုင်းက ဖမ်းဆီးရမိပြီး အောက်တိုဘာ ၈ ရက်က ဝင်ရောက်စီးနင်းစဉ်၌ အဖွဲ့ဝင်သုံးဦးကို ဖမ်းဆီးရမိခဲ့ ကြောင်းသိရကာ ကျန်တစ်ဦးမှာ ထိုင်းနိုင်ငံသားကတ်ကို ကိုင်ဆောင်ထားသဖြင့် ပြန်လွှတ်ထားခဲ့သော်လည်း အချက်အလက်များ ခိုင်မာစွာရှိသဖြင့် တရားရင်ဆိုင်ရမည် ဖြစ်ကြောင်း MAT အဖွဲ့က ပြောကြားသည်။

ထိုင်း-မြန်မာနယ်စပ်ဖြစ်သည့် ဘုရားသုံးဆူနယ်စပ်မှ ကီလိုမီတာ ၉၀ ခန့်အကွာ ထိုင်းနိုင်ငံ အနောက် မြောက်ပိုင်း ကန်ချနဘူရီခရိုင် ထာမကန်မြို့နယ် ဆင်တော် ရပ်ကွက်ရှိ နိုင်ငံတကာသို့ တင်ပို့ရောင်းချသည့် အသီး အနှံမျိုးစုံ အစားအစာထုတ်လုပ်သည့် (VITA FOOD FACTORY) V&K PINE APPLE CANNING ကုမ္ပဏီလီမိတက်ဟူ၍ရှိပြီး ထိုအလုပ်ရုံတွင် အလုပ်ရုံ တည်ထောင်ခါစကာလက မြန်မာအလုပ်သမားများအား မည်သို့မည်ပုံ စီမံအုပ်ချုပ်သည်ကို မသိရှိနိုင်သော်လည်း ၂၀၀၃ ခုနှစ်ခန့် ကတည်းကပင် VITA အလုပ်ရုံ၏ အလုပ်သမားများအပေါ် မတရားနှိပ်ကွပ်မှုများကို ဇန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသား များအဖွဲ့ MAT က စတင်သိရှိခွင့်ရရှိခဲ့ပြီး ထိုအချိန်က အဆက်အသွယ်၊ နည်းပညာနှင့် ကိရိယာ မပြည့်စုံမှုတို့ကြောင့် အချက်အလက်ပြည့်စုံအောင် မစုဆောင်းနိုင်ခဲ့ကြောင်း၊ အဆိုပါစက်ရုံ၏ သတင်း အချက်အလက်များအား MAT အဖွဲ့က ၂၀၁၁ ခုနှစ်ခန့်မှ စတင်၍ စနစ်တကျပိုမိုစုဆောင်းလာနိုင်ခဲ့ရာ အလုပ်ရုံမှ မြန်မာအလုပ်သမားများအား ထိုင်းအစိုးရ လူကုန်ကူးမှု အထူးစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ DSI နှင့် ပူးပေါင်း၍ အရေးပေါ် လူကုန်ကူးမှု အနည်းအကျဉ်းတို့ကိုသာ ကယ် ထုတ်နိုင်ခဲ့ပြီး MATအဖွဲ့သည် VITA အလုပ်ရုံ၏ မတရားမှုများကို ကုလသမဂ္ဂလူကုန်ကူးမှုတိုက်ဖျက်ရေး အဖွဲ့ UNIAPနှင့်ပူးပေါင်း၍ World Markတို့ သိရှိ အောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း လူကုန်ကူးမှု လျော့နည်းပပျောက်အောင်နှင့် လူကုန်ကူးသည့်ဂိုဏ်း တို့ကို နှိမ်နင်းနိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ယင်းနောက် ၂၀၁၃ ခုနှစ်မှစတင်၍ ယခုလူကုန်ကူးမှု ဂိုဏ်းအား DOWN အမည်တစ်ခုသတ်မှတ်ကာ သတင်း ထောက် ကိုးဦးဖြင့် အချက်အလက်များကို စုဆောင်းခဲ့ကြ ကြောင်း၊ ထိုအလုပ်ရုံတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာလုပ်သမား ၁၄၂၄၅ ဦး ပုံမှန်ရှိနေပြီး အလုပ်သမား သွင်းရသောလုပ်ငန်းရှင်များ၏ အလုပ်သမားများရရှိရေး အတွက် စီစဉ်ထားကြပုံမှာ ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း၊ အလုပ်သမားများကို ပေးသွင်းသည့် လုပ်ငန်းရှင်များက Group အမည်ဖြင့် မြန်မာအလုပ်သမားများအား ဖိနှိပ်ထား ကြောင်း၊ ၎င်းတို့လိုအပ်သော အလုပ်သမားအရေအတွက် နှင့် အလုပ်သမားများအုပ်ချုပ်ရေးကို မြန်မာလူကုန်ကူး ဂိုဏ်းများဖြင့် လုပ်ကိုင်ခွင့်ပြုထားကြောင်း သိရသည်။

MAT အဖွဲ့သည် ဓာတ်ပုံနှင့် ဗီဒီယိုအချက်အလက် အပြည့်အစုံတို့ဖြင့် ထိုင်းအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးရဲတပ်ဖွဲ့ AHTD နှင့် ထိုင်းစစ်တပ်တို့အား တင်ပြခဲ့ ပြီး ၂၀၁၄ ခုနှစ် ဇွန်လက ပြည်နယ်စစ်ထောက်လှမ်းရေး အကြီးအကဲထံသို့ FED ဒါရိုက်တာ ဦးထူးချစ်နှင့်အတူ အကူအညီတောင်းခံခဲ့သော်လည်း အရာမထင်ခဲ့ကြောင်း သိရသည်။

MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက "ထိုင်း နိုင်ငံမှာ မြန်မာလူကုန်ကူးဂိုဏ်း တစ်ဂိုဏ်းကို နှိမ်နင်းဖို့ ခက်ခဲပါတယ်။ လူကုန်ကူးတယ်ဆိုတာ အာဏာပိုင်နဲ့ ငွေ ကြေးချမ်းသာသူတို့ လုပ်ကြတဲ့အလုပ်ပါ။ ထိုင်းနိုင်ငံမှာ ကျွန်တော်တို့အဖွဲ့ဟာ ဆယ်စုနှစ်နဲ့ချီပြီး ထိုင်းအစိုးရလူကုန် ကူးမှုတိုက်ဖျက်ရေးတပ်ဖွဲ့တွေနဲ့ လက်တွဲလုပ်လာခဲ့တဲ့ ယုံကြည်မှုက အဓိကပါ။ လူကုန်ကူးဂိုဏ်းတွေကို နှိမ်နင်းတဲ့ အခါ ကျွန်တော်တို့အတွက် အခက်အခဲသိပ်မရှိပေမယ့် ခိုင်မာတဲ့အထောက်အထားတွေရအောင် စုဆောင်းရတာ က ကျွန်တော်တို့ အဖွဲ့ဝင်တွေအတွက် စွန့်စားရပါ တယ်။ အန္တရာယ်အလွန်များပြီး အချိန်နဲ့ငွေတွေ ကုန်ကျ ပါတယ်။ ကျွန်တော်တို့တစ်ဖွဲ့လုံး ဘယ်ကမှ လစာရသူတွေ မဟုတ်ပါဘူး။ ကိုယ့်ဘာသာ ငွေကြေးအကုန်အကျခံပြီး လုပ်နေကြတာပါ။ တစ်ခါတလေ အလှူရှင်တချို့က စရိတ် စက ကူညီပေးတာမျိုးတော့ရှိပါတယ်။ ဒီနှစ်မကုန်မီမှာ ထိုင်းနိုင်ငံအတွင်းမှာရှိနေတဲ့ အဓိကလူကုန်ကူးဂိုဏ်းတွေ ကို နှိမ်နင်းနိုင်အောင် ပြင်ဆင်နေပါပြီ"ဟု ပြောကြားသည်။

မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေး ကော်မတီနှင့်အတူ MAT အဖွဲ့မှာ ၂၀၁၃ ခုနှစ် ဩဂုတ် ၁ ရက်က မလေးရှားနှင့် ထိုင်းနိုင်ငံနယ်စပ်အနီး ရှိ ကတန်မြို့မှ မြန်မာလူကုန်ကူးဂိုဏ်းကြီး၏ ဂိုဏ်း ခေါင်းဆောင်အား သေနတ်ဖြင့်ပစ်ဖမ်း၍ ဂိုဏ်းသား ငါးဦးကို ဖမ်းဆီးနှိမ်နင်းနိုင်ခဲ့ကြောင်း၊ အဆိုပါ ဂိုဏ်း၏ လူသတ်မှု၊ ရက်စက်မှုများအား အင်္ဂလန်နိုင်ငံမှ Environmental Justice Foundation (EJF) မှ VDO သတင်းနှင့် အစီရင်ခံစာတစ်ခု ထုတ်ပြန်ခဲ့သည်။

ထို့အပြင် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT သည် ယခု လူကုန်ကူးဂိုဏ်းအား နှိမ်နင်းခြင်းအပါ အဝင် ၂၀၁၅ ခုနှစ်အတွင်း လူကုန်ကူးမှုတိုက်ဖျက်သည့် လုပ်ဆောင်မှု (၁၆) ကြိမ်၌ လူကုန်ကူးခံရသူပေါင်း ၈၆ ဦးကို ကယ်ထုတ်နိုင်ခဲ့ကြောင်းနှင့် လူကုန်ကူးသူ ခုနစ်ဦး ကို ဖမ်းဆီးတရားစွဲဆိုနိုင်ခဲ့ကြောင်း မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီမှ သိရသည်။

**စိုးဝင်း(MLA)**

# တာချီလိတ်တွင် သုံးလောင်းပြိုင်လူသတ်ပြီး အိမ်မီးရှို့မှုဖြစ်ပွား

**တာချီလိတ် အောက်တိုဘာ ၉**

မိုးသည်းထန်စွာရွာသွန်းနေစဉ် နေအိမ်မီးလောင်ကျွမ်းပြီး အဆိုပါ မီးလောင်မှုနှင့် ဆက်စပ်ကာ သုံးလောင်းပြိုင် လူသတ်မှုဖြစ်စဉ် တစ်ခု အောက်တိုဘာ ၈ ရက်က တာချီလိတ်မြို့တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၈ ရက် ည ၉ နာရီခွဲခန့်က မိုးသည်းထန်စွာ ရွာသွန်းနေစဉ် တာချီလိတ်မြို့ ပုန်းထွန် ရပ်ကွက် ပိတောက်(၉) လမ်းသွယ်နေ ဒေါ်အားဆု၏နေအိမ်မီးလောင်မှုဖြစ် ပွားကြောင်း သတင်းအရ တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဦးစီးအရာရှိ ဦးကျော်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တာချီလိတ် မြို့မရဲစခန်း စခန်းမှူး ဒု-ရဲမှူး ကျော်သန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက စုပေါင်း ငြိမ်းသတ်ကြရာ မီးလောင်ကျွမ်းသည့် နေအိမ်မှာ ခြံဝင်းတံခါးနှင့် နေအိမ် တံခါးများအား သော့ခတ်ထားသဖြင့် ခက်ခဲစွာငြိမ်းသတ်ခဲ့ကြရပြီး ၉ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားသည့် နေအိမ် အတွင်း ဝင်ရောက်စစ်ဆေးရာ အိပ်ခန်းအတွင်းရှိ ခုတင်ပေါ်တွင် စိုင်းတစ် (၃၉) နှစ်နှင့် ဒေါ်အားညွန့် (၅၁)နှစ်မှာ ခုတင်ခြေရင်းတွင် မီးလောင်ကျွမ်းကာ သေဆုံးနေကြပြီး အခြားအိမ်ခန်းတစ်ခုတွင် ဒေါ်အားဆု (၈၆)နှစ်မှာ လည်ပင်းဝဲဘက်ဘေးတွင် လေးလက်မခန့် ပြတ်ရှဒဏ်ရာဖြင့် ခုတင်ပေါ်တွင် အသက်မသေသေးဘဲ တွေ့ရှိရသဖြင့် တာချီလိတ်ဆေးရုံကြီး သို့ ပေးပို့ခဲ့သော်လည်း ဆေးရုံ အရောက်တွင် သေဆုံးသွားခဲ့သည်။

တာဝန်ရှိသူများက အသေးစိတ် ရှာဖွေစစ်ဆေးရာ စိုင်းတစ်၏ ဦးခေါင်းအနီး မီးလောင်ထားသည့် ခုတင်ပေါ်မှ အရိုးအသွား ၁၂ လက်မ ခန့်ရှိ မီးလောင်ကျွမ်းထားသည့် ဓားဦးချွန်တစ်ချောင်းနှင့် အခန်း အတွင်း ဓာတ်ဆီထည့်သည့် ပလတ် စတစ်ဘူးခွံ တစ်ခုတို့အား တွေ့ရှိရ သည့်အတွက် လူသတ်ပြီး နေအိမ် မီးရှို့မှုအဖြစ် တာချီလိတ်မြို့မရဲစခန်းက ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၂/၄၃၆ တို့ဖြင့် အမှုဖွင့်ကာ လူသတ်ပြီး နေအိမ်အား မီးရှို့သွားသူအား အမြန်ဆုံးဖော်ထုတ်နိုင်ရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရ သည်။ **(မောင်ယဉ်ကျေး)**

## ဖခင်အမည်မှန်

နောင်ချိုမြို့အထကဒသမတန်း(ဂ)တွင် ပညာသင်ကြားနေသော မဝင်းလဲ့လဲ့၏ ဖခင်အမည်မှန်မှာ ဦးညွန့်မင်းဖြစ်ပါ သည်။

**ဦးညွန့်မင်း ၉/မတရ(နိုင်) ၀၀၁၂၇၆**

## ဖခင်အမည်မှန်

နောင်ချိုမြို့အထက ဒသမတန်း(ဂ)တွင် ပညာသင်ကြားနေသော မလဲ့လဲ့ရွှေ၏ ဖခင်အမည်မှန်မှာ ဦးစောနောင် ဖြစ်ပါ သည်။

**ဦးစောနောင် ၁၃/နခက(နိုင်) ၀၅၂၂၅၉**

## ဖခင်အမည်မှန်

နောင်ချိုမြို့အထက ဒသမတန်း(B) တွင် ပညာသင်ကြားနေသော မရွှေစင်ထွန်း ၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းထွန်း ဖြစ်ပါသည်။

**ဦးကျော်မင်းထွန်း၅/ကဘလ(နိုင်) ၁၂၈၄၉၃**

ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း ဘေးကင်းရန်ကွာ
လွန်ချမ်းသာ

ဓါန်ဝင်းနှင့်ရောင်းရင်းများ
၂၇၉ပန်းဆိုးတန်းလမ်း။ 249871,255553,5122511, 09-5137245

The VOICE weekly

အပတ်စဉ် စနေနေ့တိုင်း ထွက်ပြီ
သတင်း ; 01 - 242424, 389207, 09 9772 04248. .
ကြော်ငြာ ; 09 4211 07770, 09 517 6835.
ဖြန့်ချိရေး ; 09 4211 18327.
website ; http//www.thevoicemyanmar.com

## ချစ်မေမေရဲ့ နှစ်(၆၀)ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

၁၀-၁၀-၂၀၁၅ ရက်တွင် ကျရောက်တဲ့ ချစ်သောမေမေ ဒေါ်ခင်မာချစ်[ခိုင်ယဉ်မွန်(ဝိဇ္ဇာ/သိပ္ပံ)]၊ "မြတ်မွန်ရတနာ"(Diamonds and Jewellery)၏ နှစ်(၆၀)ပြည့်မွေးနေ့မှသည် ချစ်သောမိသားစုနှင့်အတူ ကျမ်းမာချမ်းသာ ပျော်ရွှင်စွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးနှင့် စာပေအကျိုးများကို ထမ်းဆောင်ရင်း မွေးနေ့ရာကျော် ဖြတ်သန်းကာ နိဗ္ဗာန်ရောက်ကြောင်း တရားများကို ပွားများအားထုတ်နိုင်တဲ့ကိုယ် ဖြစ်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်---။

ချစ်ခင်ပွန်း - ဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)
(ဌာနချုပ်မှူး၊ စစ်မှုထမ်းဟောင်းဗဟိုဌာနချုပ်)
ချစ်သား-သမီး - ဗိုလ်မှူးမျိုးအောင်-မခိုင်ဆုမြင့်မွန်
ချစ်မြေးဦး - မောင်ဘုန်းမြတ်ပြည့်စုံ
"မြတ်မွန်ရတနာ"စံအိမ်မိသားစုနှင့် တူ၊ တူမများ

လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ
ခရုသင်းသမင်ဖြူ
နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။
ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၃)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388

## ရောင်းမည်

မိနီဘတ်စ် e-county
9G/3---- C.N.G(50* 4)
**Ph:09-796622960**

ပုံပြင်
■ အငြိမ်းစားပါမောက္ခကြီးများ ကိုယ်တိုင်လမ်းညွှန်ပို့ချချက်များ
■ စာသင်သားတိုင်းအတွက် အခန်းလိုက်ပို့ချချက်များ
■ လေ့ကျင့်ခန်းများနှင့်စံပြအဖြေများ ပါဝင်သည်။
အတွဲ ၁၀၊ အမှတ် ၁၀ နီးရာစာအုပ်ဆိုင်တွင်ပေးဝယ်ပါ။ ထွက်ပြီ
ဆက်သွယ်ရန် Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၁

ဆောင်းပါး

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ် ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




**ကြုံခဲ့ဖူးပါတယ်**

လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော် အထက်ကာရီကပေါ့ ခင်ဗျာ။ ရန်ကုန်မြို့ အနော်ရထာလမ်းမပေါ် သိမ်ကြီးဈေး ဆင်ဝင်ကြီးအောက်မှာ သစ်သီးသည်တွေ ရှိတယ်။ ဗဟန်းမြို့နယ်မှာနေတဲ့ မိတ်ဆွေအန်ကယ်ကြီးတစ်ယောက်က သစ်သီး ဝယ်ချင်တယ်ဆိုတာနဲ့ ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးပါတယ်။

သိမ်ကြီးဈေးဘက်ခြမ်း၊ အနော်ရထာလမ်းမပေါ်၊ ဆင်ဝင်ကြီးရဲ့ ဘေး၊ လူသွားစင်္ကြံစောင်းမှာ အဖြူ အနီကျား ဆေးသုတ်ထားပါတယ်။ အဲဒါ ယာဉ် မရပ်ရ၊ မဆိုင်းရဆိုတဲ့ အမှတ်အသားပါ။ အငှားကားတောင် မောင်းခဲ့ဖူးတဲ့ ကျွန်တော်ကောင်းကောင်းသိတာပေါ့။ သို့သော် အဲဒီ့မှာပဲ ကားကိုရပ်လိုက်ပါ တယ်။

အန်ကယ်ကြီးက "ဟေ့ကောင် သည်မှာ မရပ်နဲ့လေ၊ ဒါ ယာဉ်မရပ်ရတဲ့ နေရာကွ"တဲ့။

"အာ. . . အန်ကယ်ကလည်း . . . အန်ကယ်ပါတာပဲဟာ"

"ဟာ မင်းကွာ အဲဒါမျိုး. . . ငါမကြိုက်ဘူးကွ"

"ခဏလေးပဲ အန်ကယ်ရယ်. . . ဝယ်စရာရှိတာ သွားဝယ်ပါဗျာ"

တကယ်တော့ အဲဒီ့အန်ကယ်ကြီးဟာ အဲဒီ့အချိန် အစိုးရအဖွဲ့ထိပ်တန်း နေရာမှာပါနေတဲ့ ကြီးကြီးမားမားတာကြီးပါ။ သို့သော် အနေအထိုင်က အင်မတန် ရိုးတယ်၊ ဖြောင့်တယ်။ ဟိတ်ဟန်မထုတ်ဘူး။ သူ့အိမ်မှာကျွန်တော်က ဝင်ထွက် သွားလာစားသောက်နေတော့ သူ့အနေအထိုင်ရိုးဖြောင့်ပုံကိုကြည့်ပြီး သဘော တွေကျနေတာ။ သူ့ရိုးချက် တစ်ကွက်ကလေးကိုပဲ ပြောပါရစေ။ သူနဲ့ ကျွန် တော်နဲ့ သူ့အိမ်မှာ ထမင်းလက်ဆုံ မကြာခဏစားဖြစ်တတ်ပါတယ်။ အဲဒါဗျာ၊ ထမင်းစားပြီးတိုင်း သူက သူ့ပန်းကန် သူဆေးသဗျ။ အံ့ရော။

ကျွန်တော်လည်း သူ့နမူနာအတိုင်း ကိုယ်ပန်းကန်ကိုယ် လိုက်ဆေးတော့ သူက ပြောတယ်။ "ဟေ့ကောင်. . . ထားခဲ့လေ။ ကလေးမလေးတွေ ဆေးလိမ့် မယ်။ ငါဆေးတာက အကျင့်ပါနေလို့ကွ"တဲ့။ အဲသလို ဘိုးတော်ပါ။

ခုလည်း သစ်သီးဝယ်ချင်တာ ဘယ်သူ့မှ မခိုင်းတဲ့အပြင် သူ့ရုံးကပေးထား တဲ့ ကားအကောင်းစားကြီးကို မသုံးဘဲ ကျွန်တော့် ဖို့(လ်)(ခ်)ဗွာဂယ်(န်) ကား စုတ်ကလေးနဲ့ လိုက်ပို့ခိုင်းတယ်။ သူဝတ်စားထားတာကလည်း အင်္ကျီ ခပ်နွမ်းနွမ်း၊ ချည်ပုဆိုး ခပ်နွမ်းနွမ်းနဲ့ဆိုတော့ သူ့ကို ဘယ်သူမှန်း တော်ရုံလူ မသိနိုင်တော့ဘူး။ ဘာအစောင့်အရှောက်၊ ဘာကိုယ်ရေးအရာရှိမှ မပါဘဲ သူနဲ့ ကျွန်တော် နှစ်ယောက်တည်း အဲဒီ့ကို ရောက်သွားကြတာပါ။

ဘာရမလဲ ငဲ့ငဲ့ငဲ့

ကျွန်တော်က ဇွတ်ပြောတော့ အန်ကယ်ကြီးလည်း ဘာမှ ထပ်မပြောတော့ ဘဲ မှုန်ကုပ်ကုပ်နဲ့ ကားပေါ်က ဆင်းသွားတာနဲ့ ကျွန်တော်လည်း နောက်က ကပ်ပါသွားတယ်။

အဟဲ. . . မကြာဘူးခင်ဗျ။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီ့အချိန်မှာမှ ယာဉ်ထိန်း လှည့်ကင်းကားက ရောက်လာပါတော့တယ်။ အနားက လူငယ်လေး တစ်ယောက်ကလာခေါ်တာနဲ့ ကျွန်တော်လှည့်ကြည့်လိုက်တော့ ယာဉ်ထိန်း ရဲအရာရှိနဲ့ အကြပ်တပ်သား သုံးလေးယောက်က ကျွန်တော့်ကားရှေ့မှာ။ ကား နား ပြန်သွားလိုက်တော့ အရာရှိက "ယာဉ်မောင်းလိုင်စင်ပြပါ" လို့ ဆိုပါတယ်။

အန်ကယ်ကြီးက သူ့ကျောဘက်မှာ ဘာတွေဖြစ်နေမှန်း မသိပါဘူး။ သူ့ဘာသာ သစ်သီးသည်ဆီမှာ ဝယ်ခြမ်းလို့ ကောင်းနေပါတယ်။ ကျွန်တော့် ယာဉ်မောင်းခွင့်ကတ်ပြားတောင်းတဲ့ ယာဉ်ထိန်းအရာရှိကို "ခဏနော်"လို့ ပြောလိုက်တော့ ဟိုအရာရှိက နားမလည်သလို ကျွန်တော့်ကို ကြည့်နေတုန်း ကျွန်တော်လည်း ချာခနဲလှည့်ထွက်ပြီး ခြေလှမ်းငါးလှမ်းသာသာလောက်မှာ ရှိနေတဲ့ အန်ကယ်ကြီးဆီသွားလိုက်ပါတယ်။

"အန်ကယ်. . . "

ဘိုးတော်က "ဟေ. . . "ဆိုပြီး ချာခနဲလှည့်လိုက်ပါတယ်။

သူ့မျက်နှာလည်း မြင်ရော စောစောကအရာရှိဟာ ချက်ချင်းသတိဆွဲပြီး အလေးပြုပါတယ်။ သူ့နှုတ်ကလည်း "ဟာ. . . ဆရာကြီးကားမှန်းမသိလို့ပါခင်ဗျ။ ခွင့်လွှတ်ပါခင်ဗျ"လို့ ပြောပါတယ်။ (အဲတုန်းက အဘိုးတို့ အဖေတို့ခေတ်ကိုး ခင်ဗျ။ ဆရာကြီးဆိုတာ ကျွန်တော်ဖလှယ်ထားတာဖြစ်ပါတယ်။ အမှန်က တပ်တုန်းက ရာထူးဟောင်းကို သုံးစွဲပြီး ပြောခဲ့တာသာ ဖြစ်ပါတယ်။) ပြီးတာနဲ့ အဲဒီ့ယာဉ်ထိန်းအဖွဲ့လည်း သူတို့ကားပေါ် သူတို့တက်ပြီး ထွက်ခွာသွားပါတယ်။

အန်ကယ်ကြီး မျက်နှာက ပိုပြီး မှုန်ကုပ်ကျန်ခဲ့ပါတယ်။ "မင်းကွာ. . . ငါပြောသားပဲ၊ အဲဒီ့မှာ မရပ်ပါနဲ့လို့။ ခုကျတော့ ငါဘယ်ကောင်းမလဲကွ"လို့ လည်း ကျွန်တော့်ကို ဆူပါတယ်။ အန်ကယ်ကြီးက တကယ့်လူမှန်ကြီးမှန်း သိထားတော့ သူဆူတာကို ကျွန်တော်က ကျေနပ်သဘောကျခဲ့ရဖူးပါတယ်။

**ပေါက္ခရဝဿမိုးရဲ့ အစ**

အမှန်တော့ လွန်ခဲ့တဲ့ နှစ် ၃၀ ကျော် အဲဒီ့ခေတ်၊ အဲဒီ့အချိန်မှာကိုပဲ အခွင့်ထူးခံတွေ ဗရပွဖြစ်နေပါပြီ။ အစိုးရအဖွဲ့ဝင်တွေအတွက် အိမ်သုံးအဖြစ် ပေးထားတဲ့ မာဇဒါ ၁၃၀၀ ဆီဒင်ကားများ တဝီဝီနဲ့ အဲဒီ့လူကြီးများရဲ့ သမီးသား တွေ၊ အဆွယ်အပွားတွေ ရမ်းကားချင်တိုင်း ရမ်းကားနေကြတာကို ယာဉ်ထိန်း တွေက လက်ပိုက်ကြည့်နေခဲ့ကြရပါတယ်။ အရေးမယူဝံ့ခဲ့ကြပါဘူး။ အဲဒီ့လူကြီး တွေရဲ့ အရိပ်ကိုခိုထားကြသူတွေဟာ ကင်းလွတ်ခွင့်တွေ ဖောဖောသီသီ ရနေ ကြပါတော့တယ်။

ကျွန်တော်လည်း ဘာကောင်မှမဟုတ်၊ ဘယ်လူကြီးသားသမီးမှ မဟုတ် ပေမယ့် ခင်မင်နေတဲ့ အန်ကယ်ကြီးရဲ့အရိပ်မှာ လှစ်ခနဲဝင်ခိုလိုက်တဲ့အတွက် ယာဉ်ထိန်းတွေ တပ်ခေါက်သွားတာ ကိုယ်တွေ့ပါပဲ။

အန်ကယ်ကြီးရဲ့ အနေအထိုင်နဲ့ အမူအကျင့်ကို အထင်ကြီး လေးစား လှပေမယ့် တစ်ဖက်ကလည်းနိုင်လို့ရတဲ့သူဆို နင်းကန်နိုင်တတ်တယ်လို့ ကျွန်တော့်စိတ်ထဲမှာစွဲနေတဲ့ ယာဉ်ထိန်းတွေကို အဲသလိုလုပ်လိုက်ရတာ ဘယ်လိုပျော်မှန်း မသိပါဘူး။ ကျွန်တော်နုစဉ်အခါက အငှားယာဉ်မောင်းဘဝမှာ ငါးနှစ်လောက် နေခဲ့ရဖူး၊ အဲဒီ့ငါးနှစ်အတွင်း ယာဉ်ထိန်းတွေနဲ့ ခဏခဏ ငြိခဲ့ ဖူးတော့သူတို့အပေါ် အမြင်ကမကြည်ချင်ဘူး။ အဓိကက အရိပ်အောက်က လူတွေကိုဆို မျက်နှာလွှဲနေ၊ အရိပ်မဲ့တွေအပေါ် ကျမှအတိုးချပြီး မဲတတ်တာကြီး ကို ဘဝင်မကျတာပါ။

ဥပဒေဆိုတာ ကျောသား ရင်သား ခွဲရမှာ မဟုတ်ဘူး။ အရိပ်အောက်က လူပဲဖြစ်ဖြစ်၊ အရိပ်မဲ့ပဲဖြစ်ဖြစ် ဥပဒေဖောက်ဖျက်သူတိုင်းကို တစ်ပြေးညီ အရေးယူမယ်ဆိုရင် သူတို့ကိုလူတိုင်းက ကြည်ညိုလေးစားနေမယ်ထင်ပါတယ်။ ခုတော့ဗျာ. . . သားရေကွင်းလို ရှုံ့ချီနှပ်ချီတွေ လုပ်ပြတတ်တော့ ကျွန်တော် လည်း အခွင့်သာခိုက်မှာ အရိပ်ခိုပြီး သူတို့ကိုနည်းနည်း ပညာပြန်ပေးရတာ အူထဲကတလိပ်လိပ်နဲ့ ကျေနပ်နေတော့တာပေါ့။

**နေရာတိုင်းမှာ အကျင့်ပါ**

ပြောရတာတော့ သိပ်မကောင်းဘူးဗျ။ ကျွန်တော်တို့ဆီမှာက သည်ကိစ္စ မှာတင်မဟုတ်ဘဲ နေရာတိုင်းမှာ အဲဒီ့အရိပ်တွေခိုတတ်မှ ရပ်တည် ရှင်သန်နိုင် မယ့် သဘောရှိနေတယ်။ ဥပဒေချိုးဖောက်တဲ့ကိစ္စကို အသာထားဦး၊ ဘာမဟုတ် တဲ့ သာမန် ရုံးကိစ္စတွေမှာတောင် အရိပ်အောက်ကလူနဲ့ အရိပ်မဲ့လူနဲ့ ကြားမှာ သက်ဆိုင်ရာ ဝန်ထမ်းများရဲ့တုံ့ပြန်ပုံက ကွာခြားနေစမြဲပါ။ အကုန်လုံး မဟုတ် သည့်တိုင် အများစုက အရိပ်အောက်က လူကိုဆို ပျာနေအောင် လုပ်ပေးတတ် ကြသလောက် အရိပ်မဲ့လူတွေအပေါ်ဆို ဘယ်လို ရစ်ရမလဲလို့ စဉ်းစားနေကြပုံ ပါပဲ။

ဆေးတက္ကသိုလ်ကို ခန္ဓာကိုယ် လှူခဲ့တဲ့ ကျွန်တော့်အမေက ရုံးပိတ်ရက်ကြီး မှာ မပြောမဆိုသေပစ်လိုက်တော့ အလောင်းလက်ခံတဲ့စာရေးက မလိုအပ်ဘဲ ရစ်ပြတဲ့အကြောင်းကို လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က မဟာဂျာနယ်မှာ ကျွန်တော် တစ်ခါ ရေးပြခဲ့ဖူးပါတယ်။ (အဲဒီ့ မူရင်းဆောင်းပါးကို http://atkbooks.com/2009/09/10/are-you-sure-youre-going-to-die-on-a-holiday/ မှာ ဖတ်ရှုနိုင်ကြပါတယ်။) တကယ်လို့ ကျွန်တော်သာ အရိပ်အောက်က လူဖြစ် မယ်ဆိုရင်တော့ အဲဒီ့စာရေးဟာ အဲသလိုအပေါက်မျိုးချိုးမှာ မဟုတ်တာလည်း အသေအချာပါ။

**သိပ်ပြောချင်နေတာက**

နေရိပ်လိုချင်ရင် နေပူကစောင့်ဆိုတဲ့ မြန်မာဆိုရိုးစကား ရှိပါတယ်။ ဟုတ်ကဲ့. . . တရားဥပဒေအမှန်တကယ်စိုးမိုးပြီး အေးချမ်းသာယာတဲ့၊ ဖွံ့ဖြိုး တိုးတက်တဲ့၊ လူ့ဘောင်တစ်ခုကိုလိုချင်ရင် နေပူထဲကို မလွဲမသွေရောက်သွားမှ ဖြစ်မှာပါ။ သည်အတွက် အရိပ်တွေကင်းဖို့လိုပါတယ်၊ ရှင်းဖို့လိုပါတယ်၊ လင်းဖို့ လိုပါတယ်။ အရိပ်တွေ ရှိနေသမျှကာလပတ်လုံး ကျွန်တော်တို့လိုချင်တဲ့ အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ ဝေးနေဦးမှာ ဖြစ်တဲ့အကြောင်းပြော လည်း သိပ်ပြောချင်နေတယ်၊ ပြောကလည်း မပြောရဲဘူးခင်ဗျ။ ဒါပေမယ့် ပြောချင်တဲ့စိတ်က အနိုင်ရသွားတဲ့အတွက် မရဲတရဲနဲ့ ပြောလိုက်မိသွားရပါပြီ။ အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ် ခင်ဗျား။ ။

> ဥပဒေဆိုတာ ကျောသား ရင်သားခွဲရမှာ မဟုတ်ဘူး။ အရိပ်အောက်က လူပဲဖြစ်ဖြစ်၊ အရိပ်မဲ့ပဲဖြစ်ဖြစ် ဥပဒေဖောက်ဖျက်သူတိုင်းကို တစ်ပြေးညီအရေးယူမယ်ဆိုရင် သူတို့ကို လူတိုင်းက ကြည်ညိုလေးစားနေမယ်ထင်ပါတယ်။ ခုတော့ဗျာ သားရေကွင်းလို ရှုံ့ချီနှပ်ချီတွေ လုပ်ပြတတ်တော့ ကျွန်တော်လည်းအခွင့်သာခိုက်မှာအရိပ်ခိုပြီး သူတို့ကို နည်းနည်း ပညာပြန်ပေးရတာ အူထဲကတလိပ်လိပ်နဲ့ ကျေနပ်နေတော့တာပေါ့။

## ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းရုံးသစ်ဖွင့်



**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းရုံးသစ်ဖွင့် ပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီတွင် ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက် ဦးရွှေဇွန်း လမ်း အမှတ်(၃၇)၌ ကျင်းပရာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဒုတိယဥက္ကဋ္ဌဆရာကြီးဦးပေါ်ညိမ်းက အသင်းရုံးဆိုင်းဘုတ်ကို စက်ခလုတ် နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသည့် တိုင်းရင်းဆေးသမားတော်ကြီး များက အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။


ယင်းနောက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း တိုင်းရင်း ဆေးသမားတော်ကြီး ဦးမောင်ညဏ်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်း ဆေးဆရာအသင်းဥက္ကဋ္ဌ ဆရာကြီးဦးသောင်းနိုင်၊ ရန်ကုန်တိုင်းဒေသ ကြီး တိုင်းရင်းဆေးဆရာအသင်း အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးမှူးဦးဝင်းမြင့်ဦးတို့က ရန်ကုန် တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလှူဒါန်းငွေများကို ပေးအပ်လှူဒါန်းကြရာ ဂရိတ်ဝေါတိုင်းရင်းဆေးထုတ်လုပ်ရေးမှ ဦးမောင် မောင်ဦး၊ ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ၊ ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးကြည်စိုး-ဒေါ်ငွေငွေရီ၊ စန္ဒီပရဆေးမိသားစုတို့က အလှူငွေကျပ် ၂၅ သိန်းစီ၊ ပန်းဝတ်မှုံတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဒေါ်မိမိသက်က ကျပ် ၁၅ သိန်း၊ မှန်ချိုတိုင်းရင်းဆေးမှ ဆရာကြီးဦးလှငွေ-ဒေါ်တင်နွယ်ဦးက ကျပ် ငါးသိန်း၊ စကြာမင်းတိုင်းရင်းဆေးမှ ဦးမြင့်ဝေ က ကျပ်ငါးသိန်းနှင့် မဒီတိုင်းရင်းဆေးက ကျပ်နှစ်သိန်းတို့ လှူဒါန်း သွားကြောင်း သိရသည်။ (ကြေးမုံ)

# ဆေးပညာ သတင်းဆန်းများ (၁၁၃)

ဒေါက်တာကံညွန့်

ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ လေထုညစ်ညမ်းမှုနှင့် နှလုံးသွေးကြောပိတ်ပြီးဖြစ်တဲ့ နှလုံးလေဖြတ်ရောဂါခေါ်တဲ့ (Myocardial Infarction) ရောဂါ ဘယ်လိုဆက်စပ်နေတယ်ဆိုတဲ့ လေ့လာထားချက်ပါ။ ဒီလေ့လာချက်ကိုတော့ Belgium Environmental Agency နှင့် BIWAC ခေါ်တဲ့ Belgian Interdisciplinary Working Group on Acute Cardiology အဖွဲ့ကြီးတို့ ပူးပေါင်းပြုလုပ်ခဲ့ကြတာဖြစ်ပါ တယ်။ သူတို့အဖွဲ့ဟာ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အတွင်း ဒီ Myocardical Infarction ရောဂါနှင့် ဆေးရုံတက်ခဲ့ရသူပေါင်း ၁၁၄၂၈ ဦးတို့ကို လေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့အဆိုအရ လေထုညစ်ညမ်းမှုကိုဖြစ်စေတဲ့အရာတွေထဲမှာ (၁) Particulate Matter (PM) ဆိုတဲ့ အမှုန်အမွှားနှင့် ဓာတ်







ငွေ့တွေဖြစ်တဲ့ (၂) sulphur dioxide SO2 (၃) Nitric dioxide (NO2) နှင့် (၄) Ozone (O3) တို့ဟာ အသက်ရှူလမ်းကြောင်းနှင့် နှလုံးရောဂါကိုဖြစ်စေတဲ့ အဓိကအရာတွေဖြစ်တယ်လို့ဆိုပါတယ်။ သူတို့လေ့လာထားချက် အရ PM ၂.၅ အမှုန်တွေ 10 microgram per cubic metre မြင့်လာတိုင်း နှလုံးသွေးကြောပိတ်ရောဂါ ၂ ဒသမ ၈ ရာခိုင်နှုန်းများလာစေနိုင်တယ်။ ထို့အတူ NO2 ဓာတ်ငွေ့ 10 microgramme per cubic metre တိုးလာတိုင်း ဒီရောဂါဖြစ်သူ ၅ ဒသမ ၁ ရာခိုင်နှုန်း ပိုများလာနိုင်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် PM တိုးလာတာဟာ အသက် (၇၅)နှင့်အထက်အရွယ်တွေကိုပိုဆိုးစေပြီး NO2 Level တိုးလာတာဟာ အသက်(၅၄)နှစ်နှင့် အောက်အရွယ်တွေကို ပိုထိခိုက်စေနိုင်တယ်လို့ဆိုပါတယ်။ ဒီညစ်ညမ်းမှုတွေဟာ အများအားဖြင့် စက်ရုံ၊ အလုပ်ရုံတွေနှင့် အင်ဂျင် (မော်တော်ကား၊ မီးရထား) စတဲ့ လောင်စာဆီအသုံးပြုရတဲ့ ပစ္စည်းတွေက ထွက်လာတဲ့ အခိုးအငွေ့တွေကဖြစ်တာကြောင့် ဒီပစ္စည်းတွေသုံးစွဲမှုကို တတ်နိုင်သလောက် လျှော့ချဖို့ ပတ်ဝန်းကျင်မညစ်နွမ်းအောင် ထိန်းသိမ်းဖို့လိုအပ်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ တရုတ်နိုင်ငံနှင့်အမေရိကန်နိုင်ငံက ဆေးပညာရှင်တွေ ပူးပေါင်းလေ့လာချက်တစ်ခုအရ အသက်ကြီးလာရင် ဦးနှောက် Cells ပျက်စီးပြီးဖြစ်တဲ့ ရောဂါတစ်မျိုးဖြစ်တဲ့ Parkinon's ဆိုတဲ့ ရောဂါကို ထိရောက်စွာ ကုသနိုင်မယ့် ဆေးတစ်မျိုးကို ဖော်ထုတ်နိုင်ခဲ့ပြီဆိုတဲ့သတင်းပါ။


တရုတ်နိုင်ငံ Tsinghue University က ဆေးပညာရှင်အချို့ဟာ အမေရိကန်နိုင်ငံ Georgotown University က ဆေးပညာရှင်တွေနဲ့ ပူးတွဲပြုလုပ်ထားတဲ့ ဒီလေ့လာချက်ကို US Journal of Science Signaling မှာ ဖော်ပြထားတာပါ။သူတို့အဆိုအရ သူတို့ဟာ Synuclein ခေါ်တဲ့ Protein တစ်မျိုးကို ရှာတွေ့ခဲ့ပြီး ဒီ Protein ဟာ ဦးနှောက် Cells တွေရဲ့ လုပ်ငန်းကို အတားအဆီးပြုခြင်း၊ ဒီ Cells ကတွေပျက်စီးခြင်းတို့ကို ဖြစ်စေတယ်လို့ ဆိုပါတယ်။ ဒီ protein ဟာ လူခန္ဓာရဲ့ ကိုယ်ခံအား Cells တစ်မျိုးရဲ့ Toll-like Receptor TLR1 and 2 တို့ကို နှိုးဆွခြင်းဖြင့် Inflammation (ရောင်ရမ်းခြင်း) ဖြစ်စေကာ Cells တွေကို သေစေနိုင်တယ်။ ဒါကြောင့် ဒီ protein ကို ဖယ်ထုတ်နိုင်ရင် ဦးနှောက် Cells တွေကို မြန်မြန်ပျက်စီးခြင်းက ကာကွယ်နိုင်မယ်လို့ ဆိုထားပါတယ်။ ဒါကြောင့် သူတို့ဟာ မကြာခင်ကာလမှာ ဒီဦးနှောက် Cell ပျက်စီးပြီး ဖြစ်ရတဲ့ parkinson ရောဂါအတွက် ထိရောက်မယ့် ဆေးတစ်ခုကို ဖော်ထုတ်နိုင်မယ်ဆိုတာတင်ပြလိုက်ရပါတယ်။



ယခုတင်ပြလိုတာကတော့ အစားအသောက်ကို ပလတ်စတစ်ခွက်နှင့် ထည့်ပြီး စားသောက်ခြင်းဟာ အန္တရာယ်ဖြစ်နိုင်တယ်ဆိုတဲ့သတင်းပါ။ သာမန်အပူချိန် သို့မဟုတ် နွေးရုံနွေးတဲ့အစားအသောက်တွေအတွက် အန္တရာယ်မဖြစ်နိုင်ပေမယ့် ပူလောင်တဲ့အစားအစာတွေ ပလတ်စတစ်ပါတဲ့ခွက်နှင့်နွေးပြီးထားတဲ့ အစားအစာကို မစားသောက်သင့်ဘူးလို့ဆိုပါတယ်။ ဘာကြောင့်လဲဆိုရင် Plastic ပစ္စည်းတွေမှာပါတဲ့ Plasticiger ဆိုတဲ့ Chemical တစ်မျိုးဟာ လူတွေကို အန္တရာယ်ပေးနိုင်တဲ့ ကင်ဆာရောဂါဖြစ်စေတဲ့ BPA လို့ခေါ်တဲ့ဓာတုပစ္စည်းတစ်ခုနှင့် တူနေတာကြောင့် လို့ဆိုပါတယ်။ ဒီအကြောင်း Environmental Health Perpective Journal မှာဖော်ပြထားတာပါ။ လူတွေအသုံးပြုနေကြတဲ့ ပလတ်စတစ်ပါဝင်တဲ့ ပစ္စည်းအမျိုး ပေါင်း ၄၅၀ ခန့်ကို စစ်ဆေးကြည့်တဲ့အခါ ၉၅ ရာခိုင်နှုန်းခန့်ဟာ Microwave သို့မဟုတ်အပူပေးကိရိယာနဲ့ ထိတွေ့လိုက်တဲ့အခါ စောစောကတင်ပြခဲ့တဲ့ ကင်ဆာဖြစ်စေတဲ့ ဓာတ်ပေါင်းနဲ့တူတဲ့ Plasticaizer ဆိုတဲ့ဓာတုပစ္စည်းကို ထုတ်ပေးနေတာတွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် ပလတ်စတစ်ခွက်တွေနဲ့ အစားအစာတွေကို အပူပေး စားသောက်ခြင်းကရှောင်ကြဉ်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

ဆေးပညာ တိုးတက်လာတာမှာ ရောဂါရှာဖွေရေးကဏ္ဍတိုးတက်လာတာကလည်း အရေးပါတဲ့အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ယခုလည်း ငှက်ဖျားရောဂါကို သွေးဖောက်ပြီး စစ်နေရာက ယခုအခါ သွေးဖောက်စရာ မလိုတော့ဘဲ Breath Test လို့ခေါ်တဲ့ နှာခေါင်းက အသက်ရှူလိုက်တဲ့လေကို စမ်းသပ်လိုက်တာနဲ့ ရောဂါ ရှိ/မရှိ သိနိုင်ပြီဖြစ်ပါတယ်။ ဒီစမ်းသပ်မှုကို တွေ့ရှိခဲ့တာကတော့ Australia နိုင်ငံ Common Wealth Scientific and Industrial Research Organization (CSIRO), Queensland Institute of Medical Research Berghofer (QIMR Bughofer) နှင့် Australian National University (ANU) က ဆေးပညာရှင်တွေ ပူးပေါင်းရှာဖွေတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ သူတို့အဆိုအရ ငှက်ဖျားရောဂါပိုး စတင်ဝင် ရောက်ချိန်ကပဲ သွေးထဲမှာ Sulphur ဓာတ်ပါဝင်တဲ့ Compound လေးမျိုး စတင်ဖြစ်ပေါ်လာခဲ့တယ်။ ဒီ Compound တွေကရတဲ့ Sulphur အနံ့ဟာ အသက်ရှူလိုက်တဲ့လေမှာ ပါလာပြီး နှာခေါင်းဝမှာ Biosensor ပါတဲ့ စမ်းသပ်ကိရိယာလေးနဲ့စမ်းပြီး သိနိုင်ခဲ့တယ်လို့ဆိုပါတယ်။ ဒီ Test ဟာ ငှက်ဖျား စတင်ဝင်ရောက်ပြီး ရောဂါလက္ခဏာမပေါ်ချိန်ကပဲ ကြိုသိနိုင်တဲ့ စမ်းသပ်မှုဖြစ်တယ်လို့ဆိုပါတယ်။ နှစ်စဉ် ကမ္ဘာတစ်လွှား လူပေါင်းသန်း ၂၀၀ လောက်ခံစားနေရပြီး လူငါးသိန်းခန့် သေဆုံးနေရတဲ့ ရောဂါတစ်ခုကို လွယ်ကူစွာ ရှာဖွေနိုင်တဲ့နည်းတစ်ခုပေါ်လာတာကို တင်ပြလိုက်ရပါတယ်။



ယခုတွေ့ရှိတဲ့ ဆေးပညာသတင်းတစ်ခုတော့ အတော်ထူးဆန်းနေပါတယ်။ လူခန္ဓာကိုယ်မှာ ပေါ်လာတဲ့ ကင်ဆာဖြစ်တဲ့ အကျိတ် Tumour မှာရှိတဲ့ သွေးကြောထဲက Cell တစ်မျိုးဖြစ်တဲ့ Pericyte ဆိုတဲ့ Cells ဟာ ကိုယ်ခံအားမြှင့်တင်ပြီး ကုသရတဲ့ ကုထုံးကို မထိရောက်အောင် တားနိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒါကိုတွေ့ရှိခဲ့တာကတော့ ဆွီဒင်နိုင်ငံ Stockholm မြို့က ဆေးပညာရှင်တွေဖြစ်ပါတယ်။ ဒီ Pericyte cell တွေဟာ ကိုယ်ခံအားမြှင့်ပြီး ကုသတဲ့အခါ အသုံးပြုရတဲ့ T Cells ရဲ့ အင်အားကို တားဆီးနိုင်စွမ်းရှိတယ်။ ဒီလို တားနိုင်တာကြောင့် သွေးကြောများများရှိတဲ့ ကင်ဆာအကျိတ်တွေဟာ ပိန်ရှုံ့မသွားဘဲ ပိုပြီးရှင်သန်နေနိုင်ကြတာဖြစ် တယ်လို့ ဆိုပါတယ်။ သူတို့အဆိုအရ သွေးကြောအနည်းငယ်သာရှိတဲ့ ကင်ဆာမျိုးမှာ Pericyte Cells တွေနည်းတာကြောင့် ကိုယ်ခံအားကောင်းစေတဲ့ Treatment မျိုးနှင့် ပိုပြီးထိထိရောက်ရောက် ကုသနိုင်တာ တွေ့ရတယ်။

ဥပမာအားဖြင့် အရေပြား ကင်ဆာတစ်မျိုးဖြစ်တဲ့ Malignant Melanoma ရောဂါမှာ ကိုယ်ခံအားမြှင့်ကုသနည်းဟာ ပိုမိုထိရောက်နိုင်တယ်လို့ဆိုပါတယ်။ ဒီအကြောင်း ဆွီဒင်နိုင်ငံထုတ် Journal of National Cancer Institute ဂျာနယ်မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။



ယခုဖော်ပြလိုတဲ့ သတင်းကတော့ အသက်ကြီးလာရင် ဘယ်ကိုယ်လက်လှုပ်ရှားမှုမျိုးကိုမဆို (ဥပမာ လမ်းဖြည်းဖြည်းလျှောက်ခြင်း၊ ရေကူးခြင်း၊ ကိုယ်လက် လေ့ကျင့်ခန်းလုပ်ခြင်း၊ စက်ဘီးစီးခြင်း)တို့ကို တစ်နေ့မှာ အနည်းဆုံး ၁၅ မိနစ်ပြုလုပ်ခြင်းဟာ အသက် ၆၀ ကျော်သူတွေအတွက် အသက် ၁၀ နှစ်ပိုရှည်ဖို့ ၂၈ ရာခိုင်နှုန်း အခွင့်အလမ်းပိုရှိတယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာမှုကိုတော့ ပြင်သစ်နိုင်ငံ University Hospital of Saint Etienne က ဆေးပညာရှင်တွေ ဦးဆောင်ပြုလုပ်ခဲ့ကြတာပါ။ သူတို့ဟာ ယခင်က အမေရိကန်၊ ထိုင်ဝမ်နဲ့ ဩစတြေးလျနိုင်ငံတွေမှာ ပြုလုပ်ထားတဲ့ အသက် (၆၀)မှ (၁၀၁)နှစ်အရွယ် လူပေါင်း ၁၂၂၄၁၇ ဦးကို လေ့လာထားတဲ့ အချက်အလက်တွေကိုလည်း ကိုးကားခဲ့ကြတာဖြစ်ပါတယ်။ ဒီလေ့လာချက်မှာ သူတို့ရဲ့ ကျန်းမာရေး အခြေအနေ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာချွတ်ယွင်းမှု၊ ကိုယ်အလေးချိန်၊ Body Mass Index (BMI)၊ သွေးမှာ အဆီဓာတ်ပါဝင်မှု စတာတွေကိုလည်း ထည့်သွင်းလေ့လာထားခဲ့ကြပါတယ်။ သူတို့အဆိုအရ အသက် (၆၀- ၇၀)အရွယ်တွေဟာ တစ်ပတ်မှာ မိနစ် ၁၅၀၊ တစ်ရက်မှာ အနည်းဆုံး မိနစ် ၂၀ ခန့် အတော်အသင့်ပြင်းထန်တဲ့ (Moderate and Vigorous Exercise) မျိုး ပြုလုပ်သင့်ကြပြီး ဒီထက်အသက်ကြီးသူတွေ၊ နှလုံးရောဂါ၊ ကင်ဆာ၊ အဆုပ်ရောဂါရှိသူတွေကတော့ ဖြည်းဖြည်း ကိုယ်လက်လှုပ်ရှားမှုမျိုးကို အနည်းဆုံး ၁၅ မိနစ်ခန့် ပြုလုပ်သင့်ကြောင်း ဖော်ပြထားပါ တယ်။ သူတို့လေ့လာချက်မှာ လေ့ကျင့်ခန်းကြောင့်ရရှိမယ့် အင်အားအသုံးချမှုကို Metabolic Equavalent of Task (MET) နှုန်းနဲ့တွက်ချက်ထားတာဖြစ်ပါတယ်။ ဒါကြောင့် အသက်ကြီးလာပေမယ့် အသက်ရှည်ချင်ကြရင် ကိုယ်လက် လှုပ်ရှားမှုတစ်ခုခုကိုတော့ ပြုလုပ်သင့်ကြောင်း (ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုနှင့် ကင်းသောနေ့ ဟူ၍ မရှိစေရ) ဟူသော ဆောင်ပုဒ်ကလေးနေအိမ်မှာ ကပ်ထားအသုံးပြုဖို့ တိုက်တွန်းလိုက်ရပါတယ်။



အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

ဘီ-အေ-အို-ဒီ တပ်ဝင်းကြီးကို ကာကွယ်ရခြင်းသည် စစ်မြေပြင်ကို ဆင်းရသည်ထက်ပင် ရင်ခုန်ဖွယ်ရှိလှ၏။

ဘီ-အေ-အို-ဒီ ကျလျှင် တစ်ပြည်လုံး ကျမည်ဖြစ်ကြောင်း သက်ခိုင်တို့အားလုံး ကောင်းကောင်းနားလည်ထားကြသည်။

ဤအချိန် ဤအခါမျိုးတွင် ဤစခန်းကြီးကို စောင့်ရှောက်ခွင့်ရသည့်အတွက်လည်း သက်ခိုင်တို့ ဂုဏ်ယူကြသည်။

ဘီ-အေ-အို-ဒီနှင့် မျက်နှာချင်းဆိုင်တစ်ဖက်ကမ်းရှိ ဒလ-ပျော်ဘွယ်ကြီးစသည်တို့၌ ရဲဘော်ဖြူများ ကြီးစိုးနေသည်။ အင်းစိန်အရေးကြောင့် အစိုးရတပ်များနှင့် ရဲဘော်ဖြူများသည် ယာယီနားလည်မှုရထားကြ၏။ ည အချိန်တွင် တပ်ဝင်းကြီးအပြင်သို့ထွက်၍ ရုပ်ဖျောက်ကင်းလှည့်ထွက်တိုင်း သက်ခိုင်တို့ တပ်သည် လက်နက်ကိုင်ရဲဘော်ဖြူများနှင့် မကြာခဏ ရင်ဆိုင်မိကြသည်။

အချင်းဖြစ်ပွားမှုကား မရှိခဲ့ကြ။

သို့ရာတွင် ထိုခေတ်က တပ်မတော်မှ သာမန်ရဲဘော်ကလေးတစ်ဦးသည် ရဲဘော်ဖြူများဘက် ကူးသွားလျှင် ဗိုလ်အဆင့်အတန်း ချက်ချင်းရ၏။ ရဲဘော်ဖြူဗိုလ် ဖြစ်လာလျှင် ကိုယ့်နယ်တွင် ကိုယ်ဘုရားဖြစ်သောကြောင့် မက်လုံးများကား ကျလောက်ပါပေသည်။

မက်လုံးပေး၍ ဆွယ်မြူချက် အမျိုးမျိုးကို သက်ခိုင်တို့ တပ်သည်းခံခဲ့ရသည်။ သက်ခိုင်တို့ ကျောင်းသားအားလုံးနှင့် ရဲဘော်များသည် ပြည်ချစ်စိတ်သစ္စာမဏ္ဍိုင်ကိုဖက်၍ ကြံ့ကြံ့နိုင်ခဲ့ကြ၏။ ကျောင်းသားများနှင့် ရဲဘော်များအကြား အပြန်အလှန် ကြည်ညိုစိတ်၊ လေးစားစိတ်၊ ခင်မင်စိတ်တို့လည်း ဆတက်ထမ်းပိုး တိုးပွားလာခဲ့ကြ၏။

တပ်ဝင်းကြီး၏ အပြင်ဘက်တွင် ရဲဘော်ဖြူတို့သာ ခြေချင်းလိမ်နေသည် မဟုတ်၊ ကျန်အဖွဲ့အစည်းများကလည်း အလုပ်ရှုပ်နေပြီ။

ညစဉ်ညတိုင်းလိုလို သပိတ်သံပေးသည့် ရန်ကုန်ခရိုင်ကျောင်းသားများသမဂ္ဂ၏ အသံချဲ့စက်နှင့် တရားဟောသံများကို ကြားရသည်။ သတင်းစာများ၌လည်း အမှုထမ်းပေါင်းစုံ သပိတ်ကြီး မရှောင်မလွှဲပေါ်လာတော့မည့်အကြောင်း ဖတ်ကြရသည်။ ထိုထက် ပိုဆိုးသည့်သတင်းကား သာယာဝတီနယ်တွင် အစိုးရတပ်များက ကရင်ရိုင်ဖယ်အမှတ် ၂ တစ်ခုလုံးကို လက်ရဖမ်းမိအောင် အောင်ပွဲခံလိုက်ရလင့်ကစား ကရင်တပ်နောက်မှ တပ်လိုက်လာသော သောင်းကျန်းသူ ရောင်စုံတပ်ပေါင်းစုက ပြည်ခရိုင်တစ်ခုလုံးကို သိမ်းလိုက်ရုံမက ရန်ကုန်သို့ ရှေးရှုချီလာပြန်ပြီဆိုခြင်းပေတည်း။

၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့၌ အမှုထမ်းပေါင်းစုံ သပိတ်ကြီး မှောက်သည်။ ဗ-က-သ နှင့် ရ-က-သ လက်အောက်ခံ ကျောင်းသားများကလည်း သပိတ်မှောက်ကြ၏။

၈ ရက်နေ့ နေ့လယ်တွင် သက်ခိုင်တို့သည် ရှားပါးလှသော အပြင်ထွက်လည်ခွင့်ရ၏။ နောက်တစ်နေ့ဆိုလျှင် အင်းစိန်စစ်မျက်နှာရှိ ဆရာထူး၏ မော်တာတပ်စိတ်သို့ ပြောင်းကာ အမှုထမ်းရမည်ဖြစ်သောကြောင့် ဤအခွင့်ရခြင်းဖြစ်၏။ အပြင်သို့ထွက်လျှင် ကားခပင် သက်ခိုင်တို့၌ မရှိမှန်းသိသောကြောင့် တပ်ရင်းမှူးက သက်ခိုင်တို့အားလုံးအတွက် ငွေတစ်ရာ ထုတ်ပေးသည်။

သက်ခိုင်၊ ကိုလှဖေ၊ ကိုလေးမောင်၊ ကိုစောလွင်၊ ကိုမြင့်သောင်း၊ ကိုဝင်းမောင်(ပီတာ)တို့သည် အရပ်ဝတ်အရပ်စားများနှင့် တပ်စခန်းကြီးမှ ထွက်လာခဲ့ကြသည်။

ကိုလေးမောင်က ဝါဒင်ထံ အပ်ထားခဲ့သော ပစ္စည်းလေးအချို့ ယူစရာရှိသည်ဆို၍ ရှေးဦးစွာ တက္ကသိုလ်နယ်မြေသို့ အရင်လာကြသည်။

တကောင်းကျောင်းဆောင်ကြီး၏ အောက်ထပ်ကားအင်းစိန်မှ စစ်ပြေးဒုက္ခသည်များနှင့် ပြည့်နေ၏။ အပေါ်ထပ်များတွင် ကျောင်းသားအချို့ ကျန်နေလေသေးသည်။

စစ်ပြေးဒုက္ခသည်များအလယ်၌ မမျှော်လင့်ဘဲ ထွန်းငွေခေါ် မောင်ညိုမှိုင်းကို သွားတွေ့၏။ ညိုညိုမှိုင်းမှိုင်း စုတ်စုတ်ပြတ်ပြတ်နိုင်သော ထွန်းငွေသည် စစ်ပြေးဒုက္ခသည်များနှင့် ရွေးမရအောင် ပနံ့ဟပ်နေ၏။

"သက်ခိုင်ရေ. . . မင်းကို ငါအရေးကြီးတာ တစ်ခုပြောစရာရှိလို့၊ လာ လာ. . . ဟိုနားသွားကြရအောင်"

ထွန်းငွေဆွဲခေါ်ရာနောက်သို့ သက်ခိုင်လိုက်လာခဲ့၏။

ထွန်းငွေက တိုးတိုးဆိုသည်။

"ယုမောင် ရောက်နေတယ်၊ မင်းကို တွေ့ချင်လို့တဲ့"

"ဘာ. . . ယုမောင် ရောက်နေတယ်၊ ဘယ်မှာလဲ"

"ဘယ်မှာလဲလို့တော့ ငါ ဘယ်ပြောနိုင်မလဲ၊ မင်းတို့က အစိုးရတပ်ကကောင်တွေ မဟုတ်လား"

"ငါ့ကိုမယုံရင် ဒီအကြောင်းကို အစကတည်းက မင်းဘာလို့ပြောရသလဲ"

ထွန်းငွေသည် ခေါင်းကုတ်၏။

"အေးပါကွာ. . . ငါ စကားမှားသွားလို့၊ မင်းကို ယုံပါတယ်၊ ကိုလှဖေတို့. . . ကိုလေးမောင်တို့ကိုကော. . ငါယုံနိုင်သလား"

"တို့သူငယ်ချင်းတွေဟာ သစ္စာဖောက်တတ်တဲ့ လူတွေမဟုတ်ဘူး မောင်ညိုမှိုင်း"

"မင်းက အသားယူ ပြောနေပြန်ပါပြီ၊ ထားပါတော့လေ. . . ငါကလည်း ယုံလိုက်ပါ့မယ်၊ ယုမောင်တင်မကဘူး၊ မိုးမြင့်လည်း ပါလာတယ်၊ ပြီးတော့ လေတပ်ကနေ တောခိုသွားတဲ့ ကိုချိုကြီးဆိုတာလည်းပါတယ်၊ သူက ကိုလေးမောင်တို့. . ကိုစောလွင်တို့ရဲ့ သူငယ်ချင်းလို့ ပြောတယ်၊ ယုမောင်က မင်းနဲ့တွေ့ချင်တယ်၊ မိုးမြင့်က ကိုလှဖေနဲ့ တွေ့ချင်တယ်၊ ကိုချိုကြီးက ကိုလေးမောင်တို့. . ကိုစောလွင်တို့နဲ့ တွေ့ချင်တယ်၊ ငါကလည်း မင်းတို့ ဘယ်နေရာမှာ ရှိမှန်းမသိဘူး"

သက်ခိုင်သည် ခပ်လှမ်းလှမ်း၌ စောင့်နေသော သူငယ်ချင်းများကို လက်ယပ်ပြခေါ်လိုက်၏။ သူငယ်ချင်းအားလုံးစုံကြမှ အကျိုးအကြောင်းကို သက်ခိုင်က ရှင်းပြ၏။ သူငယ်ချင်းအားလုံးသည် ယုမောင်၊ မိုးမြင့်၊ ချိုကြီးတို့ကို တွေ့ဆုံရန် ဆုံးဖြတ်ကြ၏။

နေရာကို အားလုံးနှင့် ခင်သော ဆင်နတိုရီယံမှ ကိုမောင်ကို (ဆရာပို) ဒေါ်သိန်းတို့၏ အိမ်ကို ရွေးကြသည်။ ကိုမောင်ကိုသည် ဂျပန်တော်လှန်ရေးတုန်းက ဆေးတပ်တွင် အရာခံဗိုလ်အဆင့်အထိ လုပ်ဖူးသည်။ ယခုအခါ နိုင်ငံရေးကို လုံးဝစိတ်မဝင်စား။ ဆင်နတိုရီယံတွင် သိမ်ငယ်လှသော ဒရက်ဇာ အလုပ်ကို လုပ်နေ၏။ သူရသော လခ ခြောက်ပြားတစ်ပဲ ကုန်အောင် ရဲဘော်ဟောင်းမှန်သမျှကို မျက်နှာမလိုက်ဘဲ ကျွေးမွေးပြုစုတတ်သူ ဖြစ်၏။ အစစအရာရာတွင်လည်း တိတိကျကျ 'ကြားနေသူ'ဖြစ်၏။

မူလက အခြားသူငယ်ချင်းများသည် ရုပ်ရှင်ကြည့်ရန် မှန်းထားသည်။

သက်ခိုင်က ချစ်လှစွာသော မမနွယ်ထံ သွားမည် ရည်စူးထား၏။ ယခုမူ အားလုံး ဆရာပိုနှင့် ဒေါ်သိန်းတို့ အိမ်သွားကြသည်။

ဒေါ်သိန်း သုပ်ပေးသော ပဲကြီးလှော်ကြော်နှင့် လက်ဖက်ရည်ကြမ်းကို သောက်ရင်း တစ်ညနေလုံး ထိုင်စောင့်ကြရ၏။ ညနေ ငါးနာရီခန့်ရှိမှ သူတို့ တစ်ဦးချင်း ပေါ်လာကြ၏။

အစိုးရတပ်နှင့် နားလည်မှု ရထားသဖြင့် အန္တရာယ်တွေ့ရန် အနည်းဆုံးဖြစ်သူ ရဲဘော်ဖြူအဖွဲ့မှ ယုမောင်သည် ရှေ့ဆုံးက အရင်လာ၏။ အခြေအနေကိုကြို၍ သူက အချက်ပြလိုက်လေမှ မိုးမြင့်နှင့် ချိုကြီးတို့ လာကြ၏။ ထွန်းငွေက အပြင်မှ စောင့်နေသည်။

ဝါဒမည်မျှကွဲကြသည်ဖြစ်စေ သူငယ်ချင်းများသည် သူငယ်ချင်းများပေတည်း။ တစ်ဦးကိုတစ်ဦး လှိုက်လှဲခင်မင်စွာ ဖက်လဲတကင်း နှုတ်ဆက်ကြ၏။

နေရာတကျ ထိုင်မိကြသောအခါ မိုးမြင့်က စမေးသည်။

"အခု ခင်ဗျားတို့ ဘယ်တပ်မှာလဲ"

သက်ခိုင်တို့အားလုံးက ခေါင်းခါပြကြသည်။

မိုးမြင့်က ရယ်သည်။

"ကိုယ့်တပ်ကိုယ် မပြောချင်ကြဘူးပေါ့၊ အဲဒီသစ္စာကလေးတွေတော့ ကြိုက်သဗျို့၊ ဒါထက် ခင်ဗျားတို့အားလုံး အခု ဗိုလ်တွေလား၊ သူငယ်ချင်း ကိုလှဖေ ခင်ဗျားဖြေဗျာ"

ကိုလှဖေက ဖြေသည်။

"ကျွန်တော်တို့ ဗိုလ်တွေ မဟုတ်ဘူး၊ ရဲဘော်လေးတွေ၊ ရဲဘော်မှ လခတစ်ပြားမှမရတဲ့ စေတနာ့ဝန်ထမ်းရဲဘော်တွေ"

"ဒါဖြင့် ခင်ဗျားတို့ ငတ်နေကြမှာပေါ့"

"မငတ်ပါဘူး၊ ပဲနဲ့ထမင်းတော့ နေ့တိုင်းမှန်မှန်စားကြရပါတယ်၊ ဒါကိုလည်းတို့ တင်းတိမ်တယ် မိုးမြင့်ရေ. ."

မိုးမြင့်သည် ကိုလှဖေအား ကရုဏာသက်ဟန် ကြည့်ပြီး ယုမောင်ဘက်သို့ လှည့်လိုက်၏။

ယုမောင်က သက်ခိုင်ကိုကြည့်ပြီး ပြောသည်။

"စကတည်းက ပြည်ကို ပြန်လိုက်ခဲ့လို့ မင်းကိုငါခေါ်တယ်၊ မင်းက နေရစ်တယ်၊ ငါ ကြွားတာ မဟုတ်ဘူးသက်ခိုင်၊ အခု ငါက ခေတ္တရာတပ်ခွဲ တပ်ခွဲမှူး၊ ကိုမိုးမြင့်က တော်လှန်နေတဲ့ဗမာ့တပ်မတော်မှာ ဗိုလ်မှူး၊ ကိုချိုကြီးကလည်း ယန္တရားတပ်မှာ ဗိုလ်မှူးပဲ၊ မင်းတို့အဖြစ်ကို ငါမကြည့်ရက်ဘူး"

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းနှင့်**

**PS Business School w y;ay;i;zi vpon Start-Up Course သင်တန်းသားများခေါ်ယူခြင်း**

| | | |
|---|---|---|
| (က) | သင်တန်းကာလ (ငါးရက်ကြာသင်တန်း) | ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၂၇ မှ ၃၁ရက်အထိ |
| (ခ) | သင်ကြားမည့်နေ့ရက် | အစိုးရရုံးဖွင့်ရက်များ |
| (ဂ) | သင်တန်းအချိန် | နံနက်(၉)နာရီမှ ညနေ (၄)နာရီ |
| (ဃ) | သင်တန်းသားဦးရေ | ၄၅ ဦး |
| (င) | သင်တန်းတည်နေရာ | ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ် ၂၂၈၊ ၂၄၀ ကမ်းနားလမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့။ |
| (စ) | လျှောက်လွှာတင်ရန်နှင့် စုံစမ်းရန် | PS Business School မြေနီကုန်းပလာဇာ၊ သုံးလွှာဒီ ၀၉-၂၅၂၉၅၉၄၄၉၊ ၀၉-၂၅၂၉၅၉၅၉ |
| (ဆ) | ပို့ချမည့်အကြောင်းအရာ | စီးပွားရေးအစီအစဉ်ရေးဆွဲသင်တန်း |









စီစဉ်သူ

SINGAPORE EXHIBITION SERVICES

ဆက်သွယ်စုံစမ်းရန် ဦးထက်ဝေဇော် ဖုန်း +၉၅ ၁ ၅၁၃ ၅၁၅ - ၅၁၉

အီးမေးလ်။ events@sesallworld.com

ကူညီပံ့ပိုးသည့် အဖွဲ့အစည်းများ

Ministry of Industy SMEs Development Department

Myanmar Engineering Society

MIA Myanmar Industries Association

ALLWORLD EXHIBITIONS EVENT

ပြည်တွင်းရေးရာ

## ကျောင်းနေကလေးများအား အာဟာရတိုက်ကျွေး

**ကျွန်းစု အောက်တိုဘာ ၉**

ကျွန်းစုမြို့နယ်၌ အခြေခံပညာကျောင်းများတွင် ကျောင်းနေအရွယ်ကလေးငယ်များ အာဟာရဖြည့်တင်းရေး အစီအစဉ်ဖြင့် ကျွန်းစုမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက ကျွန်းစုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းနေအရွယ်ကလေးငယ်များအား အာဟာရတိုက်ကျွေးခဲ့ကြောင်း သိရသည်။

ကျွန်းစုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ မူကြိုကလေးငယ်များနှင့် မူလတန်းကလေးငယ် ၂၀၀ ခန့်အား မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျောင်းနေအရွယ်ကလေး ငယ်များအားအာဟာရပြည့်ဝစေရေးအတွက် နို့များတိုက်ကျွေးခဲ့သည်။ **ကျွန်းစု(ပြန်/ဆက်)**

## မြစိမ်းရောင်ရန်ပုံငွေ ပေးအပ်

**ရွှေကျင် အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ် အနောက်ဘက်ကျေးရွာအုပ်စုသောင်လယ်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာရန်ပုံငွေပေးအပ်ပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီက သောင်လယ်ကျေးရွာ၌ ကျင်းပခဲ့သည်။စီမံကိန်းဆောင်ရွက်ခြင်း တစ်နှစ်ပြည့်ပြီးနောက် ဒုတိယစီမံကိန်းကာလထပ်မံဆောင်ရွက်ရန် ယင်းကျေးရွာရှိ အိမ်ထောင်စု ၂၇၉ စုတွက် စီမံကိန်းရန်ပုံငွေများပေးအပ်ခဲ့သည်။**ရွှေကျင်(ပြန်/ဆက်)**

# ဟားခါးမြို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဟားခါး အောက်တိုဘာ ၉**

ချင်းပြည်နယ် ဟားခါးမြို့တွင် သဘာဝဘေးအန္တရာယ်ကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ပျက်စီးသွားသည့် သဘာဝဘေးသင့် ဒေသခံပြည်သူများ၏ နေအိမ်များကို ဆောင်းရာသီမရောက်မီ ပြန်လည်ဆောက်လုပ်ပေးနိုင်ရေးနှင့် ပြန်လည်နေရာချထားနိုင်ရေးအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ချင်းပြည်နယ် ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဦးကျင့်လျန်းပေါင်က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေး၌ဟားခါးမြို့ ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးငွန်ဆန်းအောင်က သဘာဝဘေးသင့်ပြည်သူများအတွက် အိမ်ရာမြေကွက်များ ဖော်ထုတ်ပေးမည့် အစီအမံများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ဟားခါးမြို့ပြ စီမံကိန်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြန်လည်ထူထောင်ရေးဆပ်ကော်မတီများမှ မိမိတို့ဆပ်ကော်မတီအလိုက်ဆောင်ရွက်သည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသော မြို့မိမြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဟားခါးမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချင်းပြည်နယ်( ပြန်/ဆက် )**

## ကျုံပျော်မြို့၌ကျောင်းကျန်းမာရေး ဟောပြောပွဲနှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေး

**ကျုံပျော် အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော် အ-ထ-က တွင် အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီက မူလတန်းကျောင်းသား ကျောင်းသူလေးများအား မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျောင်းကျန်းမာရေး ဟောပြောပွဲနှင့် ဆေးဝါးစစ်ဆေးကုသမှုများလာရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကလေးများ တစ်ကိုယ်ရေသန့်ရှင်းကျန်းမာရေးအကြောင်းနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး အကြောင်းများကို ဟောပြောခဲ့ပြီး ကလေးတစ်ဦးချင်းစီ၏ ကျန်းမာရေးကို စစ်ဆေးကာ ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သွားဆရာဝန်ကလည်း ကလေးများ၏ သွားကျန်းမာရေးအတွက် စစ်ဆေးမှုများဆောင်ရွက်ကာ သွားနှုတ်ပေးခြင်း၊ သွားများခိုင်ခံ့ကျန်းမာရေးအတွက် ဆေးဝါးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ **နေဝင်းမြင့် (ပြန်/ဆက်)**

# ဓာတ်မြေဩဇာပေးအပ်ပွဲနှင့် ဓာတ်မြေဩဇာကြဲပက်ပွဲ မြို့သစ်မြို့တွင်ကျင်းပ

**မြို့သစ် အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ခေတ်မီစိုက်ပျိုးရေးစနစ်များဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ကာ မိုးစပါး တစ်ဧကအတွက်နှုန်းတိုးစေရန်အတွက် မြို့သစ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့သစ်မြို့လယ်ပြင် ကွင်းအမှတ်-၁၃၀၃ ရှိ ပုလဲသွယ်စံပြကွက်များနှင့် ဆင်းသုခမျိုးစေ့ထုတ်စိုက်ခင်းများတွင် ဓာတ်မြေဩဇာပေးအပ်ပွဲနှင့် စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။



ရွှေဦးစွာစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းက စိုက်ပျိုးရေးစနစ်မှန်ကန်စေရေး တစ်ဧက အထွက်နှုန်းတိုးစေရေးနှင့် သမားရိုးကျစိုက်ပျိုးရာမှ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို ပညာပေးရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော တောင်သူများမှ စိုက်ပျိုးနည်းနှင့်ပတ်သက်၍ သိလိုသည့်အချက်များနှင့် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မြို့သစ်မြို့ လယ်ပြင်ကွင်းမှ တောင်သူ ဦးမြင့်ဆွေ၏ ပုလဲသွယ်စပ်မျိုးစပါးစိုက်ကွင်းအတွင်းသို့ ဓာတ်မြေဩဇာများကို ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက စုပေါင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**







# ကနီမြို့အဝင်ရှိ ရေဝါချောင်း ချောင်းကူးတံတားတည်ဆောက်မှု ၃၀ ရာခိုင်နှုန်းပြီးစီး

**ကနီ အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကနီ-ချောင်းမ-မုံရွာကားလမ်းမပေါ်ရှိ ကနီမြို့အဝင်တွင် ရေဝါချောင်း ချောင်းကူးတံတားကို တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၂)မှ ဆောက်လုပ်လျက်ရှိပြီး တံတားတည်ဆောက်မှုမှာ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကနီမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်အခက်အခဲများ လွယ်ကူလာစေရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ခြင်းဖြစ်သည်။

ယင်းတံတားဆောက်လုပ်မည့် ရေဝါချောင်းမှာ ကနီမြို့နှင့် မိုင်နှစ်ဆယ်ကျော်ဝေးကွာသော မဟုရိုးမတောင်တန်းမှ အဖျားခံကာ အရှိန်အဟုန်ဖြင့် စီးဆင်းသောကြောင့် မိုရာသီ မိုးများရွာသွန်းချိန်တွင် ချောင်းရေများ ကျဆင်းလာပါက မြို့နယ်အတွင်းမှ ပြည်သူများ ခရီးသွားလာရန် အလွန်ခက်ခဲကြောင်း ယင်းမြို့မှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

အဆိုပါရေဝါချောင်း ချောင်းရေကျဆင်းလာပါက ကားများ၊ ဆိုင်ကယ်များစသည့် ယာဉ်ကြီး ယဉ်ငယ်များ ချောင်းကိုကူးရန်ခက်ခဲသလို မြို့ပေါ်သို့ ကျောင်းသွားတက်ရသော ကျောင်းသား ကျောင်းသူလေးများပါ ကျောင်းကိုသွားလာရန်လည်း ခက်ခဲရကြောင်း အဆိုပါဒေသခံများကပြောသည်။

ယခု ချောင်းကူးတံတားကို ဇူလိုင် ၁၃ ရက်မှ စတင်ဆောက်လုပ်ခဲ့ပြီး တံတားတည်ဆောက်မှုမှာ ၃၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ တံတားကြီး ဆောက်လုပ်ပြီးစီးပါက ကနီမြို့နယ်တစ်မြို့တွင်သာမက ကနီ-ချောင်းမ-မုံရွာကားလမ်းတစ်လျှောက်နှင့် ကနီ-မင်းကင်းလမ်းဘေးရှိ ကျေးရွာများပါ သွားလာရန် လွယ်ကူ၍ ကုန်စည်စီးဆင်းမှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများပါ လျင်မြန်စွာ တိုးတက်လာမည် ဖြစ်သည်။

"ကျွန်တော်တို့ ဒီရေဝါချောင်းတံတားကို ဇူလိုင်လဆန်းပိုင်းက စတင်တည်ဆောက်ခဲ့ပါတယ်။ ဒီရေဝါချောင်းတံတားမှာ ပေ ၁၄၄၀ အရှည်ကို ဘေလီတံတားဖြစ်ပြီး ရေလယ်တိုင် ၁၉ တိုင်နဲ့ ကမ်းကပ်ခုံနှစ်ခုံတည်ဆောက်ရမှာဖြစ်ပါတယ်။

အခု ရေလယ်တိုင် ၁၃ တိုင်၊ ကမ်းကပ်ခုံတစ်ခုနှင့် အောက်ခံဖောင်ဒေးရှင်း ရေလယ် Shaf အတိုင် ရှစ်တိုင် ဆောက်လုပ်ပြီးစီးသွားပါပြီ။ ဘိုးပိုင်တူးခြင်းလုပ်ငန်း p5 နှင့် p6 ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ တံတားတစ်စင်းလုံးအနေနဲ့ ၃၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်။

အခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၂) ရေဝါချောင်းတံတားတည်ဆောက်ရေးစီမံကိန်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သန်းဌေးအောင်(ကနီ)**



# မြစိမ်းရောင်စီမံကိန်း ပါကျေးရွာ ၁၀ ရွာအား ရန်ပုံငွေကျပ်သိန်း၃၀၀ စီပေးအပ်

**မြင်းခြံ အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ်အတွက် ထပ်မံတိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းပါ ကျေးရွာ ၁၀ ရွာအား ရန်ပုံငွေများ ပေးအပ်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ထပ်မံတိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းပါ ကျေးရွာများသို့ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ၊ မြို့နယ်ဦးစီးမှူး မြို့နယ်အထောက်အကူပြုအဖွဲ့များမှ ငွေးပင်ရိုးကျေးရွာ၊ သပြေသာကျေးရွာ၊ ညောင်ပင်ရွာကျေးရွာ၊ ကျောက်ကန်ကျေးရွာ၊ ကံဦးကံပေါက်ကျေးရွာ၊ ကန်ချော-လေးရာကျော်ကျေးရွာ၊ ဆိတ်ကုန်းကျေးရွာ၊ နံ့သာလှိုင်ကျေးရွာ၊ကြည်ရွာကျေးရွာ၊ ရွာသစ်ကျေးရွာစသော ကျေးရွာ ၁၀ ရွာသို့ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီကို ကျေးရွာအရောက် ပေးအပ်ခဲ့သည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ဆင်းရဲမှုလျှော့ကျစေရေးကိုရည်ရွယ်၍ နိုင်ငံတော်အစိုးရမှ အရင်းမပျောက် ရင်းနှီးမတည်ငွေအဖြစ် ထုတ်ချေးခြင်းဖြစ်ပြီး မြင်းခြံမြို့နယ်တွင် ယခင်ဘဏ္ဍာနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စီမံကိန်းဝင်ကျေးရွာ ငါးရွာရှိခဲ့ကာ ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀ရွာ တိုးချဲ့ဆောင်ရွက်နေသောကြောင့် စုစုပေါင်း မြစိမ်းရောင်ကျေးရွာ ၁၅ ရွာအထိရှိပြီးဖြစ်သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအဆောက်အအုံသစ် ဖွင့်ပွဲပြုလုပ်

**လွိုင်ကော် အောက်တိုဘာ ၉**

ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအဆောက်အအုံသစ်ဖွင့်ပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီခွဲက လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၆၆) မြေကွက်အမှတ်(၂၇၀/၄၂၈) ရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးအဆောက်အအုံတွင် ကျင်းပခဲ့သည်။

ကယားပြည်နယ်အတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်၊ သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၊ စက်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူနေမှုဘဝများကို ထိခိုက်မှုမဖြစ်ပေါ်စေရန်၊ လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့ကို စောင့်ကြပ်ကြည့်ရှု ထိန်းချုပ်နိုင်ရန်အတွက် ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီကို အဖွဲ့ဝင် ၂၃ ဦးဖြင့် ၂၀၁၅ ခုနှစ် ဧပြီ ၂ ရက်က ဖွဲ့စည်းပေးခဲ့ပြီး မေ ၁၉ ရက်တွင် လုပ်ငန်းလိုအပ်ချက်အရ အဖွဲ့ဝင် ၂၃ ဦးဖြင့် ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့သည်။

လုပ်ငန်းတာဝန်များကိုလည်း သက်ဆိုင်ရာကဏ္ဍများအလိုက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စောင့်ကြပ်ကြည့်ရှုသွားရန်လည်း သတ်မှတ်ပေးပြီး ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုများနှင့် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို နှီးနွှယ်နေသည့် အစိုးရဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ ကယားပြည်နယ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီခြောက်ခုအား ဩဂုတ် ၁၈ ရက်တွင် ကယားပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း သိရသည်။

**လွိုင်ကော်(ပြန်/ဆက်)**


## ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား **DDP** (ကြီးအုံကြီးဝစက်ရုံ) အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 17/HPGE/15-16 [Thrust Bearing (၂)စုံ ဝယ်ယူခြင်း]

၂။ Tender No-17 ၏ တင်ဒါပိတ်ရက်မှာ ၂၂-၁၀-၂၀၁၅ ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၆ နှင့် ၄၁၀၅၃၈



## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MALACCA HIGHWAY V.9 သင်္ဘောသည် ၁၂-၁၀-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်း သို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှု စစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်



## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MAKASSAR HIGHWAY V.158A သင်္ဘောသည် ၁၂-၁၀-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှု စစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်








ကြော်ငြာ


Diabetasol®
Diabetes Nutrition Solution
Zero Calorie Sweetener ..
Chocolate Flavour Nutrition Powder ..
Cappuccino Flavour Nutrition Powder ..
Vanilla Flavour Nutrition Powder ..
Clinically Proven
START 3C CONTROL
Count
Classify
Comply
Vanilla Flavour
Zero Calorie Sweetener
Cappuccino Flavour
Chocolate Flavour
KALBE Customer Care 01-2399800
KALBE


NEO
MIXAGRIP
KALBE


PRENAGEN
(ပရီနာဂင်)
Folic Acid
CLINICALLY PROVEN
KALBE Customer Care 01-2399800
PRENAGEN mommy
PRENAGEN lactamom
KALBE


JAPAN QUALITY PRODUCT
morinaga
chil-school
BRAIN CARE
BODY DEFENSE
KALBE Customer Care 01-2399800
KALBE

ကြော်ငြာ


# မြင့်မိုရ်မေမေ စာပေ မှ ထုတ်ဝေသော သားသားမီးမီးတို့အတွက် ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ငါးရာ့ငါးဆယ် ဇာတ်တော်များ၊ အထွေထွေ၊ ဗဟုသုတ၊ ယဉ်ကျေးမှု၊ ဆုံးမစာ၊ ပညာပေးပုံပြင်များ၊ သင်ကြားရေးအထောက်အကူပြုစာအုပ်များ အင်္ဂလိပ် မြန်မာ နှစ်ဘာသာ အဆင့်မြင့် ဆေးရောင်စုံရုပ်ပြများ

ပန်းချီပျိုးဟန် ရေးဆွဲ၍ စာမျက်နှာ (၁၁၂/၁၁၆/၁၂၀/၁၂၄/၁၆၀) စာမျက်နှာပြည့် ပါဝင်သည်။

ရွှေတိဂုံဘုရားရှိ စာအုပ်ဆိုင်များနှင့် အမြို့မြို့အနယ်နယ်မှ စာအုပ်ဆိုင်များတွင် ဤစာအုပ်အမျိုး (၈၀) အားလုံး ဝယ်ယူရရှိနိုင်ပြီ။



နောက်ဆုံးတန်းမှ (၁၀)အုပ်သည် နောက်ဆုံးထွက် စာအုပ်များဖြစ်ပါသည်။

မြင့်မိုရ်မေမေစာပေ အမှတ်-၁၂၉၉၊ အောင်သုခ (၂၇)လမ်း၊ (၆)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၂၉၃၃၆၊ ၀၉- ၄၂၀၀၄၄၆၈၄


SWEETY HOME
Living Mall(Thaketa)
GRAND OPENING
CEREMONY
10-Oct-15 (Sat)
"ဖွင့်ပွဲအထိမ်းအမှတ်အဖြစ်" ငွေကျပ်နှစ်သိန်းနှင့် အထက် ဝယ်ယူသူ အားလုံး
(သို့) ငွေကျပ် နှစ်သိန်းနှင့် အထက်ဝယ်ယူထားသော ဘောက်ချာအပေါင်း ပြရုံဖြင့်
ဗလာမပါ ဆုမဲများ ကံစမ်းခွင့် ရရှိမည့် အခွင့်အရေး (ဖွင့်ပွဲနေ့တစ်ရက် သာ)
SWEETY HOME
Promotion Date
10th to 31st Oct 2015
20th
Since 1995
ANNIVERSARY
up to
20
% OFF
ရွှေ နှစ်ဆယ် ကျပ်သား
ရရှိနိုင်မည့် အခွင့်အရေး နှင့်
ဆုမဲပေါင်းများစွာ
အထူးဆု ပထမဆု ဒုတိယဆု နှစ်သိမ့်ဆု(၅)ဆု
(၁၀) ကျပ်သား (၃) ကျပ်သား (၂) ကျပ်သား (၁) ကျပ်သား
ငွေကျပ်တစ်သိန်းနှင့် အထက် ဝယ်ယူသူတိုင်း ကံစမ်းမဲလက်မှတ်တစ်စောင် ရယူနိုင်ပါသည်။
ရောဝဏ်လမ်းမကြီး (ကျောက်တိုင်မှတ်တိုင်အနီး)၊ သာကေတမြို့နယ်၊ရန်ကုန်မြို့။
၀၁-၅၅၁၅၉၁၊ ၀၁-၅၄၇၁၂၂


AIR KBZ
FLYING BEYOND EXPECTATIONS
ရန်ကုန် - လွိုင်ကော် - ရန်ကုန် ခရီးစဉ် စတင်ပျံသန်းခြင်း အထိမ်းအမှတ်အဖြစ် ခရီးသွားမိဘပြည်သူများအတွက်
လေယာဉ်လက်မှတ် အထူးဈေးနှုန်း
Special Promotion
79000/- Ks
59000/- Ks
* One Way (only Myanmar Nationals)
* Terms & Conditions apply
Effective from Sep 16th to Oct 31st 2015
တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ
FLIGHT NO. SECTOR DEPARTURE ARRIVAL
K7 442 Yangon - Loikaw 10:00 11:00
K7 443 Loikaw - Yangon 11:15 12:15
ရန်ကုန် - လွိုင်ကော် - ရန်ကုန် လေယာဉ်ခရီးစဉ်များအား အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့ တိုင်းပျံသန်းပြေးဆွဲ ပေးနေပါပြီ။
Hotline: (01) 373766, (09) 5280445, (09) 73177805
Tickets Available at
(1) No. 147, (5)Quarter, (8½)Miles, Pyay Road, Mayan Gone Township, Yangon.
www.facebook.com/AIRKBZ
(2) No. 214, Law Pi Ta Street, Law Damma Quarter, Loikaw
Ph: (09) 5146826
We accept
VISA
www.airkbz.com


CROWN EDUCATION
Yangon . Myanmar
အမေရိကန်တက္ကသိုလ်များနှင့် ဩစတြေးလျအင်္ဂလန်ကနေဒါစင်ကာပူတို့မှ တက္ကသိုလ်ပေါင်း(၁၅၀)ကျော်အသိအမှတ်ပြုထားသော
AMERICAN COLLEGE PROGRAM
• အဆိုပါပရိုဂရမ်သည် Grade 12 နှင့် ညီမျှပြီး အမေရိကန်မှ လက်မှတ်ထုတ်ပေးမည့် ပရိုဂရမ်ဖြစ်ကာ SAT ဖြေဆိုစရာမလိုဘဲ အမေရိကန် တက္ကသိုလ်များသို့ ဝင်ခွင့်တိုက်ရိုက်လျှောက်ထားနိုင်ခြင်း
• GCE 'A' အဆင့်နှင့် ညီမျှပြီး အင်္ဂလန်တက္ကသိုလ်များ၏ ပထမနှစ်သို့ တိုက်ရိုက် လျှောက်ထားနိုင်ခြင်း
• စင်ကာပူနှင့် ထိုင်းတက္ကသိုလ်များ၏ ဒုတိယနှစ်သို့ တိုက်ရိုက်လျှောက်ထားနိုင်သည့် မြန်မာနိုင်ငံမှ တစ်ခုတည်းသော Foundation Program ဖြစ်ခြင်း
• မြန်မာနိုင်ငံတွင် (၁၀)လသင်ယူကာ ကမ္ဘာတစ်ဝှမ်းရှိ အမေရိကန်၊ဩစတြေးလျ၊ကနေဒါ၊စင်ကာပူ၊အင်္ဂလန်တက္ကသိုလ်ကြီးများသို့ တိုက်ရိုက် ဝင်ခွင့်လျှောက်ထားနိုင်ခြင်း
• အမေရိကန်သင်ရိုးညွှန်းတမ်းဖြင့် ပြည်တွင်းပြည်ပမှ ဝါရင့်ဆရာ၊ဆရာမများ ပူးပေါင်းသင်ကြားပေးခြင်း
• ထူးချွန်သော ကျောင်းသားကျောင်းသူများအတွက် အမေရိကန်နှင့် အင်္ဂလန်တက္ကသိုလ်များတွင် ပညာသင်ဆုရရှိနိုင်ခြင်း
• IELTS ကို သီးခြား တက်ရောက်သင်ယူရန် မလိုအပ်တော့ခြင်း
အမေရိကန်မှ Credit စနစ်ဖြင့် ပေးအပ်မည့် GLOBAL ASSESSMENT CERTIFICATE
GLOBAL ASSESSMENT CERTIFICATE
Call us: 01 527 838, 09 730 40 688, 09 732 56 965, 09 732 732 77


GOOD CARE®
လွတ်လပ်ပေါ့ပါးမှု အပြည့်အဝ ပေးနိုင်သော
ဂွတ်ကဲ နှင့်အတူ
ဂုဏ်ပြုညစာစားပွဲနှင့် SUZUKI (Pick-up)ကား၊ ရွှေတုံး၊ ရွှေသား၊ ငွေသား၊ စသည့်အဖိုးတန်ဆုမဲများ ကျေးဇူးတုံ့ပြန်ခြင်းအခမ်းအနားကို
(11.10.2015) Grand Ballroom (Gandamar Whole Sale) တွင်
နာမည်ကြီးအနုပညာရှင်များ၊ တေးသံရှင်များ၊ ဟာသသရုပ်ဆောင်များ၏ ဖျော်ဖြေမှုများနှင့်အတူဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကျင်းပမည်ဖြစ်ပါကြောင်း
လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။
Good Care မှ Product များကို Special Discount ဖြင့်ရောင်းချပေးပါမည်။ (တစ်ရက်တည်းသာ)

Hot Line No-0930500100

# တိုင်းပြည်အတွက် အမှန်တကယ်အကျိုးရှိမည့်လုပ်ရပ်များကို တပ်မတော်မှဖော်ဆောင်ပေးနေ

သတင်း စာမျက်နှာ » ၉

# ပြည်ပအကူအညီမပါဘဲ နိုင်ငံတော်၏ဘတ်ဂျက်ဖြင့်သာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ



ရန်ကုန်ဆေးရုံကြီး ပင်မဆောင် ယာဘက်ခြမ်း ပြုပြင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

သတင်း - ခင်မောင်ထွေး၊ဝင်းဝင်းမော်
ဓာတ်ပုံ - ဇော်မင်းလတ်

**ရန်ကုန် အောက်တိုဘာ ၉**

ကျန်းမာရေး ဝန်ကြီးဌာနသည် ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ ဆေးဝါးများနှင့် ကုသမှုအထောက်အကူစက်ပစ္စည်းများတိုးမြှင့်ထောက်ပံ့တပ်ဆင်ပေးခြင်းများအတွက် နှစ်စဉ်ရန်ပုံငွေများကို တိုးတက်ရရှိလျက်ရှိရာ အဆိုပါရန်ပုံငွေများကို အကျိုးရှိရှိ အသုံးချပြီး ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း မြင့်မားလာအောင် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောသည်။

ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည့် ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများ အဆင့်မြှင့်တင်ခြင်းနှင့် ကုသရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်က ကျန်းမာရေးဝန်ကြီးဌာနအတွက် ဘတ်ဂျက်ဘဏ္ဍာငွေများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲလျက်ရှိရာ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကလေး၀-ကျီကုန်း-တမူးလမ်းပေါ်ရှိ တံတားအချို့နှင့် ချဉ်းကပ်လမ်းများ ရေတွင်မျောပါ

**တမူး အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း တမူးခရိုင်အတွင်း နေရာကွက်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ခမ်းပတ်မြို့ ကလေး၀-ကျီကုန်း-တမူးလမ်း မိုင်တိုင်အမှတ်(၆၀/၁-၆၀/၂) အကြား တံတားအမှတ်(၁/၆၁) ကမ္မကြီး ယာယီရေနိမ့်တံတား ပေ ၁၀၀ နှင့် ယာယီ ချဉ်းကပ်လမ်းပေ ၈၀ ခန့် ရေတိုက်စားမှုကြောင့် ချောင်းရေတွင် မျောပါသွားခဲ့ကြောင်း သိရသည်။

ထို့အပြင် ကလေး၀-ကျီကုန်း-တမူးလမ်း မိုင်တိုင်အမှတ်(၇၁/၃-၅၃/၄) ကြား တံတားအမှတ်(၃/၇၁) တွီဗန်ယာယီ ရေနိမ့်တံတားပေ ၁၆၀ မှာ ချောင်းရေတိုက်စားမှုကြောင့် အောက်ခြေ ရေလယ်တိုင်တစ်တိုင် ကျောက်ခြင်းများပျက်စီး၍ တံတားအောက်သို့ နိမ့်ကျသွားပြီး ယာယီချဉ်းကပ်လမ်း ပေ ၅၀ ခန့် မျောပါပျက်စီးသဖြင့် ယာဉ်များဖြတ်သန်းခွင့်မရတော့ကြောင်း သိရသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂**

ယနေ့

## မာတိကာ


မှတ်သုံးအထွက် သတိပြုလျက် — စာမျက်နှာ - ၂

၂၀၁၅ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု တူနီးရှားအမျိုးသားဒီမိုကရေစီ စွမ်းဆောင်ရှင်အဖွဲ့အားချီးမြှင့် — စာမျက်နှာ - ၄







themirror.npt@gmail.com
www.facebook.com/themirrordaily